အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၂၂ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၂၄)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော် အပ်ပါသည်။

သာသနာရေးဝန်ကြီးဌာနသို့ တိပိဋက–ပါဠိမြန်မာအဘိဓာန်ကျမ်း လှူဒါန်းပွဲကျင်းပ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း တက်ရောက်ဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၁

သာသနာရေးဝန်ကြီးဌာနသို့ တိပိဋက–ပါဠိမြန်မာ အဘိဓာန်ကျမ်း လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာနာယကကျောင်းဆောင်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း တက်ရောက်၍ တိပိဋက–ပါဠိမြန်မာ အဘိဓာန်ကျမ်း အတွဲ(၁)ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် ဆရာတော်များအား ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၉ ကော်လံ ၃ ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်း သာသနာရေးဝန်ကြီးဌာနသို့ တိပိဋက–ပါဠိမြန်မာ အဘိဓာန်ကျမ်း လှူဒါန်းပွဲသို့ တက်ရောက်ကြည်ညိုပြီး တိပိဋက–ပါဠိ မြန်မာအဘိဓာန် အတွဲ(၁)ကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း ခေါင်းကြီး သတင်း ဆောင်းပါး အညွှန်း

❐ တည်ဆောက်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ရာတွင် နိုင်ငံတော်အပိုင်းက စည်းကမ်းစနစ်ကျနစွာဖြင့် လုပ်ကိုင်နေပြီး အလေအလွင့်နည်းပါးအောင် ခြိုးခြံချွေတာရေးလုပ်ငန်းများ အထူးအလေးထား ဆောင်ရွက်နေချိန်တွင် ခြိုးခြံချွေတာရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် လိုက်နာကျင့်သုံးကြ။

စက်သုံးဆီနှင့် လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး ခေါင်းကြီး (စာ-၂)

❐ ယခုရွှေရင်အေးမျိုးသစ် တစ်ဧက တင်းတစ်ရာ့ငါးဆယ်အထက် ထွက်ရှိလာသော အနေအထားအရ တစ်ကေပိုင် တောင်သူသည် သုံးကေပိုင်တောင်သူအဖြစ် အလိုအလျောက် မြင့်တက်လာရကား တောင်သူများအဖို့ ရွှေရင်အေး စပါးကြောင့် ရွှေဘဝင်အေးသွားမည့်အခြေအနေ မလွဲမသွေရရှိလာနေလေပြီ။

ရတနာစည်ဆရာတော်(လှိုင်လင်)၏ “**ရွှေဘဝင်အေးသွားမယ့် ရွှေရင်အေးစပါး(၂)**” ဆောင်းပါး (စာ-၃)

❐ ဩဂုတ် ၂၀ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်၉၄၉ဦးရှိပြီ။ နိုင်ငံတကာ (စာ-၄)

❐ ဆေးလိပ်သောက်ခြင်း၊ အရက်များများသောက်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ စိတ်သောကဖိစီးခြင်း စတဲ့ လောင်စာတွေကို မီးဖိုလေးထဲ ထည့်ပေးလိုက်ရင် မီးပွားက မီးတောက်ဖြစ်လာပြီး ခေါင်အထိ တက်လောင်တတ်ပါတယ်။ မီးလောင်ရာလေပင့်၊ အမှိုက်ကစ ပြာသာဒ်မီးလောင် သဘောမျိုးပေါ့။ မဖြစ်စလောက် လောင်ကျွမ်းခြင်းကနေ ရောဂါဆိုတဲ့အဆင့်ထိ ရောက်သွားတတ်တဲ့သဘောပါ။

ဒေါက်တာလွင်ကို၏ “**အသက်ရှည်စွာ အနာမဲ့ရေး(၃)**” ဆောင်းပါး (စာ-၁၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

22-8 (01).p65 1 03/24/1905, 6:32 PM

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)

စက်သုံးဆီနှင့် လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပိုမိုအထောက်အကူပြု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဖြန့်ကြက်တည်ဆောက် ပေးလျက်ရှိသည်။ ထိုသို့အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိရာတွင် နိုင်ငံတော် ဘဏ္ဍာငွေ မြောက်မြားစွာ ကျခံသုံးစွဲပြီး စီမံဆောင်ရွက်လျက်ရှိသည်။

တည်ဆောက်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ရာတွင် နိုင်ငံတော်အပိုင်းက စည်းကမ်းစနစ်ကျနစွာဖြင့် လုပ်ကိုင်နေပြီး အလေအလွင့်နည်းပါးအောင် ခြိုးခြံချွေတာရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက် နေချိန်တွင် ခြိုးခြံချွေတာရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် လိုက်နာကျင့်သုံးကြရန် လိုအပ်ပေသည်။

မျက်မှောက်ကာလ နိုင်ငံတော်ကြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ခြိုးခြံချွေတာရေးနှင့် ဆိုင်သည့် ကောင်းမွန်သော အလေ့အထများ၊ အလေ့အကျင့်ကောင်းများကို နိုင်ငံသားတိုင်း လိုက်နာကျင့်သုံးကြရန် အထူးလိုအပ်ပေသည်။

စက်သုံးဆီခြိုးခြံချွေတာရေးတွင် နိုင်ငံတော်အပိုင်းက ၂၀၀၂ခုနှစ် စက်တင်ဘာ ၂၉ ရက်မှစတင်ပြီး နိုင်ငံပိုင်အဖွဲ့အစည်းများ၏ အုပ်ချုပ်မှုသုံး မော်တော်ယာဉ်များကို တစ်လလျှင် ဒုတိယပတ်နှင့် လ၏ နောက်ဆုံး တနင်္ဂနွေနေ့များတွင် မော်တော်ယာဉ်မသုံးစွဲရနေ့အဖြစ် သတ်မှတ်ကာ (မဖြစ်မနေသွားလာရန် လိုအပ်သည့် လုပ်ငန်းများမှအပ) ယာဉ်ရပ်နားစေသည့်အတွက် တစ်လလျှင် ဓာတ်ဆီဂါလန် ၁၆၀၀၀နှင့် ဒီဇယ်ဆီဂါလန် ၇၀၀၀ ခန့် ချွေတာနိုင်ကြောင်း သိရသည်။

အလားတူပင် မြန်မာတစ်နိုင်ငံလုံးတွင် မှတ်ပုံတင်ထားခဲ့သည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်စီးရေ ငါးသိန်းနီးပါးရှိသည့် အခြေအနေတွင် ယာဉ်တစ်စီးလျှင် တစ်လစက်သုံးဆီ တစ်ဂါလန် ခြိုးခြံချွေတာမည်ဆိုပါက နိုင်ငံခြားငွေ ခြောက်သန်းခန့် သက်သာလာနိုင်ကြောင်း သိရသည်။

ယင်းသို့ တစ်ဦးချင်း၊ တစ်ယောက်ချင်း ခြိုးခြံချွေတာခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးအဖြစ် ဧရာဝတီမြစ်ကူးတံတားကြီးတစ်စင်း တိုးမြှင့်တည်ဆောက်နိုင်မည် ဖြစ်ပေသည်။

လျှပ်စစ်ဓာတ်အား သုံးစွဲမှုအပိုင်းတွင်လည်း ဌာနဆိုင်ရာများနှင့် ပြည်သူများအပိုင်း၌ နိုင်ငံတော်က ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို စည်းကမ်းစနစ်ကျနစွာဖြင့် ခြိုးခြံချွေတာ သုံးစွဲကြရန်ဖြစ်သည်။ ရုံး၊ ဌာန၊ လုပ်ငန်းတိုင်းရှိ ဝန်ထမ်းများအားလုံးသည် လျှပ်စစ်ဓာတ်အား လေလွင့်ပြုန်းတီးမှုမရှိစေရန် ထိန်းသိမ်းသုံးစွဲခြင်းဖြင့် မိမိနှင့်အများအတွက်ပါ အကျိုးရှိစေနိုင်ပေသည်။

သက်ဆိုင်ရာ ရုံး၊ ဌာနများတွင် သဘာဝအလင်းရောင် လုံလောက်စွာရရှိပါက သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲသင့်သည်။ သဘာဝအလင်းရောင် လုံလောက်မှုမရှိမှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲသင့်သည်။ အထူးသဖြင့် ရုံးချိန်ပြင်ပနှင့် ရုံးချိန်အတွင်း လျှပ်စစ်မီး၊ ပန်ကာနှင့် လေအေးစက်များကို မလိုအပ်ဘဲဖွင့်ထားခြင်း၊ သုံးစွဲသင့်သည့် ဓာတ်အားပမာဏထက် ကျော်လွန်သုံးစွဲခြင်းများ မဖြစ်ပေါ်စေရန် သတိပြုကြရမည်ဖြစ်သည်။

ယခုအခါ ရန်ကုန်မြို့တော်တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူ အိမ်ထောင်စု ငါးသန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်း လေးပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲလျှင် မဂ္ဂါဝပ် ၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှကြောင်း သိရှိရသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်း၏ ခြိုးခြံချွေတာမှုကြောင့် ပိုလျှံလာသည့် လျှပ်စစ်ဓာတ်အားများကို လျှပ်စစ်ဓာတ်အားလိုအပ်နေသော အခြားဒေသများ၊ စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများသို့ ပိုမိုဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ပိုမိုဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဝန်ထမ်းများနှင့် ပြည်သူများအပိုင်းက ခြိုးခြံချွေတာရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သိမြင်ခံယူပြီး စက်သုံးဆီနှင့် လျှပ်စစ်ဓာတ်အားများ ခြိုးခြံချွေတာသုံးစွဲကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၂-၈-၂၀၀၄
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"၆၂ ပါးသော မိစ္ဆာဒိဋ္ဌိများ"**

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၄း၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Transformation of Variable (စီးပွားရေး)
- ၅း၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၈။ နိုင်ငံတကာသတင်း
- ၆း၂၀ ၉။ မိုးလေဝသသတင်း
- ၆း၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၁။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၂။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"**(အပိုင်း-၂၈)
- ၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၆။ လျှပ်တစ်ပြက်
- ၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၉။ English Premier League ဘောလုံးပွဲ Arsenal Vs Middlesbrough

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဆိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို **တည်ဆောက်မည်။**

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် **ဆောင်ရွက်မည်။**

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဥပဒေရုံးများစစ်ဆေး လုပ်ငန်းများ အဂတိတရားကင်းရှင်းစွာဆောင်ရွက်ရေး မှာကြား

ရန်ကုန် ဩဂုတ် ၂၁

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမြည်မိမ်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၉ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ ဒေါပုံမြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မင်္ဂလာဒုံမြို့နယ်များသို့ သွားရောက်၍ ခရိုင်နှင့်မြို့နယ် ဥပဒေအရာရှိများအား တွေ့ဆုံပြီး ဥပဒေရေးရာကိစ္စရပ်များ၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ဥပဒေရုံးများရှိ ဥပဒေအရာရှိများအနေဖြင့် လုပ်ငန်းများကို အဂတိတရား ကင်းရှင်းစွာဖြင့် တိကျမှန်ကန်စွာ ဆောင်ရွက်ကြရေး၊ ရှေ့နေချုပ်ဥပဒေ၊ နည်းဥပဒေများအတိုင်း အမှုများကို တိကျစွာ လိုက်ပါဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး ဥပဒေရုံးများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၄-၂၀၀၅ ပညာသင်နှစ် အထက(၁) သာကေတ ကျောင်းကောင်စီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ ရက်က ကျောင်းဝင်း အားကစားကွင်း၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမျိုးဝင်း အဖွင့်အမှာစကား ပြောကြားစဉ်။ (က-ပ)

ရွှေဘဝင်အေးသွားမယ့် ရွှေရင်အေးစပါး(၂)

ရတနာစည်ဆရာတော်
(လှိုင်လင်)

(က)

လယ်ယာကဏ္ဍသည် နိုင်ငံတိုင်းအတွက် အရေးပါနေသဖြင့် ရှေးခေတ်ကတည်းကပင် ရှင်ဘုရင်များကိုယ်တိုင် တလေးတစား အရေးထားခဲ့ကြ၏။ လယ်ထွန်မင်္ဂလာဟူသည် ရှင်ဘုရင်ကိုယ်တိုင်က လယ်ယာတောင်သူများကို ဂုဏ်ပြုအားပေးသော နန်းတွင်းထုံးတစ်ခုဖြစ်ခဲ့၏။

မြတ်ဗုဒ္ဓ၏ဘဝခရီးတစ်လျှောက် လယ်ယာကဏ္ဍနှင့်ဆက်စပ်နေပုံ စေ့စေ့စုံစုံလေ့လာနိုင်လျှင် အနည်းဆုံးကျမ်းငယ်တစ်စောင်ဖြစ်လာနိုင်၏။ မြတ်ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထမင်းသားလေးဖွားမြင်ပြီး တစ်လအကြာ နယုန်လထဲ၌ ခမည်းတော်သုဒ္ဓေါ်ဒနဘုရင် လယ်ထွန်မင်္ဂလာဆင်ယင်စဉ် အနီးရှိ ဇမ္ဗုသပြေပင်ရင်းဝယ် ခင်းကျင်းစီမံ ကာရံထားအပ်သောနေရာတွင် သိဒ္ဓတ္ထမင်းသားကို အထိန်းတော်တို့နှင့်ထားခိုက် အထိန်းတော်တို့က ဘုရင်မင်းမြတ်လယ်ထွန်မင်္ဂလာပြုပုံကို သွားရောက်ကြည့်ရှုနေတုန်းမှာ သိဒ္ဓတ္ထမင်းသားငယ်သည် အတိတ်ကံပါရမီအဟုန်ဖြင့် ပထမဈာန်ဝင်စားနေလေရာ ဈာန်တန်ခိုးအာနုဘော်ကြောင့် နံနက်မှ မွန်းတိမ်းသွားသည့်တိုင်အောင် သပြေပင်၏အရိပ်သည် ပြောင်းရွှေ့မသွားဘဲ ထီးဝန်းအုပ်မိုးသကဲ့သို့ဖြစ်တည်နေရကား အထိန်းတော်တို့အဖို့ တအံ့တသြဖြစ်ကာ ခမည်းတော်မင်းမြတ်ထံလျှောက်ကြားသော် ခမည်းတော်ကိုယ်တိုင်လာရောက်ကြည့်ရှုသောအခါ သားတော်၏အခြင်းအရာကိုမြင်ရလျှင် ကြည်ရွှင်ညွတ်တုပ်လက်အုပ်ချီမိုး ရှိခိုးမိသည်အထိ ပီတိမိုးဖြိုင်ဖြိုင်သွန်းခဲ့ဖူး၏။

သိဒ္ဓတ္ထမင်းသား ဘုရားအဖြစ်ရောက်တော်မူပြီး ကာလများတစ်လျှောက်မှာလည်း မြတ်ဗုဒ္ဓသည် လယ်ယာကဏ္ဍကို အထူးအလေးထားတော်မူခဲ့သည်သာဖြစ်၏။ လယ်ကွင်းထဲဖြတ်ပြီး ရဟန်းများဒေသစာရီကြွကြသဖြင့် စပါးသီးနှံများပျက်စီးမည့်အရေးကြောင့် စပါးစိုက်ရာသီဖြစ်သော မိုးတွင်းကာလဝယ် ခရီးမထွက်ကြဘဲ ကျောင်းတွင်းအောင်း ဝါဆိုနေကြရန် ပညတ်တော်မူ၏။ ဝါတွင်းကာလ အကြောင်းမဲ့ခရီးထွက်လျှင် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

ရဟန်းများဝတ်ရုံသော သင်္ကန်းကို မဂဓတိုင်း လယ်ကွက်များပုံစံအတိုင်း ချုပ်ဝတ်စေတော်မူ၏။ သံဃာ့ဂုဏ်ကိုးပါးတွင် “အနုတ္တရော ပုညခေတ္တံ လောကဿ = ကုသိုလ်မျိုးတို့ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော ရဟန်း” ဟု ဂုဏ်တစ်ပါးအဖြစ် ထည့်သွင်းသတ်မှတ်ပေးတော်မူ၏။ “ပုညခေတ္တ = ကောင်းမှုလယ်ယာ”ဟူသော ဝေါဟာရသစ်ကို တီထွင်ဟောထားတော်မူ၏။

ထိုမှတစ်ပါး မြတ်ဗုဒ္ဓကိုယ်တော်တိုင်က မိမိကိုယ်မိမိ တောင်သူလယ်သမား(ကဿက)ဟု ဝန်ခံဟောကြားထားသည့် သုတ္တနိပါတ်ပါဠိတော်လာ ကသိဘာရဒွါဇ သုတ္တန်ကို ဤ၌ အနှစ်ချုပ်ထုတ်ပြအပ်ပါ၏။

မြတ်ဗုဒ္ဓသည် ဒက္ခိဏာဂိရိ ဇနပုဒ်ဝယ် ထွန်ယက်စိုက်ပျိုးသူတို့နေထိုင်ရာ ဧကနာဠရွာ၌ သီတင်းသုံးတော်မူစဉ် သူရင်းငှားများစွာတို့ကိုဦးစီးကာ ကိုယ်တိုင်လယ်ယာထွန်ယက်စိုက်ပျိုးသော လယ်သူဌေးဟုဆိုရမည့် ကသိဘာရဒွါဇနှင့် တွေ့ဆုံသောဖြစ်စဉ်ဖြစ်၏။ ထိုနေ့နံနက်က လယ်သူဌေး ကသိဘာရဒွါဇသည် ထွန်တုံးငါးရာကို နွားများ၌တပ်လျက် လယ်စထွန်မည့် အထိမ်းအမှတ်အဖြစ် သူရင်းငှားတို့ကို နံနက်စာကျွေးမွေးနေချိန် မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် ထိုအရပ်သို့ ကြွရောက်တော်မူလာစဉ် ဗုဒ္ဓဘာသာဝင်မဟုတ်သော ကသိဘာရဒွါဇက စတင်၍ “အရှင်ဘုရား…တပည့်တော်ကတော့ လယ်ထွန်၊ စပါးစိုက်ပြီး ကိုယ်ထွန်၊ ကိုယ်စိုက်တာကိုပဲ စားပါတယ်။ အရှင်ဘုရားလည်း ကိုယ်တိုင်လယ်ထွန်၊ စပါးစိုက်ပြီး စားပါဘုရား”ဟု မထောက်မညှာ လျှောက်ထားလေ၏။ ယင်းကို သုံးသပ်ကြည့်လျှင် ကသိဘာရဒွါဇသည် မြတ်ဗုဒ္ဓကို သာမန်အလှူခံစားသော ပုဂ္ဂိုလ်များနှင့် တန်းတူသာ မြင်နေခြင်း၊ အလှူခံပုဂ္ဂိုလ်များအပေါ် ကိုယ်တိုင်ထွန်ယက်စိုက်ပျိုးမစားသူများအဖြစ် အထင်သေးထားခြင်း၊ မြတ်ဗုဒ္ဓအပေါ် ကိုယ်တိုင်စားလိုလျှင် ကိုယ်တိုင်ထွန်ယက်စိုက်ပျိုးဖို့ ဆရာကြီးလုပ်လိုက်ခြင်း၊ မြတ်ဗုဒ္ဓဟူသော အလှူခံပုဂ္ဂိုလ်မြတ်၏ ဂုဏ်ရည်ကို တစ်စွန်းတစ်စမျှပင် မမြင်မသိသေးခြင်း၊ သူ့ကိုယ်သူမူ ကိုယ်တိုင်ထွန်ယက် စိုက်ပျိုးသူအဖြစ် မာန်ထောင်လွှားခြင်းတို့ကို သုံးသပ်တွေ့မြင်ရလေ၏။

ဤအကြောင်းအရာတို့ကို ကောင်းစွာသိမြင်တော်မူပြီးဖြစ်သော မြတ်ဗုဒ္ဓက ကသိဘာရဒွါဇအား ဤသို့အေးချမ်းစွာ ပြန်လည်မိန့်ကြား၏။

“ဒကာကြီး… ဒကာကြီးသာ ကိုယ်တိုင်ထွန်၊ ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်စားသူမဟုတ်ပါ။ မြတ်စွာဘုရားသည်လည်း ကိုယ်တိုင်ထွန်၊ ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်စားသူပဲဖြစ်ပါတယ်”

ယင်းစကားကြောင့် ကသိဘာရဒွါဇသည် အလွန်အံ့သြသွား၏။

နားမလည်ဘဲ မျက်စိလည်သွားသည်အထိ အထူးအံ့သြသွား၏။ ထို့ကြောင့် ထပ်လျှောက်၏။

“အရှင်ဘုရား…အရှင်ဘုရားဟာ မိမိကိုယ်မိမိ လယ်ထွန်ယောကျ်ား လယ်သမားလို့ ဝန်ခံလိုက်တာပေါ့နော် ဘုရား(ကဿကောတိ ပဋိဇာနာသိ)။ ဒါဖြင့် ထပ်မေးပါရစေ၊ ဘယ်မှာလဲ ထွန်တုံး၊ ဘယ်မှာလဲ မျိုးစေ့”

မြတ်ဗုဒ္ဓက ကြည်လင်စွာနှင့် နက်ရှိုင်းစွာ ဤသို့မိန့်ကြားတော်မူ၏။

“ဒကာကြီး…မြတ်စွာဘုရားရဲ့ သဒ္ဓါတရားဟာ မျိုးစေ့ပဲ။ သီလတရားဟာ မိုးရေပဲ။ ပညာတရားဟာ ထမ်းပိုးနဲ့ ထွန်တုံးပဲ။ ဟီရိတရားဟာ ထွန်သန်ပဲ။ စိတ်ဟာ ကြိုးပဲ။ သတိဟာ ထွန်သွားနဲ့ နှင်တံပဲ။ ဝီရိယဟာ ဝန်ဆောင်နွားပဲ။ ဒီနည်းနဲ့ မြတ်စွာဘုရားဟာ လယ်ကိုထွန်ခဲ့ပြီ။ မျိုးကိုစိုက်ခဲ့ပြီ။ဒီလယ်ရဲ့ စပါးနှံကတော့ နိဗ္ဗာန်ဆိုတဲ့ အမြိုက်သီးတွေနဲ့ပေါ့ ဒကာကြီး”

မြတ်ဗုဒ္ဓမိန့်ကြားချက်အဆုံးဝယ် ဉာဏ်ထက်သော လယ်သူဌေးကြီး၏ စိတ်အဝန်းသို့ အလင်းတန်းတစ်ခု ဖြတ်သန်းသွားလေ၏။ သြ…တကယ်တော့ မြတ်ဗုဒ္ဓဟုကျော်ကြားနေသော ဤအလှူခံပုဂ္ဂိုလ်သည် မိမိကဲ့သို့ လယ်သမားကြီးပါတကား။ မိမိတို့က ပကတိမိုးရေဖြင့် ပကတိစပါးမျိုးတွေ စိုက်ပျိုးနေသလို ထိုမြတ်ဗုဒ္ဓသော်မူ သဒ္ဓါ–မျိုးစေ့၊ သီလ–မိုးရေ၊ ပညာ–ထွန်တုံး၊ ဟီရိ–ထွန်သန် (ထွန်တုံးနှင့် ထမ်းပိုးကို ဆက်သွယ်ထားသော သစ်သားချောင်း)၊ စိတ်–ကြိုး၊ သတိ–နှင်တံ၊ ဝီရိယ–နွားတို့ဖြင့် ထွန်ယက်စိုက်ပျိုးသူဖြစ်ခြင်းကြောင့် သာသနာတည်းဟူသော လယ်မြေမှာ နိဗ္ဗာန်တည်းဟူသော သီးနှံတွေ သန်သန်သီးသဖြင့် အမြိုက်သီး၊ အမြိုက်ဘောဇဉ်ကို ဘုဉ်းပေးနိုင်သည့် ပုဂ္ဂိုလ်မြတ်ပါပေတကား။

အကျဉ်းချုပ်ရလျှင် ဤတွင် ကသိဘာရဒွါဇသည် မြတ်ဗုဒ္ဓ၏ ခြေတော်တို့ကို ဦးတိုက်ကာ နှစ်ခြိုက်မြတ်နိုးစွာ ဤသို့လျှောက်တင်လေ၏။ ပိဋကတ်တော်မြန်မာပြန်ကိုမှီးကာ ရေးပါမည်။

“အရှင်ဂေါတမ…အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊ အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊ မှောက်ထားသည်ကို လှန်ဘိသကဲ့သို့လည်းကောင်း၊ ဖုံးထားသည်ကို ဖွင့်ဘိသကဲ့သို့လည်းကောင်း၊ မျက်စိလည်သူကို လမ်းမှန်ပြဘိသကဲ့သို့လည်းကောင်း၊ ‘မျက်စိရှိသူမြင်လိမ့်မည်’ ဟု အမှောင်၌ ဆီမီးတန်ဆောင်ကို ညှိထွန်းပြဘိသကဲ့သို့ လည်းကောင်း ဤအတူသာလျှင် အရှင်မြတ်သည် များစွာသောအကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အရှင်ဂေါတမ၊ တပည့်တော်သည် အရှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တပည့်တော်သည် အရှင်ဂေါတမအထံ၌ ရဟန်းအဖြစ်ကို ရလိုပါ၏ဘုရား”

သို့ဖြင့် ကသိဘာရဒွါဇသည် ပကတိတောင်သူဘဝမှ သာသနာ့တောင်သူဘဝသို့ တက်လှမ်းကာ ရဟန်းဘဝဝယ် နိဗ္ဗာန်စပါး၏ ချိုမြိန်သော အမြိုက်ဆွမ်းကို ဘုဉ်းပေးနိုင်သည့် ရဟန္တာအရှင်မြတ်အဖြစ်သို့ ရောက်လေ၏။

(ခ)

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် တောင်သူလယ်သမားများအတွက် အကျိုးရှိသကဲ့သို့ ပြည်သူများအတွက်လည်း အကျိုးရှိသဖြင့် အတ္တ၊ပရ အကျိုးမျှတသည့် လုပ်ငန်းဖြစ်ကြောင်း။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
၄/၆–၃–၉၄ ရောဝတီခရီးစဉ်
လမ်းညွှန်မှာကြားချက်

သီးနှံတစ်မျိုးစီအလိုက် မျိုးကောင်း မျိုးသန့်များပေါ်ထွက်လာစေရန် ထိထိရောက်ရောက် သုတေသနပြုဖို့လိုအပ်ကြောင်း။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
၈/၁၅–၁၀–၉၄ ရှမ်းပြည်နယ်နှင့်
အထက်မြန်မာပြည်ခရီးစဉ် လမ်းညွှန်မှာကြားချက်

> ယခုရွှေရင်အေးစပါးမျိုးသစ်မှာ စိုက်စနစ်မှန်ကန်စွာစိုက်၍ သွင်းအားစု (ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာပေါင်းစပ်သုံးစွဲမှု)မှန်ကန်အောင် လုံ့လစိုက်ရုံမျှဖြင့် တစ်ဧက တင်းတစ်ရာ့ငါးဆယ်မှချထွက်ရှိသောကြောင့် ယခင်ဒေသမျိုး တစ်ဧကတင်းငါးဆယ်မျှ ထွက်ရှိရာမှ ယခုရွှေရင်အေးမျိုးသစ် တစ်ဧက တင်းတစ်ရာ့ငါးဆယ်အထက်ထွက်ရှိလာသော အနေအထားအရ တစ်ဧကပေါ်တောင်သူသည် သုံးဧကပေါ်တောင်သူအဖြစ် အလိုအလျောက် မြင့်တက်လာရကား တောင်သူများအဖို့ ရွှေရင်အေးစပါးကြောင့် ရွှေဘဝင်အေးသွားမည့် အခြေအနေ မလွဲမသွေ ရရှိလာနေလေပြီ။

(ဂ)

ဤအရှင်တို့ ပဝတ္တိသီတင်းသုံးရာ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကိုခံယူလျက် ဒေသဝမ်းစာဖူလုံရေးအတွက် စိတ်စိုက်စူးနှစ် မဖြစ်မနေ ရှာဖွေစူးစမ်း ကြိုးပမ်းအားထုတ်လျက်ရှိကာ ယခု ၂၀၀၄–၂၀၀၅မှာ ရှမ်းပြည်နယ်(တောင်ပိုင်း)တစ်ခွင်လုံး ဧကပေါင်းခြောက်သိန်းကျော် စပါးစိုက်ပျိုးနိုင်ရေး အားပေးပံ့ပိုးလျက်ရှိနေ၏။

ယင်းမှ SR- ၄၅၆ သက်လတ်မျိုးကောင်း မျိုးသစ်တစ်မျိုးကို စမ်းသပ်စိုက်ပျိုးပြီး ဆက်လက်မျိုးပွားကာ ရွှေရင်အေးစပါးဟူသောအမည်သစ်ဖြင့် နွေစပါးစိုက်ပျိုးလျက် ရိတ်သိမ်းခြွေလှေ့ခြင်းတွယ်ပွဲများ အနယ်နယ်၌ကျင်းပပေးခဲ့ရာ အနည်းဆုံးတစ်ဧက တင်းတစ်ရာ့ငါးဆယ်အထက် ထွက်ရှိကြောင်း ဒေသခံတောင်သူများကိုယ်တိုင် မျက်တွေ့ လက်တွေ့ မြင်တွေ့သိရှိနေကြလေပြီ။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် လယ်ယာ/ဆည်မြောင်းဝန်ကြီးဌာန၏ကူညီမှုကိုရယူလျက် စိုက်ပျိုးရေးလုပ်ငန်းမှ သုတေသနပညာရှင်များ၊ အတတ်ပညာရှင်များ၊ ဝန်ထမ်းများ၏အင်အားကိုရယူကာ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ လူဦးရေသိန်း၂၀ခန့်၏ ဝမ်းစာဖူလုံရေးအတွက် ထက်မြက်စွာနှင့် သွက်လက်စွာ ဦးဆောင်မှုပေးလျက်ရှိနေသည်တွင် ယခုရွှေရင်အေးစပါးမျိုးသစ်၏ အထွက်ကောင်းခြင်းနှင့် စားကောင်းခြင်းသတင်းရနံ့တို့သည် သင်းပျံ့လှိုင်ကြိုလှုပ်ခတ်လျက်ရှိ၏။

ယခုရွှေရင်အေးစပါးမျိုးသစ်မှာ စိုက်စနစ်မှန်ကန်စွာစိုက်၍ သွင်းအားစု (ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာပေါင်းစပ်သုံးစွဲမှု)မှန်ကန်အောင် လုံ့လစိုက်ရုံမျှဖြင့် တစ်ဧကတင်းတစ်ရာ့ငါးဆယ်မှချထွက်ရှိသောကြောင့် ယခင်ဒေသမျိုး တစ်ဧကတင်းငါးဆယ်မျှထွက်ရှိရာမှ ယခုရွှေရင်အေးမျိုးသစ် တစ်ဧက တင်းတစ်ရာ့ငါးဆယ်အထက်ထွက်ရှိလာသောအနေအထားအရ တစ်ဧကပိုင်တောင်သူသည် သုံးဧကပိုင်တောင်သူအဖြစ် အလိုအလျောက်မြင့်တက်လာရကား တောင်သူများအဖို့ ရွှေရင်အေးစပါးကြောင့် ရွှေဘဝင်အေးသွားမည့်အခြေအနေ မလွဲမသွေရရှိလာနေလေပြီ။

ကုန်လွန်ခဲ့ပြီးသော မိုးရာသီတွင် ရွှေရင်အေးစပါးမျိုးသစ်ကို စမ်းသပ်စိုက်ပျိုးခဲ့ခြင်းနှင့် တစ်ဆက်တည်း နွေရာသီတွင်ဆက်လက်စိုက်ပျိုးခဲ့ခြင်းတို့၏ရလဒ်ကို သက်ဆိုင်ရာတာဝန်ရှိသူတို့သာမက ဒေသခံတောင်သူများအားလုံးပါ မျက်ဝါးထင်ထင် တွေ့မြင်နိုင်စေဖို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးကိုယ်တိုင် ဦးဆောင်လျက် ရိတ်သိမ်းခြွေလှေ့လက်တွေ့ခြင်းတွယ်ပွဲများ ကျင်းပပေးခဲ့သည်တွင် ညောင်ရွှေမြို့နယ် အင်းလေးဒေသ သလဲဦးကျေးရွာအုပ်စု ဧက၅၀စံပြစိုက်ကွင်း၌ ဇွန်၂၇ရက်တွင် ကျင်းပခဲ့သော နွေစပါး ရွှေရင်အေးမျိုးရိတ်သိမ်းပွဲမှာ နိဂုံးပွဲဖြစ်လေ၏။

ယင်းရိတ်သိမ်းပွဲသို့ ဖိတ်သော်ရှိ၊ မဖိတ်သော်ရှိ ကြားသိရုံမျှဖြင့် လာရောက်ကြည့်ရှုကြသူ ဒေသခံတောင်သူများ ကြက်ပျံမကျရှိဘိ၏။ ဤအချက်က ရွှေရင်အေးစပါးသည် တောင်သူများကို ညှို့အားပြင်းပြင်းဖြင့် တင်းတင်းရင်းရင်းဆွဲငင်နိုင်ကြောင်း သက်သေဖြစ်နေလေပြီ။ တိုင်းမှူးနှင့် လယ်ယာ/ဆည်မြောင်း ဒုတိယဝန်ကြီးတို့ ကိုယ်တိုင်ပင် စံကွက်အရောက် လူအုပ်ကြားမှ ဖြတ်သန်းရောက်ရှိလာရ၏။ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်နှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများ၊ တောင်ကြီးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်၊ လှိုင်လင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်နှင့် ခရိုင်အဆင့်တာဝန်ရှိသူများ၊ ညောင်ရွှေ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် မြို့နယ်ဥက္ကဋ္ဌများ၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတောင်သူများနှင့် စိတ်ဝင်စားကြသူ ပြည်သူများတက်ကြွစွာ တက်ရောက်ကြသဖြင့် ခြေရာချင်းထပ် လူချင်းကပ်လျက် ကွက်လပ်မရှိ ပြည့်ကျပ်နေတော့ရာ ကောက်ချက်ချကြည့်လျှင် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တောင်သူများအဖို့ ရွှေရင်အေးစပါးကို ရွှေအသွင်ထွေးပွေ့ထားတော့မည့်အနေအထားဟု ထင်ရှား သိသာလေတော့၏။

ရွှေရင်အေး နွေစပါးစံပြကွက် ၅၀ ရိတ်သိမ်းပွဲ အခမ်းအနားကျင်းပမည့် မင်္ဂလာမဏ္ဍပ်၌ တက်ရောက်သူများ လျှံထွက်နေ၏။ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနပြခန်း၊ စိုက်ပျိုးရေးလုပ်ငန်းပြခန်းတို့၌လည်း လေ့လာသူ များ ကြိတ်ကြိတ်တိုးနေ၏။ ယခုပွဲသည် အင်းလေးဒေသရှိ ဒေသခံများ၊ တောင်သူများကိုလေ့လာခြင်းမှ လုပ်ဆောင်ခြင်းသို့ အရောက်တွန်းတင်လျက်ရှိကြောင်း သုံးသပ်နိုင်လေ၏။

နံနက် ၉ နာရီ အခမ်းအနားစတင်သောအခါ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်သန်းနွယ်က ရွှေရင်အေးစပါးနှင့် ပတ်သက်၍ သိသင့်ရာတို့ကို ရှင်းလင်းတင်ပြ၏။ လယ်ယာ/ ဆည်မြောင်းဒုတိယဝန်ကြီးကလည်း လိုအပ်သည်များ ထပ်ဆင့် ရှင်းလင်းတင်ပြ၏။ ရွှေရင်အေးစပါးပင်သည် အမြင့်သုံးပေခွဲခန့်မြင့်ကာ ခိုင်မာမှုရှိ၍ ယိုင်လဲခြင်းကင်းကြောင်း၊ အပင်ပွားနှုန်း ၁၀ပင်ခန့်ရှိသောကြောင့် အပင်မှ ကောက်ရိုးလှိုင်လှိုင် ရနိုင်သဖြင့် ကျွဲစာ၊နွားစာ မပူပင်ရတော့ကြောင်း၊ စပါး တစ်နှံ၌ စပါးသီး ၁၀၀မှ ၁၅၀ အထိ ထွက်ရှိပြီး ဆန်စေ့ရှည်သွယ်ကာ ဆန်ရည်ဆန်သွေး ကြည်လင်ကြောင်း၊ ညှော်မထ အုပ်စုဝင်မျိုးဖြစ်၍ စားကောင်းပြီး အာဟာရဓာတ် ပြည့်ဝကြောင်း၊ အအေးခံစပါးမျိုးဖြစ်၍ ရှမ်းပြည်နယ်ရာသီရေမြေနှင့် အထူးကိုက်ညီကာ တင်း ၁၀၀ကျော် မလွဲမသွေ ထွက်ရှိကြောင်း စသည်ဖြစ်၏။

ထို့နောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက တာဝန်ရှိသူများ နှင့် တောင်သူများအား **“အားတိုးဆေး ၁၀ ခွက်တိုက်ကျွေး၍” “ရဲဆေး ရှစ်ကြိမ် လိမ်းပေး”** လေ၏။

အားတိုးဆေး ၁၀ ခွက်၊ တိုး ၁၀ တိုး

၁။ အထွက်နှုန်းတိုး	၂။ စိုက်ဧကတိုး
၃။ သီးထပ်သီးညှပ်တိုး	၄။ စိုက်နည်းမှန်တိုး
၅။ အထွက်ကောင်းမျိုးသုံးမှုတိုး	၆။ အလေအလွင့်နည်းမှုတိုး
၇။ စက်ယန္တရားသုံးမှုတိုး	၈။ စိုက်ပျိုးရေရမှုတိုး
၉။ သဘာဝမြေသြဇာသုံးမှုတိုး	၁၀။ ဝန်ထမ်းရောပြည်သူပါ

အသိပညာနှင့် လုပ်ဆောင်ချက်တိုး ဟူသော အားတိုးဆေး ၁၀ ခွက် တိုက်ကျွေးပြီး–

စာမျက်နှာ ၉ ကော်လံ ၁ သို့

ဩဂုတ် ၂၀ ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၉၄၉ ဦးရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၁၉

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်ကစတင်ပြီး ဝင်ရောက် ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။

၂၀၀၄ ခုနှစ် ဩဂုတ် ၂၀ ရက် သောကြာနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၄၉ဦးဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။ ယင်းအနက် ၇၀၈ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၄၁ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။ ထို့ပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၄ ဦး၊ အီတလီ ၁၈ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ကိုးဦး၊ ယူကရိန်း ခြောက်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒိုး၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီသေဆုံးခဲ့ကြသည်ဟု ဆိုသည်။

ပြောကြား

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၈၁၁ ဦးဖြစ်ပြီး ယင်းအနက် ၅၉၉ ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၁၂ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားလျက်ရှိရာ အမေရိကန်တပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်နေသော အီရတ်ပြောက်ကျားကို ဩဂုတ် ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ခုခံတိုက်ခိုက်ရေးသမားများနှင့်အမေရိကန်တပ်ဖွဲ့ဝင်များ နာဂျက်ဖ်မြို့တွင် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွား

နာဂျက်ဖ် ဩဂုတ် ၁၉

အီရတ်လက်နက်ကိုင်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ နာဂျက်ဖ်မြို့၌ ဖြစ်ပွားနေသော ပြင်းထန်သည့်တိုက်ပွဲများကြောင့် သေဆုံးသူဦးရေသည် နေ့စဉ်နှင့်အမျှ ပိုမိုများပြားလာလျက်ရှိသည်။

ဒေသတွင်းဆေးရုံတစ်ရုံက ယမန်နေ့တစ်နေ့တည်း ၂၉ဦးသေဆုံးခဲ့ကြောင်း သိရှိရသည်။ ပြီးခဲ့သည့် အင်္ဂါနေ့ကလည်း အီရတ်ခေါင်းဆောင် မော့တာဒါအယ်ဆာဒါက ဒေသတွင်း အမေရိကန်တို့ ဆက်လက်ကျူးကျော်တိုက်ခိုက်နေမှုကြောင့် အီရတ်ငြိမ်းချမ်းရေးအဖွဲ့ကို တွေ့ဆုံရန် ငြင်းဆိုခဲ့ကြောင်း သိရှိရသည်။

ဒေါသထွက်

မျက်နှာစုံညီ အစည်းအဝေး ပျက်ပြားသွားခဲ့သည့်အတွက် အယ်ဆာဒါ၏ မီဒီတပ်ဖွဲ့ဝင်များနှင့် အမေရိကန်တပ်ဖွဲ့များ၏ တိုက်ခိုက်မှုများသည် ပိုမိုပြင်းထန်လျက်ရှိနေသည်။ နာဂျက်ဖ်မြို့တွင်း တိုက်ပွဲများ၊ အထူးသဖြင့် ဝတ်ပြုကျောင်းအနီး တိုက်ပွဲများကြောင့် အီရတ်အများစုက ဒေါသထွက်လျက်ရှိကြသည်။ **(စီစီတီဗွီ)**

ပိုလန်စစ်ယာဉ်တန်း ချုံခိုတိုက်ခိုက်ခံရ တပ်ဖွဲ့ဝင်နှစ်ဦးသေ၊ ငါးဦး ဒဏ်ရာရ

ဝါဆော ဩဂုတ် ၁၉

ပိုလန်တပ်ဖွဲ့ဝင်များသည် ချုံခိုတိုက်ခိုက်ခြင်းမှလွတ်မြောက်ရန် ကြိုးပမ်းစဉ် ယာဉ်မတော်တဆမှုဖြစ်ပြီး တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးကာ ငါးဦး ဒဏ်ရာရခဲ့သည်ဟု ဝါဆောရှိ စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မော်တော်ယာဉ် သုံးစီးပါသော ကင်းလှည့်တပ်ဖွဲ့သည် မောင်းပြန်လက်နက်များဖြင့် အမည်မသိ အီရတ်တို့၏ ချုံခိုတိုက်ခိုက်ခြင်းခံရကြောင်း၊ ကားအရှိန်ကိုမြှင့်ပြီး လွတ်မြောက်အောင်လုပ်ရာတွင် ကားနှစ်စီးမှောက်သွားကာ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း ပိုလန်တပ်ဖွဲ့ ဗိုလ်မှူးကြီး ဇစ်ဆလောနာတိုစကီက ပြောကြားသည်။

တိုက်ခိုက်မှုမှာ ဘဂ္ဂဒက်တောင်ဘက်ရှိ ဟီလာမြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ပိုလန် အခြေစိုက်စခန်းမှ ငါးကီလိုမီတာအကွာ၌ ဖြစ်ကြောင်း သိရသည်။ ဒဏ်ရာရသူ ငါးဦးကို ဘဂ္ဂဒက်ဆေးရုံ၌ တင်ပို့ထားကြောင်း၊ တစ်ဦးတစ်ယောက်မျှ သေနတ်ထိမှန်ခြင်းမရှိကြောင်း ဗိုလ်မှူးကြီး နာကိုစကီက ပြောကြားသည်။

ယခုသေဆုံးသော ပိုလန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့်ဆိုလျှင် အီရတ်၌ သေဆုံးသော ပိုလန်တပ်ဖွဲ့ဝင် ကိုးဦးရှိသွားပြီဖြစ်သည်။ အီရတ်၌ သေဆုံးသော ပိုလန် အရပ်သားလေးဦး ရှိသည်ဟု ဆိုသည်။

မကြာသေးမီရက်များတွင် ပိုလန်တပ်ဖွဲ့များအပေါ် တိုက်ခိုက်မှုများ တိုးလာခဲ့ရာ ဗုဒ္ဓဟူးနေ့၌ အခြေစိုက်စခန်းအား စိန်ပြောင်းဖြင့် တိုက်ခိုက်မှုကြောင့် ခုနစ်ဦး ဒဏ်ရာအနည်းငယ်ရခဲ့ကြသည်။ **(အင်တာနက်)**

တရုတ်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန် နှစ်(၁၀၀)ပြည့်မွေးနေ့ကျင်းပ

ပေကျင်း ဩဂုတ် ၁၉

တရုတ် နိုင်ငံခြားရေးရာဝန်ကြီးဌာနသည် ယခင် တရုတ်နိုင်ငံ၏ ခေါင်းဆောင် တိန့်ရှောင်ဖိန် နှစ်(၁၀၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ပေကျင်းမြို့တွင် ကြာသပတေးနေ့က နီးနှောဖလှယ်ပွဲတစ်ရပ် ကျင်းပခဲ့သည်။

တရုတ်နိုင်ငံသည် ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်ထောက်ခံခဲ့သော ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး အခြေခံမူကြီးငါးချက်ကို ရှေ့သို့ ဆက်လက်တာဝန်ယူ ထမ်းရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံတော်ကောင်စီဝင် တန်ကျားရွှမ်က ပြောကြားသည်။

အင်တာနက်၊ဆင်ဟွာ

ဆန္ဒပြ

အီရန်နိုင်ငံ တီဟီရန်မြို့တွင် အမေရိကန်အလံနှင့် ဗြိတိသျှအလံများအား မီးရှို့ကာ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသူများကို ဩဂုတ် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့နိုင်ငံခြားရေးဝန်ကြီးများ တောင်အာဖရိကနိုင်ငံ ဒါဘင်မြို့တွင် စည်းဝေး

ဒါဘင်(တောင်အာဖရိက) ဩဂုတ် ၂၀

တစ်ဖက်သတ်အယူဝါဒများ တိုးပွားလာချိန်တွင် နိုင်ငံပေါင်း ၁၁၆ နိုင်ငံပါဝင်သော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (နမ်)မှ နိုင်ငံခြားရေးဝန်ကြီးများသည် တောင်အာဖရိကနိုင်ငံ ဒါဘင်မြို့၌ ဆင်းရဲသောနိုင်ငံများနှင့် ချမ်းသာသောနိုင်ငံများအကြား အများလက်ခံသောဝါဒနှင့် တန်းတူညီမျှဖြစ်စေရေး ဝါဒဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို ကြာသပတေးနေ့က ကျင်းပသည်။

နမ်အဖွဲ့၏ (၁၄)ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးကို ပြန်လည်ဆန်းစစ်ခဲ့ရာတွင် ယခင်နှစ်က မလေးရှားနိုင်ငံ၌ နိုင်ငံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ယင်းအစည်းအဝေးကို ကျူးဘား၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးဖွင့်ပွဲနေ့တွင် ဆွေးနွေးမည့်အကြောင်းအရာမှာ ၂၁ ရာစုတွင် နိုင်ငံစုံဝါဒ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများဖြင့် စိန်ခေါ်မည်ဟုဖြစ်ပြီး ထိုအစည်းအဝေးသို့ (၅၈)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံဥက္ကဋ္ဌ ဂျူလီယာဟန်တီထံမှ သဝဏ်လွှာပေးပို့သည်။

လိုအပ်

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေး စိန်ခေါ်မှုများကို နိုင်ငံတကာအဖွဲ့ကြီးနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုသာလျှင် ကမ္ဘာ့အထိတ်တလန့်ဖြစ်မှုများကို ဖြေရှင်းပေးနိုင်လိမ့်မည်ဖြစ်ကြောင်း လွန်ခဲ့သောနှစ်များက နိုင်ငံတကာ အဓိက ကွန်ဖရင့်များမှ သဘောတူညီမှုများဖြင့် ငြိမ်းချမ်းရေးတိုးတက်မှုများ ဖြစ်ပေါ်စေခဲ့ကြောင်း၊ ယင်းကို ဆက်လက်အရှိန်မြှင့်သွားရန် လိုအပ်ကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။

ပါဝင်

ယင်းဆွေးနွေးပွဲတွင် အဓိက ဆွေးနွေးမည့်အကြောင်းအရာများမှာ ပြီးခဲ့သော ပဋိပက္ခများ ငြိမ်းချမ်းရေးကြိုးပမ်းမှု၊ အကြမ်းဖက်မှုများ၊ အငြင်းအခုံ ငြိမ်းချမ်းရေးဖြေရှင်းမှု၊ တောင်နှင့် မြောက်ဟုခေါ်ဆိုသည့် ချမ်းသာသောနိုင်ငံများနှင့် ဆင်းရဲသောနိုင်ငံများ ဆွေးနွေးမှုများ၊ ချမ်းသာသောနိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ၊ ကြွေးမြီကိစ္စနှင့် စားနပ်ရိက္ခာဖူလုံရေးကိစ္စများ ပါဝင်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အမေရိကန်တို့ နာဂျက်ဖ်မှ မထွက်လျှင် ပင်မရေနံပိုက်လိုင်းကို ဖောက်ခွဲမည် အီရတ် ခုခံတိုက်ခိုက်ရေး အုပ်စုတစ်စုက ခြိမ်းခြောက်

ဒူဘိုင်း ဩဂုတ် ၁၉

မော့တာဒါအယ်လ်ဆာဒါနှင့် အဆက်အသွယ်ရှိသည်ဆိုသော ခုခံတိုက်ခိုက်ရေးအုပ်စုတစ်စုက အီရတ်တောင်ပိုင်းရှိ ရေနံတွင်းတစ်တွင်းကို မိမိတို့ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်းနှင့် နာဂျက်ဖ်မှ အကယ်၍ အမေရိကန်တပ်များ ထွက်ခွာမသွားလျှင် တောင်ပိုင်းရှိ ပင်မရေနံပိုက်လိုင်းအား ဖောက်ခွဲရန် သန္နိဋ္ဌာန်ပြုထားကြောင်း ပြောကြားလိုက်သည်။

အမ်မာရာရှိ ရေနံတွင်းကို မိမိတို့ မီးတင်ရှို့ခဲ့ကြောင်း၊ ယင်းသည် အီရတ်ကြားဖြတ်အစိုးရနှင့် အမေရိကန်နှင့် အပေါင်းပါသိမ်းပိုက်တပ်ဖွဲ့များကို နမူနာသတိပေးချက်ဖြစ်ကြောင်း၊ အကယ်၍ ၄၈ နာရီအတွင်း နာဂျက်ဖ်မှ ၎င်းတို့မထွက်လျှင် တောင်ပိုင်းရှိ ပင်မရေနံပိုက်လိုင်းကို ဖောက်ခွဲပစ်မည်ဖြစ်ကြောင်း အီမန်မီဒီတပ်ဖွဲ့၏ လျှို့ဝှက်လှုပ်ရှားအုပ်စုဟု လက်မှတ်ထိုးပြီး ဩဂုတ်လ ၁၆ ရက်၌ အင်တာနက်မှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

တောင်ပိုင်းရှိ ပင်မရေနံပိုက်လိုင်းအားအများအားဖြင့် ပိတ်ထားရပြီး တင်ပို့မှုကို ဩဂုတ် ၉ ရက်မှစပြီး ပုံမှန်ထက်တစ်ဝက်ထိ လျှော့ချထားရသည်။ အခြားအုပ်စုတစ်စုက ဝက်ဘ်ဆိုက်မှနေ၍ ဗုဒ္ဓဟူးနေ့၌ထုတ်ပြန်သည့် ကြေညာချက်တွင် ဘဂ္ဂဒက်ရှိ ဒိုရာရေနံချက်စက်ရုံသို့ ပေးပို့သည့် ရေနံပိုက်လိုင်းငါးလိုင်းကို ဩဂုတ် ၁၄ ရက်၌ ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း ဖော်ပြထားသည့်ပြင် အမေရိကန်ပြည်ထောင်စုသည် အီရတ်၏ ချမ်းသာကြွယ်ဝမှုများ ခိုးယူနေကြောင်း စွပ်စွဲထားသည်။ **(အင်တာနက်)**

ကန်တပ်ဖွဲ့ဝင်တစ်ဦး ကင်းလှည့်စဉ် သေနတ်ထိမှန်သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၀

ဘဂ္ဂဒက်ဆင်ခြေဖုံးရှိ ဆာဒါစီးတီးအရပ်တွင်ကင်းလှည့်စဉ် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဗုဒ္ဓဟူးနေ့က သေနတ်ထိမှန်သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောသည်။

ဝင်ရောက်

အမေရိကန်တင့်ကားအချို့မှာ နေ့စဉ်တိုက်ပွဲများဖြစ်ပွားလျက်ရှိသော လက်နက်ကိုင် ပြောက်ကျားများ၏ အမာခံနယ်မြေဖြစ်သည့် ဆာဒါစီးတီးအတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

သေဆုံး

သေနတ်ထိမှန် ဒဏ်ရာရခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ကို စစ်ဘက်ဆေးရုံသို့ တင်ပို့ခဲ့ရာ အဆိုပါတပ်ဖွဲ့ဝင်သည် ဆေးရုံ၌သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ပြောသည်။

အမ်အင်အေ၊ဆင်ဟွာ

နာဂျက်ဖ်မြို့တွင်အယ်လ်ဆာဒါအား ထောက်ခံကြောင်း ကြွေးကြော်ဆန္ဒပြနေသူများကို ဩဂုတ် ၁၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အီရတ် ရေနံပိုက်လိုင်းများ ဖောက်ခွဲဖျက်ဆီးခံရမှု ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံခန့် နစ်နာဆုံးရှုံး

ဘဂ္ဂဒက် ဩဂုတ် ၂၀

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းအပါတပ်များ ကျူးကျော်ဝင်ရောက်ခဲ့ချိန်မှစပြီး အီရတ်၏ရေနံတင်ပို့ရေး ပိုက်လိုင်းများ ဖောက်ခွဲဖျက် ဆီးခြင်းခံခဲ့ရရာ ထိုသို့ဖောက်ခွဲဖျက်ဆီးခြင်း ခံရမှုကြောင့် အမေရိကန်ဒေါ်လာ ၂ဒသမ၇ဘီလီယံ အီရတ်နိုင်ငံနစ်နာဆုံးရှုံးခဲ့ရကြောင်း ရေနံဝန်ကြီး သာမီယာအယ်လ်ဂါ့ဒ်ဘန်က ကြာသပတေးနေ့၌ ပြောကြားလိုက်သည်။

အီရတ် ခုခံတိုက်ခိုက်ရေးသမားများသည် အီရတ်အလယ်ပိုင်း၌ရှိသော ရေနံလုပ်ငန်းကို ကြာသပတေးနေ့က တိုက်ခိုက်ခဲ့ပြီး ဘာဆာရာရှိ ဆောက်သ်ရေနံကုမ္ပဏီ ရုံးချုပ်ကို မီးတင်ရှို့ခဲ့ကြသည်။

လျော့ကျ

အီရတ်တောင်ပိုင်း၌ ခုခံတိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုများ မြင့်တက်လာမှုကြောင့် အီရတ်အစိုးရသည် တောင်ပိုင်းရှိ ပင်မရေနံပိုက်လိုင်းကို ပိတ်ထားရသည်မှာ ကြာသပတေးနေ့၌ ၁၀ ရက်မျှ ရှိသွားပြီဖြစ်သည်။ ရေနံတင်ပို့မှုသည် တစ်နေ့လျှင် ရေနံစည် တစ်သန်းထိ ထက်ဝက်လျော့ကျခဲ့ရသည်။

စည်တစ်သန်းသာရှိ

အီရတ်တောင်ပိုင်းရှိ ရေနံလုပ်ငန်းရုံးချုပ် အတိုက်ခံရပြီးနောက် ရေနံတင်ပို့မှုသည် တစ်နေ့လျှင် ရေနံစည် တစ်သန်းသာ ရှိနေဆဲဖြစ်သည်ဟု ရေနံအရာရှိ တစ်ဦးက ပြောကြားသည်။

ပြန်မလုပ်နိုင်

အီရတ်နိုင်ငံတောင်ပိုင်း၌ ပိုများလာနေသော ခုခံတိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုများ မလျော့သမျှ အီရတ်နိုင်ငံသည် ရေနံထုတ်လုပ်မှုကို ပြည့်ပြည့်ဝဝ ပြန်လုပ်ကိုင်နိုင်မည်မဟုတ်ကြောင်း ရေနံဝန်ကြီးက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

တိုက်ခိုက်ရန်ကြိုးစား

ဘာဆာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ရန် ကြိုးစားနေသော အီရတ် ပြောက်ကျားများအား ဩဂုတ် ၁၆ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အဘူဂါရိုပ် အကျဉ်းစခန်း၌ အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှု အမေရိကန်စစ်ဘက်ဆရာဝန်များ ပူးပေါင်းပါဝင်ခဲ့ဟုဆို

လန်ဒန် ဩဂုတ် ၂၀

ဘဂ္ဂဒက်မြို့ပြင်ရှိ အဘူဂါရိုပ်အကျဉ်းစခန်း၌ အကျဉ်းသားများအား မတရားနှိပ်စက်ညှဉ်းပန်းမှုတွင် အမေရိကန်စစ်ဘက်ဆိုင်ရာ ဆရာဝန်များသည်လည်း စစ်ဆေးမေးမြန်းသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ဗြိတိသျှဆေးဘက်ဆိုင်ရာ ဂျာနယ်ဖြစ်သော လန်ဆက်က သောကြာနေ့၌ ဆောင်းပါးရေးသားဖော်ပြလိုက်သည်။

ညှဉ်းပန်းနှိပ်စက်မှုကြောင့် သေဆုံးရသူများနှင့် ထိုးကြိတ်ရိုက်နှက်သည့် အထောက်အထားများကို ဖုံးကွယ်ရန်အတွက် ဆရာဝန်အချို့သည် သေဆုံးကြောင်း ထောက်ခံစာ အတုများကို ထုတ်ပေးခဲ့ကြောင်း ယင်းဆောင်းပါးကို ရေးသားသူ ပါမောက္ခ စတီဗင်မိုင်းလ်စက ဖော်ပြခဲ့သည်။

မေးမြန်းသူများ၊ ညှဉ်းပန်းနှိပ်စက်သော အစောင့်များနှင့် ပူးပေါင်းခဲ့ကြသည့်ပြင် ထိုးကြိတ်ရိုက်နှက်မှုကြောင့် ဒဏ်ရာရမှုနှင့် သေဆုံးမှုသတင်းများကို မှန်ကန်စွာ ဖော်ပြခဲ့ခြင်း မရှိကြောင်းလည်း ၎င်းက ရေးသားဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ

ဖော်ပြ

ထိုသို့ အဘူဂါရိုပ်အကျဉ်းစခန်းရှိ အကျဉ်းသားများအား စစ်ဆေးမေးမြန်းရာတွင် အမေရိကန်ဆရာဝန်အချို့သည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကျပ်ကိုင်စစ်ဆေးမေးမြန်း သည့်ပုံစံများကို အကောင်အထည်ဖော်ကာ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းမင်နီဆိုတာတက္ကသိုလ်ပါမောက္ခ စတီဗင်မိုင်းလ်စက ဆောင်းပါး၌ ရေးသားဖော်ပြထားသည်။

ပူးပေါင်းခဲ့

အစိုးရမှတ်တမ်းမှတ်ရာများတွင် အမေရိကန်စစ်ဘက်ဆရာဝန်များသည် အကျဉ်းသားများ၏ လူ့အခွင့်အရေးကို ကာကွယ်ခြင်းမရှိခဲ့ကြောင်း၊ တစ်ခါတစ်ရံစစ်ဆေး

နာဂျက်ဖ်မြို့ရှိ ရဲစခန်း စိန်ပြောင်းဖြင့် ပစ်ခတ်ခံရ ငါးဦးသေဆုံးပြီး ၂၁ဦးဒဏ်ရာရ

နာဂျက်ဖ် ဩဂုတ် ၂၀

နာဂျက်ဖ်မြို့ရှိ ရဲစခန်းအား ကြာသပတေးနေ့၌ စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခံရခြင်းကြောင့် ငါးဦးသေဆုံးပြီး ၂၁ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲဘက်ဆိုင်ရာက ပြောကြားသည်။

ဖြစ်ပွားခဲ့

ရဲစခန်းအား စိန်ပြောင်းဖြင့် သုံးချက်ဆက်၍ ပစ်ခတ်ခဲ့ကြောင်း၊ ယင်းနေရာတွင် အီရတ်ခေါင်းဆောင် အယ်လ်ဆာဒါ၏ ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ရက်သတ္တနှစ်ပတ် တိုက်ပွဲများဖြစ်ပွားခဲ့ရာ နေရာဖြစ်ကြောင်း ရဲတပ်ဖွဲ့က သတင်းထောက်များအား ပြောကြားခဲ့သည်။

ပစ်ခတ်ခံရ

ယင်းသို့ စိန်ပြောင်းဖြင့် တိုက်ခိုက်ခံရမှုကြောင့် ရဲတပ်ဖွဲ့ဝင် အသေအပျောက်မည်မျှရှိသည်ကို မသိရသေးကြောင်း၊ အစောပိုင်းကာလများကလည်း နာဂျက်ဖ်မြို့အား ဒုံးကျည်များဖြင့် အကြိမ်ကြိမ် ပစ်ခတ်ခံရသည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်၌ သေဆုံးခဲ့ရသော ဗြိတိသျှတပ်ဖွဲ့ဝင်၏မိသားစု ဝန်ကြီးချုပ်တိုနီဘလဲအပေါ် အမျက်ဒေါသထွက်

လန်ဒန် ဩဂုတ် ၁၉

အီရတ်၌ သေဆုံးခဲ့သော ဗြိတိသျှတပ်ဖွဲ့ဝင်၏ မိသားစုသည်ဝန်ကြီးချုပ်တိုနီဘလဲ၏ ဒုတိယဝန်ကြီးချုပ်နှင့် တွေ့ဆုံရာတွင် အမျက်ဒေါသထွက်ခဲ့ပြီး သေဆုံးမှုအတွက် ဝန်ကြီးချုပ်တိုနီဘလဲအား ပြစ်တင်ပြောဆိုခဲ့သည်။

ရို့စ်ဂျင်တဲလ်နှင့် သူမ၏ဆယ်ကျော်သက်ရွယ်သမီးတို့သည်ဒေါင်းနင်းလမ်းသို့သွားရောက်ခါဘလဲထံရေးသားထားသည့်စာကို ကြာသပတေးနေ့က ပေးခဲ့သည်။ အဆိုပါစာ၌ အသက်(၁၉) နှစ်အရွယ် ဗြိတိသျှတပ်ဖွဲ့ဝင် ဂေါ်ဒွန်ဂျင်တဲလ်သေဆုံးခြင်းအတွက် ၎င်းတို့၏ ပရိဒေဝသောကမီးတောက်လောင်ရမှုကို ရေးသားဖော်ပြထားသည်။

ဗြိတိသျှတပ်ဖွဲ့ဝင် ဖူဆီလာဂျင်တဲလ်သည် အီရတ်နိုင်ငံတောင်ပိုင်းရှိ ဘာဆာရာမြို့တွင် ဇွန် ၂၈ရက်၌ လမ်းဘေးဗုံးပေါက်ကွဲထိမှန် ခံရမှုကြောင့် သေဆုံးခဲ့ရသည်။

ဖူဆီလာဂျင်တဲလ်၏ မိခင်နှင့် ညီမဖြစ်သူတို့သည် ဘလဲထံစာပေးရန်အတွက်ဒေါင်းနင်းလမ်းသို့ ရောက်လာရာတွင် ဒုတိယဝန်ကြီးချုပ် ဂျွန်ပရီစကော့နှင့် မမျှော်လင့်ဘဲတွေ့ဆုံခဲ့ရပြီး မိနစ်အနည်းငယ်မျှ တွေ့ဆုံဆွေးနွေးခွင့်ရခဲ့သည်ဟုရို့စ်ဂျင်တဲလ်က ကြာသပတေးနေ့၌ ပြောကြားခဲ့သည်။

ဖူဆီလာဂျင်တဲလ်၏ မိခင်ဖြစ်သူရို့စ်ဂျင်တဲလ်သည် အီရတ်မှ ဗြိတိန်တပ်ဖွဲ့ဝင်များအားလုံး ရုပ်သိမ်းရန် တောင်းဆိုခဲ့ပြီး မိမိ၏ ဆယ်ကျော်သက်ရွယ်သားအားအခြေခံသင်တန်းပြီးလျှင်ပြီးချင်း အီရတ်သို့ဗြိတိသျှအစိုးရက စေလွှတ်ခဲ့ကြောင်း စွပ်စွဲခဲ့သည်။

(အင်တာနက်)

ဆန္ဒပြ တောင်းဆို

အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်း မပြုရန် ဆန္ဒပြတောင်းဆိုနေသူများအား အယ်ဆာဗေဒိုနိုင်ငံ မြို့တော် ဆန်ဆာဗေဒိုတွင် ဩဂုတ် ၁၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ် ဖွံ့ဖြိုးရေးရန်ပုံငွေမှ ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံ စာရင်းပျောက်နေကြောင်း အမေရိကန်စာရင်းစစ်အဖွဲ့ပြောကြား

ဝါရှင်တန် ဩဂုတ် ၂၀

ယခင် အမေရိကန်ဦးဆောင်သော အာဏာပိုင်အဖွဲ့က အီရတ်ဝန်ကြီးဌာနများကို ပေးခဲ့သည်ဆိုသော အီရတ်ရန်ပုံငွေများထဲမှ ဒေါ်လာ ၈ဒသမ ၈ ဘီလီယံထက်မနည်း စာရင်းပျောက်နေကြောင်း အမေရိကန်စာရင်းစစ်အဖွဲ့က မကြာသေးမီ၌ ထုတ်ပြန်ခဲ့သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

အီရတ်ဝန်ကြီးဌာနများသို့ ပေးခဲ့သည်ဆိုသော အီရတ်ဖွံ့ဖြိုးရေးရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၈ဒသမ၈ဘီလီယံအား ထိန်းသိမ်းရန် ငွေထိန်း အလုံအလောက်ကို မထားရှိသည့်အတွက် ယာယီပူးပေါင်းအာဏာပိုင်အဖွဲ့ကို စာရင်းစစ်အဖွဲ့က ပြစ်တင်ဝေဖန်ပြောဆိုခဲ့သည်။

အီရတ်ဖွံ့ဖြိုးရေးရန်ပုံငွေအား အီရတ်ရေနံရောင်းရငွေများ၊ နိုင်ငံခြားအစိုးရအဖွဲ့များမှ ပိတ်ပင်ထားသော ဥစ္စာပစ္စည်းများအပြင် ကုလသမဂ္ဂ၏ အစားအစာအတွက် ရေနံရောင်းချရေး အစီအစဉ်မှ ပိုလျှံငွေများဖြင့်ထူထောင်ထားခြင်းဖြစ်သည်။

ထို့ပြင် စာရင်းစစ်အဖွဲ့၏ ရှာဖွေတွေ့ရှိချက်များတွင် ယာယီပူးပေါင်းအာဏာပိုင်အဖွဲ့ထိန်းချုပ်မှုအောက်ရှိ အီရတ်ဝန်ကြီးဌာနများတွင် လုပ်ခလစာစာရင်းများ၌ မရှိတော့သော အလုပ်သမားများ၏ လစာများကိုလည်း ထည့်သွင်းထားမှုများပါဝင်ကြောင်း သိရသည်။

စာရင်းစစ်အဖွဲ့က စစ်ဆေးတွေ့ရှိရသော ဥပမာတစ်ခုမှာ အရေအတွက်အတိအကျမရှိသော်လည်း စီပီအေက အစောင့်၇၄၀၀၀အား လစာငွေပေးထားခြင်းဖြစ်ပြီး အခြားဥပမာတစ်ခုမှာ အစောင့်အရေအတွက် ၆၀၃ ဦးသာရှိသော အစောင့်များအား လစာငွေပေးသည့် စာရင်း၌ ၈၂၀၆ ဦးပြထားခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်နိုင်ငံ၌ ပြန်ပေးဆွဲခံရသော အမေရိကန်နိုင်ငံသား ရှိမည့်နေရာ စုံစမ်းရှာဖွေနေဆဲဖြစ်

ဝါရှင်တန် ဩဂုတ် ၂၀

အီရတ်နိုင်ငံတောင်ပိုင်း နာဆီရီယာ၌ ပြီးခဲ့သော သီတင်းပတ်ကုန်က ပြန်ပေးဆွဲခံခဲ့ရသော အမေရိကန်နိုင်ငံသား မီကာ့ဂါရင်ရှိမည့်နေရာကို ကြိုးစားရှာဖွေနေဆဲဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးရုံးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ရှာဖွေ

မိမိတို့သည် အဆိုပါ အမေရိကန်နိုင်ငံသား၏ မိသားစုနှင့် အဆက်အသွယ်ပြုလုပ်ထားကြောင်း၊ မိမိတို့ သံရုံးက ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ဆက်သွယ်ဆောင်ရွက်နေကြောင်း၊ နာဆီရီယာရှိ မြေပြင်တပ်များက ၎င်းအား ရှာဖွေနေဆဲဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေး ဒုတိယပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

ပျောက်ဆုံး

မိမိတို့သည် တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်နေကြောင်း၊ ၎င်းပြန်ပေးဆွဲခံရသူ အသက်ရှင်နေဆဲရှိမည်ဟု ယုံကြည်ထားကြောင်း အဆိုပါပုဂ္ဂိုလ်က ပြောသည်။ မီကာ့ဂါရင်(၃၆)နှစ်သည် စနေနေ့က နာဆီရီယာဈေး၌ သူ၏ စကားပြန်နှင့် အတူ ပျောက်ဆုံးခဲ့ခြင်း ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

နာဂျက်ဖ်မြို့တွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အဖမ်းခံထားရသော သတင်းထောက်လွှတ်မြောက်ရေး လုပ်ဆောင်ပေးမည် အယ်ဆာဒါ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြား

ဘဂ္ဂဒက် ဩဂုတ် ၂၀

အီရတ်နိုင်ငံ၌ ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံရသော ပြင်သစ်လူမျိုး အမေရိကန်သတင်းထောက် လွှတ်မြောက်ရေးအတွက် တိုက်ခိုက်ရေးသမားများက လုပ်ဆောင်ပေးမှာဖြစ်ကြောင်း မော့တာဒါအယ်ဆာဒါ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သို့သော် အဆိုပါ သတင်းထောက်အား မည်သည့်နေရာတွင် ထိန်းသိမ်းထားသည်ကို မသိရှိကြောင်းလည်း ပြောကြားသည်။ ဤအတောအတွင်း အမေရိကန်တပ်ဖွဲ့များ နာဂျက်ဖ်မြို့မှ ၄၈ နာရီအတွင်း ဆုတ်ခွာမပေးလျှင် အဆိုပါသတင်းထောက်အား သတ်ပစ်မည်ဟုလည်း ပြန်ပေးသမားတို့က ခြိမ်းခြောက်ထားသည်။

မားဒါးဘာရီဂိတ်ဟု ခေါ်တွင်သည့် အဖွဲ့က အသက်(၃၆)နှစ် အရွယ်ရှိ သတင်းထောက်ကို ယခုလ၁၃ရက်က အီရတ်နိုင်ငံတောင်ပိုင်း နာဆီရီယာမြို့တွင် ၎င်း၏ စကားပြန်နှင့်အတူ ပြန်ပေးဆွဲခေါ်ဆောင်သွားခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် စစ်ဖြစ်ပွားရာနယ်မြေအတွင်းရှိ အီရတ်ရှေးဟောင်းသုတေသနနေရာများနှင့် အီရတ်ယဉ်ကျေးမှုသမိုင်းကြောင်း မှတ်တမ်းရုပ်ရှင်အတွက် ရုပ်ငြိမ်ဓာတ်ပုံရိုက်ကူးပေးသူတစ်ဦးသာဖြစ်ပြီး ၎င်းအားပြန်လွှတ်ပေးပါရန် ၎င်း၏ကုမ္ပဏီက ဝက်ဘ်ဆိုက်မှတစ်ဆင့် မေတ္တာရပ်ခံခဲ့သည်။ ယခုအချိန်အထိ ၎င်းလွတ်မြောက်ရေးအတွက် အမေရိကန်နိုင်ငံခြားရေးဌာနက အီရတ်အစိုးရနှင့် ၎င်းအား ဖမ်းဆီးသွားခဲ့ရာနေရာရှိ အီတလီတပ်ဖွဲ့တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ **(စီအင်န်အင်န်)**

နာဂျက်ဖ်ပဋိပက္ခမဖြေရှင်းနိုင်လျှင် အခြားကိစ္စများဖြေရှင်းရန်ပိုမိုခက်ခဲမည်ဆို

နာဂျက်ဖ် ဩဂုတ် ၂၀

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့၌ ဖြစ်ပွားနေသော ပဋိပက္ခများကို အီရတ်ယာယီအစိုးရဝန်ကြီးချုပ် အာလာဝီ မည်သို့ကိုင်တွယ်ဖြေရှင်းမည်ကို စိတ်ဝင်တစား စောင့်ကြည့်လျက်ရှိသည်။

ပြောကြား

အာလာဝီက ဆာဒါတပ်ဖွဲ့များကို လက်နက်ချရန် နည်းပေါင်းစုံဖြင့် ကြိုးပမ်းခဲ့ပြီး ယခုအခြေအနေ၌ နောက်ဆုံး ကန့်သတ်ချိန်ကျော်လွန်ပြီး အခြေအနေသည် မတင်မကျဖြစ်နေလျှင် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း အာလာဝီက ပြောကြားသည်။

ခက်ခဲသွားနိုင်

နာဂျက်ဖ်မြို့စစ်ဆင်ရေးအတွက် အီရတ်တပ်ဖွဲ့များကို နိုင်ငံရေးအရ အသုံးပြုနေခြင်းဖြစ်ကြောင်း အချို့က ပြောကြားသည်။ အီရတ်ဝန်ကြီးချုပ် အာလာဝီအနေဖြင့် နာဂျက်ဖ်ကိစ္စကို အောင်မြင်စွာ မဖြေရှင်းနိုင်ခဲ့လျှင် အခြားကိစ္စများကို ဖြေရှင်းရန် ခက်ခဲသွားနိုင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။ **(စီအင်န်အင်န်)**

အီရတ်၌တူရကီလူမျိုးတစ်ဦး ဓားစာခံအဖြစ် ဖမ်းဆီးခံရ

အမ်ကာရာ ဩဂုတ် ၂၀

အီရတ်ခုခံတိုက်ခိုက်ရေးသမားများက တူရကီလူမျိုးတစ်ဦးအားဓားစာခံအဖြစ်ဖမ်းဆီးထားပြီး ၎င်းအလုပ်လုပ်နေသော ကုမ္ပဏီအား ၇၂နာရီအတွင်း အီရတ်နိုင်ငံမှ ရုပ်သိမ်းပေးရန် တောင်းဆိုထားသည်။ မရုပ်သိမ်းပါက ၎င်းအား သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားသော ဗီဒီယိုတိပ်ခွေအား ကြာသပတေးနေ့က ထုတ်လွှင့်သွားခဲ့သည်။

အယာတူလာဂက်ဇ်မင်နှင့်အတူ ၎င်း၏ လုပ်ဖော်ကိုင်ဖက်ဖြစ်သူ မီမက်ယုစ်အားလွှန်ခဲ့သောသုံးပတ်က ပြန်ပေးဆွဲသွားပြီးနောက် မီမက်ချ်မက်ယုစ်အား သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ ယင်းဗီဒီယိုတိပ်ခွေကို အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ဩဂုတ်လအစောပိုင်းက ထုတ်လွှင့်ပြသခဲ့သည်။

ဂက်ဇ်မင် အသက်ဘေးမှ လွတ်မြောက်ရန်အတွက် ၎င်းအလုပ်လုပ်နေသော သယ်ယူပို့ဆောင်ရေးကုမ္ပဏီသည် ယခုအပတ်အတွင်းအီရတ်နိုင်ငံမှရုပ်သိမ်းရန် အသင့်ဖြစ်နေပြီ ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

ကျေးလက်နေပြည်သူများ စာပေနှင့်မွေ့လျော်ရေး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်ပေး

ခေတ်မီစာကြည့်တိုက်

မကွေးတိုင်း မကွေးမြို့တွင် ဒေသခံပြည်သူများအသိအမြင်တိုးပွားစေရန်အတွက် ပညာအလင်းခေတ်မီစာကြည့်တိုက် (e-Library)ကို ဤသို့ ဖွင့်လှစ်ပေးထားသည်။

ဓာတ်ပုံမှတ်တမ်း–(မြန်မာ့အလင်း)

ပညာ့ဗိမာန်စာကြည့်တိုက်

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ဝါးခရာစံပြကျေးရွာတွင် ပညာ့ဗိမာန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပေးခဲ့ရာ ဒေသခံတိုင်းရင်းသားများ အသိအမြင် ဗဟုသုတတိုးပွားစေမည့် အခွင့်အလမ်းတစ်ခုပင်ဖြစ်သည်။

ဓာတ်ပုံမှတ်တမ်း–(ပြန်/ဆက်)

မြတ်စွယ်တော်စာကြည့်တိုက်

မန္တလေးတိုင်း တပ်ကုန်းမြို့နယ် နှောင်သခေါ ကျေးရွာတွင် မြတ်စွယ်တော် စာကြည့်တိုက်ကို ဤသို့ ဖွင့်လှစ်ပေးခဲ့သည်။

ဓာတ်ပုံမှတ်တမ်း–(ပြန်/ဆက်)

ပွင့်ဦးသစ္စာစာကြည့်တိုက်

ဧရာဝတီတိုင်း မြောင်းမြမြို့နယ် ထန်းကုန်းကျေးရွာအုပ်စုတွင် ပွင့်ဦးသစ္စာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ဤသို့ ဖွင့်လှစ်ပေးခဲ့သည်။

ဓာတ်ပုံမှတ်တမ်း–(ပြန်/ဆက်)

ဧရာဝတီတိုင်း ငပုတောမြို့ မန်ကျည်းပင် သုံးခွကျေးရွာတွင် ကျေးရွာနေပြည်သူများ အသိအမြင်တိုးပွားစေရန်အတွက် ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်ကို ဤသို့ ဖွင့်လှစ်ပေးခဲ့သည်။

ဓာတ်ပုံမှတ်တမ်း–(မြန်မာ့အလင်း)

ပညာ့အလင်းစာကြည့်တိုက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့ မိုင်းလီ(စံပြ)ကျေးရွာအုပ်စု၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဒေသခံပြည်သူများ အသိအမြင် ဗဟုသုတတိုးပွားစေရေးအတွက် ကိုယ့်အားကိုယ်ကိုး ပညာ့အလင်းစာကြည့်တိုက်ကို ဤသို့ ဖွင့်လှစ်ပေးခဲ့သည်။

ဓာတ်ပုံမှတ်တမ်း–(ပြန်/ဆက်)

အာဆီယံတက္ကသိုလ်များအဖွဲ့အစည်းဝင်နိုင်ငံများရှိ တက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်လေ့လာ

ရန်ကုန် ဩဂုတ် ၂၁

(၆)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအဖွဲ့အစည်း ပညာရေးဆိုင်ရာဆွေးနွေးပွဲ တက်ရောက်နေကြသော အာဆီယံတက္ကသိုလ်များ အဖွဲ့အစည်းဝင် နိုင်ငံများရှိ တက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများသည် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန တွဲဖက်ပါမောက္ခဒေါ်လွင်လွင်စိုး ခေါင်းဆောင်၍ ယနေ့နံနက် ၉ နာရီတွင် ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ် ပြတိုက်သို့ သွားရောက်လေ့လာကြသည်။(အောက်ပုံ)

လှည့်လည်ပြသ

မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်မှ ဒုတိယရဲမှူး ကျော်သူက မြေညီထပ်ရှိ မူးယစ်ဗဟို ပြကွက်များ၊ ရှေးမြန်မာဘုရင် လက်ထက်မှ ၁၉၈၈ခုနှစ်အထိ အစိုးရ အဆက်ဆက် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ဆောင်ရွက်ချက် ပြကွက်များ၊ အရှေ့အာရှသို့ ဘိန်းပျံ့နှံ့ရောက်ရှိလာခြင်းဆိုင်ရာ ပြကွက်များ၊ တပ်မတော်က သိမ်းဆည်းရမိသော ဘိန်းချက်စခန်းပြကွက်များ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆိုင်ရာ စစ်ဆင်ရေးပြကွက်များ၊ ပထမထပ်ရှိ နယ်စပ်ဒေသ ပြကွက်များ၊ စိတ်ကြွ ရူးသွပ်ဆေးပြားပြကွက်၊ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ ပြကွက်၊ မြန်မာ-အမေရိကန်နှစ်နိုင်ငံ ဘိန်းအထွက်နှုန်းတိုင်းတာရေးလုပ်ငန်း ပြကွက်၊ (၁၅)နှစ်စီမံကိန်းပြကွက်၊ ပန်းတိုင်သစ် စီမံကိန်းပြကွက်၊ ဒုတိယ ထပ်ရှိအစားထိုးစိုက်ပျိုးရေးလုပ်ငန်း အဖွဲ့ပြကွက်၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ ပြကွက်၊ ဆေးကုသရေးလုပ်ငန်းအဖွဲ့ ပြကွက်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့ပြကွက်၊ ကျောင်းသား လူငယ်များအား မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးရေးလုပ်ငန်း အဖွဲ့ပြကွက်၊ နယ်စပ်ဒေသဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်မှုပြခန်းနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်းပြခန်းတို့ကို လှည့်လည် ပြသကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဩဂုတ် ၉ရက်က ရန်ကုန်တိုင်း ကျောင်းကျန်းမာရေး စံပြပထမဆုရ အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်း ဒဂုံမြို့နယ်၏ ကျောင်းကျန်းမာရေးလှုပ်ရှားမှုပြပွဲသို့ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင် လာရောက်ကြည့်ရှုအားပေးရာ ကျောင်းအုပ်ဆရာကြီးဦးဇော်မင်းထိန်က ရှင်းလင်းပြသစဉ်။ (က-ပ)

ဆောက်လုပ်ရေးဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်း ဝန်ကြီးဗိုလ်ချုပ်စောထွန်းအမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) အစည်းအဝေး ခန်းမဆောင်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးနေစိုးနိုင်၊ ဆောက်လုပ်မှု စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်း၊ ဌာနအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ လမ်း၊ တံတား၊ အဆောက်အအုံနှင့် လေယာဉ်ကွင်း စီမံကိန်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်နှင့် တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ လမ်း၊ တံတား၊ အဆောက်အအုံနှင့် လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းများမှ စီမံကိန်းတာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို ပြန်လည်သုံးသပ် ဖြည့်ဆည်းညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ဇာတိမာန်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၁

ဗဟန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဩဂုတ် ၂၀ရက် နံနက်ပိုင်းက ကြားတောရရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် "ဇာတိမာန်" ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်နှင့် နယ်လှည့်စာဖတ်ခန်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ဌေး၊ ရပ်ကွက်အတွင်းရေးမှူးဦးသန်းအေးနှင့်ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်တင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**(ဝဲပုံ)**

ရှေးဦးစွာ ရပ်ကွက်အတွင်းရေးမှူး ဦးသန်းအေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးက စာကြည့်တိုက်အကြောင်း သိကောင်းစရာများဟောပြောသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် ဝါခေါင်လဆန်း ၇ရက် (အဖိတ်နေ့)

၂၂-၈-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅	၆။	အကပြိုင်ပွဲ
၈း၁၅	၇။	ကျောက်တစ်လုံး ရေကူ ရေလှောင်တမံ
၈း၃၀	၈။	International News
၈း၄၅	၉။	Say it in English

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**(အပိုင်း-၂၀)
၁၂း၂၀	၅။	မန်းချောင်းတံတား
၁၂း၃၀	၆။	မြန်မာဗီဒီယိုဇာတ်လမ်း **"ယောက်ဖမျက်နှာ"** (လူမင်း၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-မောင်ဗေဒါ)
၁၄း၂၀	၇။	တေးဂီတအစီအစဉ်
၁၄း၃၀	၈။	အတီးပြိုင်ပွဲ
၁၄း၄၅	၉။	International News

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အမှတ်(၃)အခြေခံပညာဦးစီးဌာန ၂၀၀၃-၂၀၀၄ခုနှစ် ပညာရေး စုံညီပွဲတော် (ဗဟိုအဆင့်) ပဌာန်းရွတ်ဆိုပြိုင်ပွဲ (ပထမဆု) (အထက-၂၊ ဗဟန်း) (အမျိုးသမီး ဝတ်ရွတ်အဖွဲ့)
၁၇း၀၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇း၁၅	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၁၇း၃၀	၆။	ဘဝနိဂုံး ပြုံးပန်းတစ်ရာ
၁၇း၄၅	၇။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈း၃၀	၈။	ညနေခင်းသတင်း
၁၉း၀၀	၉။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း-၈)
၁၉း၁၅	၁၁။	စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၂၀း၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နှလုံးသားထဲက တစ်ခုတည်းသောအချစ်"** (အပိုင်း-၁၈)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဩဂုတ် ၂၁

လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ၃၃၇/က ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၇၅) ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လို သော ယောဂီများသည် ဖုန်း-၅၃၄၃၂၉သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဩ ဂုတ် ၂၁ ရက်က မြောက်ဥက္ကလာပမြို့နယ် ပြည် ထောင် စု ကြံ့ ခိုင် ရေး နှင့် ဖွံ့ဖြိုးရေးအသင်းနှင့်မြို့နယ်လူဝင်မှု ကြီး ကြပ် ရေး နှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနတို့မှ (က)ရပ်ကွက် အတွင်းရှိ နိုင်ငံ သား အ ရည် အချင်း ပြည့်မီသူ ၂၁၇ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲတွင် မြို့နယ်ဦးစီးဌာနမှူး ဦးလှိုင်ဌေးက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (၃၂၂)

ဗိုလ်တထောင်မြို့နယ် ရန်ကုန် ဝိုင်အမ်စီအေ လူမှုရေးလုပ်ငန်းကော်မတီ၏ (၁၁)ကြိမ်မြောက် ဂရုပြုကူညီကြပါစို့၊ ရှုချင်စရာမြင်ကွင်းပဒေသာ အခမ်းအနားကို ဩဂုတ် ၂၁ရက်က ဝိုင်အမ်စီအေခန်းမဆောင်တွင် ကျင်းပရာ လူမှုရေးလုပ်ငန်းများတွင်အသုံးပြုရန်အတွက် အလှူရှင် မြန်မာနိုင်ငံကြက်တောင်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဂရိတ်ဝေါဆေးဝါးထုတ်လုပ်ရေးနှင့် ဆောက်လုပ်ရေး အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်မောင်ဆွေက အလှူငွေကျပ် ၃၀၀၀၀၀ ပေးအပ်လှူဒါန်းရာ ရန်ကုန် ဝိုင်အမ်စီအေ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်ဒင်(ငြိမ်း)က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကျေးလက်ဒေသ စက်ရေတွင်းများတူးဖော်ရေး အလှူရှင်များ ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းနှင့်ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်းအနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀တစ်တွင်း စက်ပစ္စည်းစုံကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ရေလှူဒါန်းခြင်းဖြင့် လျင်မြန်ခြင်း၊သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြား လူသိများခြင်း၊ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊ အသက် ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးခြင်းနှင့် ဉာဏ်ပညာကြီးမားခြင်းဟူသည့် ရေအကျိုး(၁၀)ပါးကို ဆုမတောင်းဘဲရရှိ နိုင်သည်ဖြစ်ရာ စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၁–၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း– ၀၁–၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း–၀၁–၂၈၁၉၆၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း– ၀၇၁–၂၁၀၁၂၊ ညွှန်ကြားရေးမှူး(မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း–၀၆၃–၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်းစည်ပင်သာယာရေး အဖွဲ့)ဖုန်း–၀၂–၅၄၆၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်း ရရှိသည်။

✡ **ရှေ့ဖုံးမှ**

တက်ရောက်ကြည်ညို

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

တင်ပြလျှောက်ထား

ထို့နောက် တိပိဋက–ပါဠိမြန်မာ အဘိဓာန်ကျမ်းများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ရှေ့ဆက်ဆောင်ရွက်ရန် လိုအပ်ချက်များနှင့်ပတ်သက်၍ စီစဉ်ထားမှု အခြေအနေများကို လည်းကောင်း သဃ်န်းကျွန်းမြို့နယ် ပုညနိမ္မိတာရုံ ရွှေသုဝဏ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသဒ္ဓိယက တင်ပြလျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိပိဋက–ပါဠိမြန်မာ အဘိဓာန် အတွဲ(၁)နှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်းက ဦးဆောင်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အလှူရှင်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ယင်းနောက် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အလှူရှင် ဒါယကာ ဦးကျော်ညွှန့်– ဒေါ်သန်းမြင့် မိသားစုတို့က ပုံနှိပ်လှူဒါန်းသည့် တိပိဋက–ပါဠိ မြန်မာ အဘိဓာန် ကျမ်းအတွဲ(၁) အုပ်ရေ၁၀၀၀ကို လက်ခံယူ၍ အနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည် ပေးအပ်သည်။

ဆက်လက်၍ အခမ်းအနားသို့ ကြွရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ပြည်မြို့ဇောတိကာရုံ ပါဠိတက္ကသိုလ် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ အနုမောဒနာ တရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အဆိုပါ တိပိဋက–ပါဠိ မြန်မာ အဘိဓာန်ကျမ်းများကို လှူဒါန်းလိုပါက ဖုန်း ၆၆၀၈၄၃၊ ၆၅၀၀၀၇၊ ၆၆၀၇၆၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငါးပါးသီလခံယူဆောက်တည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းနှင့် ဧည့်ပရိသတ်များ သာသနာရေးဝန်ကြီးဌာနသို့ တိပိဋက–ပါဠိ မြန်မာအဘိဓာန်ကျမ်း လှူဒါန်းပွဲတွင် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာနသို့ တိပိဋက–ပါဠိမြန်မာအဘိဓာန်ကျမ်း လှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင် ဒါယကာဦးကျော်ညွှန့်–ဒေါ်သန်းမြင့်မိသားစုက တိပိဋက–ပါဠိမြန်မာအဘိဓာန်ကျမ်း အတွဲ(၁) အုပ်ရေ ၁၀၀၀ကို သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မဇ္ဈိမဂုဏ်ရည်ဆရာတော် ဓမ္မသဘင်

ရန်ကုန် ဩဂုတ် ၂၁

သာကေတမြို့နယ် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာနနာယက သာသနတက္ကသီလ ဓမ္မာစရိယ ဒေါက်တာ ဘဒ္ဒန္တကောဝိဒ အရှင်မြတ်သည် မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာတွင် ဝါတွင်းဥပုသ်နေ့တိုင်း ညနေ ၄နာရီ၌လည်းကောင်း၊ ဩဂုတ်၂၃ရက် မွန်းလွဲ၁နာရီတွင် သာကေတမြို့နယ် ၆ အရှေ့ရပ်ကွက် သီလဝိသုဒ္ဓိဓမ္မာရုံ ဓမ္မသဘင်၌လည်းကောင်း၊ ဩဂုတ် ၃၀ရက် မွန်းလွဲ၂နာရီတွင် သာကေတမြို့နယ် (၃)မာန်မြေ ၁၈ လမ်း ဓမ္မရက္ခိတာရုံ ဓမ္မသဘင်၌ လည်းကောင်း၊ စက်တင်ဘာ ၂၁ရက် မွန်းလွဲ၂နာရီတွင် သမိုင်း ဒက္ခိဏာရုံကျောင်း ဓမ္မသဘင်၌ လည်းကောင်း၊ စက်တင်ဘာ၂၉ရက် မွန်းလွဲ၂နာရီတွင် မြောက်ဒဂုံ စန်းမြသီတာ မဟာစည်သာသနာ့ရိပ်သာ ဓမ္မသဘင်၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားတော်မူမည်ဖြစ်ကြောင်းသိရသည်။ **(က–ပ)**

မိုးစပါးစိုက်ပျိုးပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၁

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်သည် ယနေ့နံနက်၁၀နာရီခွဲက မှော်ဘီမြို့နယ် ကံကလေးကျေးရွာအုပ်စု၊ မြို့ချောင်းကျေးရွာအုပ်စုသို့ရောက်ရှိလာပြီး ရန်ကုန်တိုင်း မြေစာရင်းဦးစီးမှူးဦးကျင်ထွန်းနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် မြေစာရင်းဦးစီးမှူးဦးမြမောင်၊ မှော်ဘီ၊ ထန်းတပင်မြို့နယ်မြေစာရင်းဦးစီးမှူးများ၊ ဝန်ထမ်းများနှင့်အတူ မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

ဆက်လက်၍ မိုးစပါးစိုက်ဧက လျာထားချက်ပြည့်မီရေးအတွက် ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရန်နှင့် မိုးစပါးစိုက်ဧကစာရင်းများ တိကျမှန်ကန်စွာပြုစုရေးတို့ကိုမှာကြားပြီး ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးလမ်း အမှတ် ၅၄ နေ (ဦးမောင်မောင်သွင်)၊ ဇနီး ဒေါ်တင်ကြည်နှင့် သားသမီးမြေးတစ်စုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် အလှူငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

စာမျက်နှာ (၃) ဆောင်းပါးမှအဆက်

ရဲဆေး ရှစ်ခွက်၊ ရဲ ရှစ်ရဲ

၁။ စိုက်ပျိုးမြေသစ်ဖော်ထုတ်ရဲ
၂။ အထွက်ကောင်းမျိုးစိုက်ရဲ
၃။ စိုက်ပျိုးရေးနည်းသစ်သုံးရဲ
၄။ သဘာဝမြေဩဇာသုံးရဲ
၅။ စက်ယန္တရားသုံးရဲ
၆။ သီးထပ်သီးညှပ်စိုက်ရဲ
၇။ ယုံကြည်စွာလုပ်ရဲ
၈။ စိုက်ပျိုးရေးဝန်ထမ်းများ စူးစမ်းလုပ်ဆောင်မှုနှင့် တာဝန်ယူမှုရဲ ဟူသော ရဲဆေး ရှစ်ကျော့လိမ်းပေးလေ၏။

အားတိုးဆေး၁၀ခွက်သောက်လျက် ရဲဆေး ရှစ်ကျော့ လိမ်းရခြင်းကြောင့် စိုက်ပျိုးရေးနှင့်ပတ်သက်ဆက်စပ်သူအားလုံး ပျင်းကြောဆွဲ ရောင့်ရဲလွန်ရောဂါ၊ အဟောင်းစွဲ အစွဲသန်ရောဂါ၊ နောက်မြီးဆွဲ ဖင့်နွဲ့တုံ့ရောဂါ၊ ခြေသစ်လှမ်းမလှမ်းဝံ့ရောဂါ စသော စိုက်ပျိုးရေးဆိုင်ရာ ရောဂါအပေါင်း ထောင်းထောင်းညက်ကြေ ပျက်ကြွေမွမွ နာလန်ထလျက် လုံးဝခံ့သော သွက်လက်စွာဖြင့် ကျန်းမာသောစိုက်ပျိုးရေးကဏ္ဍသစ် တည်ဖြစ်တိုးပွားလာအောင် လှုပ်ရှားစွမ်းဆောင်နိုင်ကြတော့မည်ဖြစ်၏။

ဆက်လက်၍ တိုင်းမှူးက "စိုက်စနစ်မှန်ကန်စွာစိုက်ရန် အထူးလိုအပ်ကြောင်း၊ အရပ်သား နားလည်လွယ်သည့် အရပ်စကားဖြင့်ပြောရလျှင် စပါးပင် တစ်ပင်နှင့်တစ်ပင်အကြား လက်တစ်ဆုပ်စာ အကွာအဝေးထားစိုက်ပြီး စပါးတန်း တစ်တန်းနှင့် တစ်တန်းအကြား လက်တစ်ထွာစာ အကွာအဝေးထား စိုက်ရန်ဖြစ်ကြောင်း၊ ထိုနည်းအတိုင်း ကောက်ချက်တစ်ချက် စပါးသုံးပင်နှုန်း စိုက်သွားပါက တစ်ဧက၌ ကောက်ကွက် ၁၇၀၀၀၀ဝင်ဆံ့ကာ စပါးအထွက်နှုန်း တင်း ၁၅၀အထက် ထွက်ရှိမှာ မုချဖြစ်ကြောင်း၊ တောင်သူ၏ စိတ်ဝင်စားမှုနှင့် လုံ့လဝီရိယပေါ်မူတည်ကာ တင်း၂၀၀အထိ ထွက်ရှိမှာကေန်ဖြစ်ကြောင်း" ပြောကြားပြီး ဤဆောင်ပုဒ်ကို ပြုစုပေး၏။ "ပင်ကြားတစ်ဆုပ်–တန်းကြားတစ်ထွာ၊ ကောက်ပင် တစ်သိန်းခုနစ်သောင်းပါ။ ကောက်ပင်ပြည့်မှ တင်းနှစ်ရာရ၊ ပြည့်ပြည့်ဝဝစိုက်ပါကြ"

အခမ်းအနားပြီးဆုံး၍ စံကွက်ကိုစက်ဖြင့် ရိတ်သိမ်းလျက် စက်ဖြင့်ခြွေလှေ့ကာ စံတောင်းဖြင့် ခြင်တွယ်သောအခါ တစ်ဧကအထွက်နှုန်းသည် ၁၈၉ တင်းဖြစ်လေ၏။ အစိုဓာတ် ၁၅ရာခိုင်နှုန်း နုတ်ပစ်ဦး၊ ၁၆၂တင်း အသားတင် ကျန်ရှိလေ၏။ ဤမျှ အထွက်ကောင်းသည့် ရွှေရင်အေးစပါးကို ရွှေအသွင် ထွေးပွေ့ထားရန် အဘယ်မည်သော တောင်သူသည် အဘယ့်ကြောင့် မထက်သန်ဘဲ ရှိတော့မည်နည်း။

(ဃ)

နေရောင်အောက်မှာ ရွှေရောင်တောက်နေသည့် ဒြပ်တစ်ခုကတော့ ရွှေရင်အေးစပါးလုံးလေးများဖြစ်၏။ သည်ရွှေရင်အေးစပါးလုံးတည်းဟူသော ပုံဆောင်ခဲ မျက်နှာပြင်ဝယ် နိုင်ငံတော်အကြီးအကဲ၏ စေတနာ၊ အရှေ့ပိုင်းတိုင်း တိုင်းမှူး၏ မေတ္တာ၊ လယ်ယာ/ဆည်မြောင်းဝန်ကြီးဌာန၏ ကမ္မညတာ(အသင့်ဖြစ်အောင် ဆောင်ရွက်ပေးမှု)၊ တောင်သူတို့၏ မုဒိတာပုံရိပ်များ တဖိတ်ဖိတ် ထင်ဟပ်လျက်ရှိ၏။

ရွှေအသွင် ထွေးပွေ့ထားလောက်အောင် ရွှေဘဝင်အေးသွားမည့် ရွှေရင်အေးစပါးသည် နေရောင်အောက်မှာ ရွှေရောင်တောက်နေလေရာ ရွေးကောက်ယူ သုံးသူအတွက် ရွှေတုံးလေးများ ဖြစ်နေပါတော့သတည်း။ ။

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

အသက်ရှည်စွာ အနာမဲ့ရေး (၃)

ဒေါက်တာလွင်ကို

"ဦးလေးချောတို့ မြေးအဘိုးပါလား၊ ဈေးက ပြန်လာတယ်ထင်တယ်။ ရေနွေးကြမ်းလေး သုံးဆောင်သွားကြပါဦး"ဟု နံနက်ခင်းတစ်ခု၌ ဈေးမှပြန်လာကြသော ဦးဘချောတို့ မြေးအဘိုးကို ကျွန်တော်က ဖိတ်မန္တက ပြုလိုက်ခြင်းဖြစ်ပါသည်။ ဦးလေးချောနှင့် သူ့မြေးကိုဖြိုးတို့၏ ဈေးခြင်းထဲတွင် ဖရုံသီး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ခရမ်းချဉ်သီး၊ မုန်လာဥနီစသည်ဖြင့် သီးနှံများစုံနေသည့်အပြင် လိမ္မော်သီးနှင့် စပျစ်သီးမရမ်းရောင်ကို ပလတ်စတစ်အိတ်နှင့် သီးခြားထုပ်ထားပါသေးသည်။

"ဦးလေးချောက ဒီ Antioxident တွေပါတဲ့ အစားအစာတွေ အမြဲစားနေလို့ အခုလို နုပျိုနေတာထင်တယ်။ အသက် ၇၀ ထဲဝင်လာပေမယ့် မသိတဲ့ လူကတော့ ၆၀ လောက်ခန့်မှန်းကြမှာ"။ "အရွယ်ထောက်လာတဲ့သူကို နုပျိုတယ်လို့ နားဝင်ချိုအောင်ပြောပေးတာ ကျေးဇူးတင်ပါတယ်ဆရာ။ ကျွန်တော်ကတော့ စိတ်ညစ်စရာကို ခေါင်းထဲကြာကြာမထားဘူး၊ သံသယမပွားဘူး၊ အာဃာတမထားဘူး။ ကောင်းတဲ့အရာ ပျော်စရာကိုပဲ စဉ်းစားပါတယ်။ ထားပါတော့လေ၊ အခုနဆရာပြောတဲ့ အမ်တီအောက်စီဆိုတာဘာလဲ၊ ရှင်းပြပါဦး ဆရာ"

"ကျွန်တော်တို့ ခန္ဓာကိုယ်တစ်ခုလုံးကို ဆဲလ် (Cell) တွေနဲ့ တည်ဆောက်ထားပါတယ်။ ဒီဆဲလ်တွေရဲ့ လုပ်ဆောင်မှုတိုင်းမှာ စွမ်းအင်(Energy)လိုအပ်လို့ Oxygen ကိုသုံးပြီး စွမ်းအင်ထုတ်ရပါတယ်။ အဲဒါကို (Oxidation) အောက်ဇီဒေးရှင်းလို့ မှတ်ရအောင်။ ဆဲလ်အတွင်းက မိုက်တိုကွန်ဒရီးယား (Mitochondria)ဆိုတာက အောက်စီဂျင်ကိုအသုံးပြုပြီး စွမ်းအင် (Energy) ထုတ်တဲ့စက်ရုံအငယ်စားလို့ မှတ်ယူရင် ရပါတယ်။ ပိုရှင်းအောင်'မီးဖို'လေးလို့ပဲ ဆိုပါစို့။ ခန္ဓာကိုယ်ဟာ အပူစွမ်းအင် မပြတ်လိုအပ်နေတာကြောင့် အမြဲမီးမွှေးထားရတဲ့မီးဖိုပါပဲ။ အဲဒီမီးဖိုမှာ မီးတောက်တွေရှိနေတာနဲ့အမျှ မီးပွားတွေထွက်နေတယ်လို့ မြင်ကြည့်လိုက်ပါ။ အဲဒါဟာ (Oxidation process) စွမ်းအင်ထုတ်လုပ်ရေး ဖြစ်စဉ်က ပိုထွက်လာတဲ့ (Free Radicals Oxygen) = FR O_2 မီးပွားလေးတွေပါပဲ။ ဒီမီးပွားလေးတွေက ခန္ဓာကိုယ်မှာ ရှိတဲ့ အခြားသော ဆဲလ်အကောင်းလေးတွေကိုလဲ လောင်ကျွမ်းပစ်လိုက်ကြပါသေးတယ်။

"အဲဒီတော့ ဘာတွေဆက်ဖြစ်လဲဆရာ၊ ရောဂါတွေရရောလား။ ဦးလေးချောကစကားထောက်ရင်း "ဟောလာဗျို့ ကိုစံမောင်၊ အသစ်အဆန်းတွေ ကြားရတော့မယ်၊ ကျွန်တော့် ဦးနှောက်နဲ့တင် မလုံလောက်ဘူး၊ ခင်ဗျားတို့ပါဝိုင်းမှတ်ကြပါဦး၊ ဒါမှပြန်ဆွေးနွေးလို့ရမှာ" ဟု ဆိုကာ ကျွန်တော်တို့ စကားဝိုင်းဖွဲ့နေသည်ကို မြင်၍ ဝင်လာသော ဦးလေးဦးစံမောင်ကို ပဋိသန္ဓာရစကား ဆိုလိုက်ပါသည်။

"ဟုတ်ကဲ့၊ ကျွန်တော့် စကားကိုဆက်ပါ့မယ်၊ မလိုအပ်ဘဲ ဆဲလ်အကောင်းတွေ မီးမြိုက်ခံရသလို လောင်ကျွမ်းတော့ ဆဲလ်ညှိုးသွားတယ်ဆိုပါတော့။ ဒီလို တရစပ်ဖြစ်ပျက်နေတာကို ကျွန်တော်တို့ မသိလိုက်ကြဘူးလေ။ ခန္ဓာကိုယ်ရဲ့ ဖြစ်/ပျက်ဟာ မြန်ဆန်လွန်းတော့ကျွန်တော်တို့ မသိလိုက်သလိုပေါ့။လွန်ခဲ့တဲ့အပတ်စနေနေ့ကဆရာတော်ဦးဃောသိတရုပ်မြင်သံကြားကနေ ဟောကြားတော်မူပါတယ်။ ရုပ်ရဲ့ ဖြစ်/ပျက်စဉ်က တစ်စက္ကန့်မှာ ကုဋေရှစ်ထောင် ရှိပြီးစိတ်ရဲ့ ဖြစ်/ပျက်စဉ်က တစ်စက္ကန့်မှာ ကုဋေတစ်သိန်းရှိတယ်တဲ့"

"များလှချည်လား၊ အံ့သြစရာပဲနော် ဆရာကြီး"ဟု ဦးဘချော၏မြေး ကိုဖြိုးကလဲ ဝင်ဆွေးနွေးလာပါသည်။ "မယုံမရှိနဲ့ ကိုဖြိုး၊ ဆရာတို့လို ပုထုဇဉ်မပြောနဲ့၊ မဂ်တွေဖိုလ်တွေရပြီးတောင်မှ အကုန်မမြင် မသိနိုင်ဘူး။ ဘုရား၊ ရဟန္တာ အဆင့်ရောက်မှ ဒီလောက် မြန်ဆန်လွန်းတဲ့ ဖြစ်/ပျက်စဉ်တွေကို လိုက်မြင်နိုင်မှာ"ဟု ကျွန်တော်က ရှင်းပြရင်း စကားဆက်လိုက်ပါသည်။

"ဦးလေးတို့ရေ စောစောက FR O_2 မီးပွားလေးတွေ မီးဖိုကထွက်တယ်လို့ ဆွေးနွေးခဲ့ပါတယ်။ ဆေးလိပ်သောက်ခြင်း၊ အရက်များများသောက်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ စိတ်သောကဖိစီးခြင်းစတဲ့ လောင်စာတွေကို မီးဖိုလေးထဲ ထည့်ပေးလိုက်ရင် မီးပွားက မီးတောက်ဖြစ်လာပြီး ခေါင်အထိ တက်လောင်တတ်ပါတယ်။ မီးလောင်ရာလေပင့်၊ အမှိုက်ကစပြာသာဒ်မီးလောင် သဘောမျိုးပေါ့။ မဖြစ်စလောက် လောင်ကျွမ်းခြင်းကနေ ရောဂါဆိုတဲ့ အဆင့်ထိ ရောက်သွားတတ်တဲ့သဘောပါ။ မီးဖိုပတ်လည်မှာ သံပြား၊ သွပ်ပြားကာရံထားရင် အဲဒီမီးပွားတွေ၊ မီးညွန့်တွေက သံပြား၊ သွပ်ပြားနဲ့တွေ့တဲ့အခါ ဆက်မလောင်ကျွမ်းနိုင်ဘဲ ငြိမ်းသွားတယ်လေ။ Antioxident တွေကလဲ အဲဒီသံပြား၊သွပ်ပြားသဘော အကာအရံလိုပါပဲ၊ FR မီးပွားလေးတွေရဲ့ အန္တရာယ်ကနေ ခန္ဓာကိုယ်ကိုမထိခိုက်အောင် ကာကွယ်ပေးပါတယ်။ အဲဒီလိုသာကာကွယ်မပေးနိုင်ရင်တော့..."

ဝိပရိနာမဒုက္ခ–ဒုက္ခတွေ့တော့မှာပေါ့ ဆရာရယ်၊

"ဟုတ်ကဲ့၊ ဦးလေးချောပဲဆက်ရှင်းပြပေးပါဦး"

"ဒီလိုပါ ခန္ဓာကိုယ်ရလာကတည်းက ဒုက္ခလို့ တရားသဘောက ဆိုသမို့လား။ ဆံဖြူ၊ နာထိုင်း၊ ခါးကိုင်း၊ သွားကျိုး၊ အရေးပွ၊ အရေတွဲ၊ နည်းမှတ်ဉာဏ်၊ မမှန်သတိစသည်ဖြင့် ဇရာရဲ့အဖြစ်ကို ဝိပရိနာမဒုက္ခဒုက္ခလို့ ဆရာတော်ဘုရားကြီးတစ်ပါး မိန့်ကြားခဲ့တာ မှတ်သားဖူးလို့ပါ"

"ဦးဘချော ရှင်းပြသလိုပဲ၊ မိမိခန္ဓာကိုယ်ဟာ တငွေ့ငွေ့လောင်ကျွမ်းနေတဲ့ ဒုက္ခတုံးကြီးလို့ မြင်ကြည့်လိုက်ရင် သံဝေဂရစရာပါပဲ။ သို့သော် လောင်ကျွမ်းမှု မများအောင် လုပ်လို့ကော မရဖူးလား၊ လောင်ပြီးသားဆဲလ်တွေ နွမ်းနေရင် လန်းအောင်ပြန်လုပ်လို့မရဖူးလားဆရာ"ဟု ဦးစံမောင်က ဆိုပါသည်။

"ရတာပေါ့ ဦးလေးရယ်၊ ခုနဆွေးနွေးခဲ့သလို Antioxident နဲ့ မလောင်ကျွမ်းအောင် တားနိုင်ပါတယ်။ ဆဲလ်တွေရဲ့ ပုံမှန်စွမ်းအင်ထုတ်ခြင်း ဖြစ်စဉ်မှာ အပိုထွက်လာတဲ့ FR O_2 မီးပွားလေးများရဲ့ မလိုလားအပ်ဘဲ လောင်ကျွမ်းမှုကို တားနိုင်သလို၊ လောင်ကျွမ်းလို့ နွမ်းသွားတဲ့ ဆဲလ်ကို Antioxident ကပဲ အထိုက်အလျောက် ပြန်လန်းစေနိုင်ပါတယ်"

ထိုအခါ ကိုဖြိုးက ဆရာကြီး ရှင်းပြသလိုဆို Antioxident က ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်တဲ့အပြင် များလေကောင်းလေပေါ့နော်။ နောက်ပြီး (Biotechnology) ဇီဝနည်းပညာကို သေသေချာချာ လေ့လာပြီး Antioxident များတဲ့ (plant) အပင်ငယ်တွေက (extract) ပေါင်းခံရည် ထုတ်ပြီး မအို၊ မနာဆေးအဖြစ် သုံးနိုင်မှာပေါ့။

> FR O_2 မီးပွားလေးတွေ မီးဖိုကထွက်တယ်လို့ ဆွေးနွေးခဲ့ပါတယ်။ ဆေးလိပ်သောက်ခြင်း၊ အရက်များများသောက်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ စိတ်သောက ဖိစီးခြင်းစတဲ့ လောင်စာတွေကို မီးဖိုလေးထဲ ထည့်ပေးလိုက်ရင် မီးပွားက မီးတောက်ဖြစ်လာပြီး ခေါင်အထိ တက်လောင်တတ်ပါတယ်။ မီးလောင်ရာလေပင့်၊ အမှိုက်ကစ ပြာသာဒ်မီးလောင်သဘောမျိုးပေါ့။ မဖြစ်စလောက် လောင်ကျွမ်းခြင်းကနေ ရောဂါဆိုတဲ့ အဆင့်ထိရောက်သွားတတ်တဲ့ သဘောပါ။ မီးဖိုပတ်လည်မှာ သံပြား၊ သွပ်ပြား ကာရံထားရင် အဲဒီမီးပွားတွေ၊ မီးညွှန့်တွေက သံပြား၊ သွပ်ပြားနဲ့တွေ့တဲ့အခါ ဆက်မလောင်ကျွမ်းနိုင်ဘဲ ငြိမ်းသွားတယ်လေ။ Antioxident တွေကလဲ အဲဒီ သံပြား၊ သွပ်ပြားသဘော အကာအရံလိုပါပဲ၊ FR မီးပွားလေးတွေရဲ့ အန္တရာယ်ကနေ ခန္ဓာကိုယ်ကို မထိခိုက်အောင် ကာကွယ်ပေးပါတယ်။

ဘယ်လိုအပင်တွေရဲ့ ဘာဓာတ်ပေါင်းတွေ ဖြစ်နိုင်ပါသလဲ ဆရာကြီးဟု မေးခွန်းထုတ်လာပါသည်။

"အေး– ကိုရင်က ဆေးကျောင်းသားဆိုတော့ သိချင်မှာပဲ။ Antioxident compound ကို Bioflavonoid လို့ခေါ်တယ်။ အဲဒီ Flavonoidတွေဟာ ရေညှိ ရေမှော်ပင်နဲ့ အခြား အပင်ငယ်များရဲ့ ဇီဝဖြစ်စဉ်များကနေ ပေါ်ထွက်လာတယ်။ 2-Phenyl Benzopyran အခြေခံထားတဲ့ Ring Structure ဖြစ်တယ်။ အဲဒါပါတဲ့ အရွက်၊ အသီး၊ အပွင့် စသည်တို့ဟာ အဝါ၊ အပြာ၊ အနီရောင် ဖြစ်ကြတယ်တဲ့"

"ဟုတ်ကဲ့ပါဆရာကြီး၊ ဒီလိုဆို အဝါ၊ အပြာ၊ အနီရောင်ပါတဲ့၊ များတဲ့ အရွက်၊ အသီး၊ အပွင့်တွေမှာ Antioxident များတယ်လို့ ပြောလို့ရမယ်ထင်ပါတယ်"

"ပြောလို့ရပါတယ်၊ အနည်းအများ ကွာခြားချက်တော့ ရှိတာပေါ့။ ဒီထက်ပိုပြီးလဲ အသေးစိတ်ဦးမှာပါ။ စာကတော့ ဒီလိုဆိုထားတယ်။ Flavonoids is a Particutar Type of Organic Compound, 2-Phenyl Benzopyran, a Ring Structure That Gives Yellow, Red and Blue Colour of Plants. တဲ့"

"ကျေးဇူးတင်ပါတယ် ဆရာကြီး"

"ကျေးဇူးတင်နေရုံနဲ့မပြီးဘူး၊ ကိုရင်တို့ခေတ် နောင်ဆယ်စုနှစ်အနည်းငယ်အတွင်းမှာ ဆေးသိပ္ပံပညာရှင်တွေနဲ့ ဘိုင်အိုတက်ကနိုလိုဂျီပညာရှင်တွေ ပူးပေါင်းပြီး ပြန်လည်ငယ်ရွယ်နုပျိုစေတဲ့ ဟိုမုန်းတို့၊ ခန္ဓာကိုယ် အစိတ်အပိုင်းအမျိုးမျိုး အလဲအလှယ်၊ အစားထိုးကုသခြင်းတို့၊ ဇရာကိုတော်လှန်နိုင်မယ့် မျိုးရိုးဗီဇတို့၊ အမြွှာပူးမဟုတ်ဘဲ တစ်မိခင်တည်းမဟုတ်ဘဲ အမြွှာပူးကဲ့သို့တူအောင် မွေးဖွားနိုင်ရန် မျိုးဗီဇပြုပြင်ခြင်းတို့ လုပ်လာတာတွေ အံ့မခန်းကြားရတွေ့ရပါလိမ့်မယ်။ ကိုရင်တို့ နောက်ကျ ကျန်မနေရအောင် ခုကတည်းက ကြိုတင်စဉ်းစားထား၊ လေ့လာထားဖို့လိုတယ်နော်"

"ဆရာရေ၊ နောင်ဆယ်စုနှစ် အနည်းငယ်ဆိုတာကို မစောင့်နိုင်တော့တဲ့ ကျွန်တော်တို့လို ၇၀ နီးပါးတွေအတွက် ပြန်လည်မနုပျိုချင် နေပါစေ။ လက်ရှိ ကျန်းမာရေးကို ကျားကန်ပေးထားနိုင်ဖို့၊ ရောဂါတွေကိုကာကွယ်နိုင်ဖို့၊ ရောဂါနုစဉ် ပျောက်ကင်းနိုင်ဖို့၊ ဒီနေ့ကိစ္စ ဒီနေ့ ဖြေရှင်းနိုင်ဖို့ ဆွေးနွေးပေးပါဦး ဆရာ"

"ဟုတ်ကဲ့ ဦးလေးချော၊ အနာဂတ်ကို ပိုင်စိုးမယ့် ယနေ့လူငယ်တွေအတွက် အရေးကြီးတာလေးတွေ တစ်ပိုင်းတစ်စ ပါသွားတာပါ။ လက်ရှိကျန်းမာရေးကို ကျားကန်ပြီး ဇရာကိုတတ်နိုင်သရွေ့ တားနိုင်အောင်ကတော့––

၁။ နေ့စဉ်ပုံမှန် သင့်လျော်သော၊ မမောပန်းစေသော လေ့ကျင့်ခန်းလုပ်ပါ။

၂။ စိတ်ဖိစီးမှုကို လျှော့ချနိုင်သော နည်းတစ်ခုဖြစ်တဲ့ တရားစီးဖြန်းကမ္မဋ္ဌာန်းထိုင်ခြင်းကို နေ့စဉ် အချိန်မှန် တစ်နာရီလုပ်ပါ။

၃။ အရက်၊ ဆေးလိပ်သောက်ခြင်းကိုရှောင်ပြီး ညစဉ်နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်းက နုပျိုခြင်းကို အထောက်အကူပြုပါတယ်။ တစ်ည ခုနစ်နာရီခန့် အိပ်စက် အနားယူပါ။

၄။ ကလေးငယ်များကို ချစ်ခင်၊ ပြုစု၊ ယုယပြီး အဖော်လုပ်ပါ။ ကလေးငယ်မရှိလျှင် အိမ်မှာမွေးထားသည့် ခွေး၊ ကြောင်ကလေးများ၊ ငှက်ကလေးများကို အစာကျွေးခြင်းများပြုလုပ်ပါ။ စိတ်၏နွမ်းနယ်မှုကို အထူးပြေပျောက်စေပါတယ်။

(၅) မိတ်ဆွေများကို ချစ်ခင်လေးစားစွာ ပြောဆိုဆက်ဆံနေထိုင်ပါ။ သူတို့ရဲ့ အခက်အခဲများကို ကိုယ်နှုတ်နှလုံး သုံးပါးစလုံးဖြင့် တတ်နိုင်သမျှကူညီပါ။ အပေါင်းအသင်းများ၏ အားပေးကူညီစောင့်ရှောက်မှုကြောင့် မိမိမှာလဲ နှလုံးစိတ်ဝမ်းချမ်းမြေ့စေပါတယ်။

(၆) တစ်ကိုယ်တည်းမနေပါနဲ့၊ ဘာသိဘာသာ မနေပါနဲ့။ အကြောင်းအရာ အဖြစ်အပျက်များကို မေတ္တာစိတ်ဖြင့်ယှဉ်၍ မြင်ကြည့်၊ တွေးကြည့်ပါ။ ယင်းကို Emotional Quotient မြင်တယ်လို့ ခေါ်ပါတယ်။

(၇) Antioxident များများပါသော ဟင်းသီးဟင်းရွက်နှင့်အစားအစာကို များများစားပေးပါ။ဆေးများလဲ ရှိပါတယ်။ ထိုဆေးများကိုလဲ နေ့စဉ်မှီဝဲ စားသုံးနိုင်ပါတယ်၊ စားသုံးသင့်ပါတယ်"

"ဒါထက်ဆရာရေ၊ အဲဒီအင်တီအောက်စီဒန့်ပါတဲ့ ဆေးက ဘာရောဂါတွေကို ပျောက်စေတာပါလဲ"

"ဇဗပါးရောဂါကို ပျောက်တယ်ဆိုရမလားဘဲ။ လူနာတွေရဲ့ တုံ့ပြန်မှု စကားသံတွေကို မှတ်တမ်းပြုထားတာထဲက တချို့ကို ကောက်နုတ်ပြီး ဖတ်ပြပါမယ်–

(၁) ကျွန်တော့်မှာ ပန်းနာရှိပါတယ်၊ အရေပြား ယားယံတဲ့ရောဂါနဲ့ လက်တွေကကွဲအက်ပြီး သားနံ့ရည်တွေထွက်နေတာနှစ်ပတ်ကြာ ဆေးစားရုံနဲ့ လက်တွေ့အကောင်းအတိုင်းပြန်ဖြစ်လာ ပါတယ်။

(၂) ကျွန်တော် လွန်ခဲ့တဲ့ ၁၆နှစ်ကတည်းက Multiple Selerosis ရောဂါသည်အဖြစ် အသတ်မှတ်ခံရပါတယ်။ ခြေထောက်နဲ့ တင်ပါးခွက်ထဲမှာ အမြဲထုံနာကျဉ်နာ ခံစားနေရပါတယ်။ လမ်းကောင်းကောင်း မလျှောက်နိုင်ပါဘူး။ အခြားဆေးတွေသောက်တာ မသက်သာပါဘူး။ ဒီဆေးတစ်လလောက်သောက်တာနဲ့ ပုံမှန်ပြန်လည်လှုပ်ရှားနိုင်ပါပြီ။

(၃) ညညအိပ်မရအောင် ကျွန်တော့်ခြေထောက်တွေ ဆတ်ခနဲ ခဏခဏတုန်တတ်ပါတယ်။ အာရုံကြော အထူးကုဆရာဝန်က ဒီဆေးသောက်ခိုင်းတာ တစ်လမပြည့်ခင်မှာ ကောင်းကောင်းမွန်မွန်အိပ်လို့ရသွားပါတယ်။ (Glavcoma) ရေတိမ်ဖြစ်လို့ မျက်စိဆရာဝန် သွားပြနေတာ အဲဒါပါ ပျောက်သွားတယ်။ ဆရာဝန်က မျက်လုံး ဖိအားတိုင်းကြည့်တော့ ပုံမှန်ဖြစ်သွားပြီလို့ပြောပါတယ်။

(၄) ကျွန်တော် လေးဖက်နာ ခံစားနေရတာ ၁၅နှစ်ရှိခဲ့ပါပြီ။လက်တွေဆိုရင် ကွေးကောက်ပြီး ပုံပျက်လာပါတယ်။ Prednisolone၊Methotrexate နဲ့ Salycilate +Tagament ဆေးတွေသုံးနေတဲ့ကြားက နာမြဲနာပြီး ချည့်လာပါတယ်။ ဒီဆေးသောက်ပြီး တစ်လအကြာမှာ အကိုက်အခဲတွေလုံးလုံး ပျောက်သွားပါတယ်။ လက်တွေလဲကွေးဆန့်လို့ရလာပြီး ၁၀နှစ်ကျော်မသန်မစွမ်း ဘဝကအခု ကတ်ကျေးတောင်သုံးနိုင်ပြီ၊ တခြားဆေးတွေလဲ လျှော့လို့ ရသွားပါပြီ။

(၅) ကျွန်မ ဒီဆေးစသုံးတာ သူ့ရဲ့ ရောဂါကာကွယ်ရေးအစွမ်းတွေကြောင့်ပါ။ ရက်သတ္တပတ် အနည်းငယ်အတွင်းမှာပဲ လုပ်ဖော်ကိုင်ဖက်တွေက မေးလာကြပါတယ်။ ကျွန်မအသားအရေ လှအောင်ဘာ ဆေးတွေများ သုံးစွဲသလဲပေါ့ရှင်။ အသားအရေကတင်းတင်းရင်းရင်းနဲ့ နုပျိုလာသတဲ့လေ။

(၆) ကျွန်တော့်မှာ ဆီးချိုရောဂါရှိပါတယ်၊ခြေထောက်တွေမှာ သွေးလည်ပတ်မှု မကောင်းတော့လို့ ခြေချင်းဝတ် နှစ်ဖက်လုံးမှာ (Spida Veins) သွေးပြန်ကြောတွေပေါ်လာပြီး ခြေဖဝါးတွေ ထုံကျဉ် အေးစက်လာပါတယ်။ ဒီဆေးစားပြီးကတည်းက တဖြည်းဖြည်း ထုံကျဉ်တာတွေ ပျောက်ပြီး သုံးနှစ်အေးလာတဲ့ ခြေထောက်တွေ ပြန်နွေးလာပြီ၊ ဆီးချိုဆေးကိုလဲ ခါတိုင်းသောက်နေကျထက် တစ်ဝက် လျှော့သောက်လို့ရနေပါပြီ။

(၇) ညညဆိုရင် တစ်နာရီတစ်ခါလောက် ကျွန်တော် ရေချိုးခန်း ပြေးရတယ်။ ဒီဆေးသုံးပြီး တစ်ပတ်အတွင်းမှာပဲ ညည ထရတဲ့ကိစ္စ သိသိသာသာ လျော့သွားပါတယ်။ ကျွန်တော့်ကို ကုသပေးနေတဲ့ ဆရာဝန်ဆီပြန်ပြပြီးအစစ်ခံတော့ကျွန်တော့် ဆီးကြိတ် နဂိုအရွယ် ပြန်ဖြစ်သွားပြီ"တဲ့။

"ဟုတ်ရဲ့လားဆရာ၊ ကျွန်တော်လဲဒီလိုပဲ တစ်ညလေးငါးခါလောက် ထရပါတယ်။ ဆီးသွားတော့လဲ ကြာတယ်။ အားမရဘူး။ ဆီးချို စစ်ကြည့်တော့လဲ မရှိဘူး။ ကျွန်တော်နဲ့ သင့်မလား၊ ညွှန်ပေးပါဦး ဆရာရယ်"

"သင့်ပါတယ် ဦးလေးချောရဲ့၊ ဦးလေးတို့အရွယ်မှာ BPH လို့ ခေါ်တဲ့ ဆီးကြိတ် ကြီးလေ့ရှိတတ်ကြပါတယ်။ ဆေးကို တမင်ဝယ်စားစရာမလိုပါဘူး။ ဦးလေး ဈေးက ဝယ်လာတဲ့ ဟောဒီစားစရာတွေထဲမှာ Antioxident တွေ အများကြီးပါပါတယ်။ ဆေးတွေကလဲ အဲဒီ အသီး၊ အရွက်၊ အပွင့်တွေ၊ အစေ့တွေက ထုတ်ထားတာခင်ဗျ။ အထူးသဖြင့်တော့ ဖရုံသီးကို နှပ်စား၊ ဖရုံစေ့ကို လှော်စား၊ ရက်ဆက် စားကြည့်ပါ၊ နှစ်ပတ်လောက်ပေါ့။ ဦးလေးရဲ့ ညတိုင်း ခဏခဏထရတဲ့ကိစ္စ အဆင်ပြေသွားပါလိမ့်မယ်"

"ဟန်ကျလိုက်လေဗျာ၊ အခြား ဘယ်အသီး၊ အရွက်၊ ဘယ်အပွင့်၊ ဘယ်အစေ့တွေထဲမှာ အဲဒီအမ်တီအောက်စီဒန့်ဓာတ်တွေ များများပါသေးလဲ ဆရာ"

"ဟုတ်ကဲ့၊ နောက်နေ့မှ ထပ်ဆွေးနွေးပါ့မယ်ဦးလေးချော၊ အခုတော့ ကိုးနာရီထိုးခါနီးပြီမို့ ရုံးသွားဖို့ ပြင်လိုက်ပါရစေဦး"။ ။

အမှတ်(၁)စက်မှုဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ ဝန်ကြီးဦးအောင်သောင်းတက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနရှိ သင်တန်းခန်းမဆောင်၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ဝန်ကြီးက အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်း လုပ်ငန်း၊ မြန်မာ့စားသောက်ကုန် လုပ်ငန်း၊ မြန်မာ့အထည်အလိပ် လုပ်ငန်းနှင့် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းတို့မှ ဦးဆောင်ညွှန်ကြား ရေးမှူးများနှင့် စက်မှုကြီးကြပ်ရေးနှင့် စက်မှုစစ်ဆေးရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်တို့က သက်ဆိုင်ရာ စက်ရုံ အလိုက်လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ စက်မှုညွှန်ကြားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်က ဦးစီးဌာန လုပ်ငန်း များ၏ ဆောင်ရွက်ချက်များကို သုံးသပ်တင်ပြပြီး စက်ရုံထူးချွန်ဆု၊ ထူးချွန်ဝင်းသူဇာ အရောင်းဆိုင်ဆု နှင့် ဘဏ္ဍာရေးနှစ်ချုပ် စာရင်းရေးဆွဲ မှုဆုများ ချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း ထူးချွန်စက်ရုံ ပထမဆုရ ကြံခင်း ဘိလပ်မြေစက်ရုံ အမှတ်(၂)ကို လည်းကောင်း၊ ဒုတိယဆုရ မော်ဘီ မီးခံဘိလပ်မြေပြားစက်ရုံကို လည်း ကောင်း၊ တတိယဆုရ ဖိနပ်စက်ရုံ အမှတ်(၁)ကိုလည်းကောင်း ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးသည် အထူး ဆုများရရှိသည့် မန္တလေးအချိုရည် စက်ရုံ၊ အုတ်စက်ရုံအမှတ်(၁)နှင့် အမှတ်(၃) စက္ကူစက်ရုံ(ပလိပ်)တို့ကို ဆုများအသီးသီးချီးမြှင့်သည်။

ဆုများချီးမြှင့်

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းက ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ် ထူးချွန်ဝင်းသူဇာ အရောင်းဆိုင် ဆုအတွက် ပထမဆုရ ဝါးတန်းဝင်းသူဇာအရောင်းဆိုင်၊ ပူးတွဲ ဒုတိယဆုရ လှိုင်ရတနာ ဝင်းသူဇာ အရောင်းဆိုင်နှင့် ပန်းဆိုးတန်း ဝင်းသူဇာအရောင်းဆိုင်၊ ပူးတွဲတတိယ ဆုရ ဒဂုံမြို့သစ်(မြောက်ပိုင်း)ဝင်းသူဇာ အရောင်းဆိုင်နှင့် စစ်တွေ ဝင်းသူဇာ အရောင်းဆိုင်၊ အထူးဆုများရရှိသည့် လှိုင်သာယာ ဝင်းသူဇာအရောင်းဆိုင်၊ ဗဟန်း ဝင်းသူဇာ အရောင်းဆိုင်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) ဝင်းသူဇာ အရောင်းဆိုင်တို့ကို ဆုများချီးမြှင့် သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းက ၂၀၀၃–၂၀၀၄ ခု ဘဏ္ဍာရေးနှစ် နှစ်ချုပ် စာရင်း ရေးဆွဲမှုဆုများတွင် အုပ်စု(က)စက်ရုံ အစုအတွက် ပူးတွဲပထမဆုရ ပလိပ် ချည်မျှင်နှင့် အထည် စက်ရုံနှင့် စစ်ကိုင်းချည်မျှင်နှင့် အထည်စက်ရုံ တို့ကိုလည်းကောင်း၊ ဒုတိယဆုရ သာယာဝတီပန်းကန်နှင့် ကြွေပြား စက်ရုံကိုလည်းကောင်း၊ တတိယဆုရ ပုသိမ်မှန်စက်ရုံကို လည်းကောင်း၊ အုပ်စု(ခ) စက်ရုံများ အစုအတွက် ပူးတွဲပထမဆုရ အဆင့်မြင့်မီးခံအုတ် စက်ရုံနှင့် အင်္ဂတေပစ္စည်းစက်ရုံတို့ကို လည်းကောင်း၊ ဒုတိယဆုရ အုတ် စက်ရုံအမှတ်(၁)ကို လည်းကောင်း၊ တတိယဆုရ ပလတ်စတစ်စက်ရုံကို လည်းကောင်း ဂုဏ်ပြုဆုများ အသီး သီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး ညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက် ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● အီရတ်ပြောက်ကျားမှ

ယင်းထိခိုက်ဒဏ်ရာရသူအားလုံး မှာ အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ ဝင်များနှင့် အယ်လ်ဆာဒါ၏ လက် နက်ကိုင်တပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွား မှုကြောင့် ထိခိုက်ဒဏ်ရာရခဲ့ခြင်း ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြား သည်။

သေဆုံးသူများအနက် နာဂျက်ဖ် မြို့၌ စိန်ပြောင်းကျည်ထိမှန်မှုကြောင့် ရဲအဖွဲ့ဝင်ခြောက်ဦး သေဆုံးခဲ့ကြောင်း အီရတ် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

❍ ကျောဖုံးမှ

ရန်ကုန်မြို့တော်၏ အထင်ကရ ဥယျာဉ်ကြီးတစ်ခုဖြစ်သော ကန်တော်ကြီး ဥယျာဉ်သည် မြေပြင်ဧရိယာဧက ၁၁၀၊ ရေပြင်ဧရိယာ ဧက ၁၅၀ စုစုပေါင်း ဧက၂၆၀ ကျယ်ဝန်းသည်။

အဆိုပါ ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာ လှပရေးအတွက် ၂၀၀၃ ခုနှစ် မေလမှစတင်၍ ဘက်စုံအဆင့်မြင့်တည်ဆောက် ရေးလုပ်ငန်းများကို ဇုန်လေးဇုန်ခွဲကာ ဆောင်ရွက်ခဲ့သည်။

ဇုန်(၁)အဖြစ် သတ်မှတ်ထားသည့် Relaxation Zone ကို ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူတည်ဆောက်လျက်ရှိသည်။

ဇုန်(၂)အဖြစ် သတ်မှတ်ထားသည့် Education Zone ကို လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနတို့က ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ဇုန်(၄)အဖြစ် သတ်မှတ်ထားသည့် Recreation Zone ကို ဇေကမ္ဘာ ကုမ္ပဏီက တာဝန်ယူတည်ဆောက်သည်။

ဇုန်(၃)အဖြစ် သတ်မှတ်ထားသည့် Central Forest Zone ကို သစ်တော ရေးရာဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က တာဝန်ယူ တည် ဆောက်နေပေသည်။

Central Forest Zone သည် ရေပြင်နှင့်မြေပြင်စုစုပေါင်း ဧက ၄၀ ကျယ်ဝန်းပြီး အဓိကလုပ်ငန်းရပ်များစွာရှိသည့်အနက် ရေပေါ်ရှုခင်းသာ (Water Plaza)တစ်ခု အပါအဝင်ဖြစ်သည်။

ကန်တော်ကြီးဥယျာဉ်သို့ အပန်းဖြေ လာရောက်ကြသူများ အထူး ဝမ်းသာလှပြီး စိတ်နှလုံးပျော်ရွှင်စေရန် ရေပေါ်ရှုခင်းသာနှင့်အတူ ရေပန်းကြီး ခြောက်ခုကိုလည်း တပ်ဆင်ပေးထားရာ မျက်စိပသာဒ တင့်တယ်လှပေ သည်။

နံနက်စောစောနှင့် ညနေခင်းများတွင် Water Plaza ပေါ်မှ ရေပန်းဖွား များကိုကျော်၍ လေးဆူဓာတ်ပုံ မြတ်ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်ရသည့် မြင်ကွင်းသည် ဗုဒ္ဓဘာသာဝင်များအဖို့ အဖိုးအနဂ္ဃတစ်ရပ် ဖြစ်ပေသည်။

သို့ပါ၍ မကြာမြင့်သောကာလအတွင်း ဘက်စုံအဆင့်မြင့်တည်ဆောက် ရေးလုပ်ငန်းများ ပြီးစီးတော့မည်ဖြစ်ရာ စိမ်းလန်းစိုပြည်သာယာလှပသော ကန်တော်ကြီးဥယျာဉ်အတွင်း၌ ပြည်သူများအပန်းဖြေနားနေနိုင်တော့မည်ဖြစ် ပေသည်။ ။

သတင်းမှတ်စု–ဝင်းရွှေ၊ ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ကိုးပါးသီလချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၂၁

၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၈ ရက် (ဩဂုတ်၂၃ရက်)တနင်္လာ နေ့တွင် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ညောင်တုန်း မြို့ ပုဏ္ဏာမာရာမစျေးကျောင်း ဆရာတော် အဘိဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာ ဘိဝံသက နဝင်္ဂဥပေါသထကိုးပါး သီလတရားတော်မြတ်ကို မြန်မာ့ ရုပ်မြင်သံကြား နံနက်ပိုင်း အစီ အစဉ်များအပြီးတွင် ဟောကြား ချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်မိုးရေချိန်

၂၁–၈–၂၀၀၄

မင်္ဂလာဒုံ
ဝဒသမဝ၄လက်မ
ကမ္ဘာအေး
ဝဒသမဝ၁၅လက်မ
ရန်ကုန်မြို့လယ်
ဝဒသမ၆၃လက်မ

ရာသီဥတုခန့်မှန်းချက် ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ဆေးဝါးသစ်မိတ်ဆက် ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

နှလုံးရောဂါနှင့်ဆီးချိုရောဂါအတွက် Statin ဆေးဝါးဖြင့် ရောဂါကုသမှု အကြောင်း ဆွေးနွေးပွဲနှင့် Ranbaxy ကုမ္ပဏီ၏ ဆေးဝါးသစ်မိတ်ဆက် ရှင်းလင်းပွဲကို ဩဂုတ်၁၅ရက် ညနေ ၆နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရား လမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်ဆေး တက္ကသိုလ်(၁)မှ အတိုင်ပင်ခံဆရာဝန် ဒေါက်တာစောနိုင်က သဘာပတိ အဖြစ်ဆောင်ရွက်ပြီး Ranbaxy ကုမ္ပဏီ၏ ရှင်းလင်းဆွေးနွေးပွဲ၌ ကွင်းမေရီဆေးနှင့် ဆေးဘက်ဆိုင်ရာ ကျောင်းဆဲလ်နှင့် မော်လီကျူလာသိပ္ပံမှ ပါမောက္ခဂရေဟမ်အေဟစ်မင်းက နှလုံးသွေးကြောရောဂါကာကွယ်ရေး အကြောင်းကို ရောင်စုံဆလိုက်ဖြင့် ရှင်းလင်းပြောကြားသည်။**(အောက်ပုံ)**

ထို့နောက် အခမ်းအနားသို့ တက် ရောက်လာကြသော ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့မှ ဆေးပညာရှင်များ၏ ဆွေးနွေး မေးမြန်းချက်များကို ပါမောက္ခ ဂရေဟမ် အေဟစ်မင်းက ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းစိန်မြို့နယ်ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီး ဘက်စုံတည်ဆောက်ရေးအလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြို့သစ်(က)ရပ်ကွက် (၃)လမ်းရှိ အင်းစိန်မြို့နယ် ကျက်သရေဆောင် ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီး ဘက်စုံတည်ဆောက်ရေး အလှူငွေ ပေး အပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး၏ ဖောင်တော် ဦး ဓမ္မရိပ်သာ ဓမ္မာရုံတော်ကြီး၌ ကျင်းပရာ ဆရာတော် သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူ ကြပြီး တာဝန်ရှိသူများနှင့်အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှင်းလင်းလျှောက်ထား

ထို့နောက် ဖောင်တော်ဦးမတ်ရပ် တော် ဘုရားကြီးဂေါပကအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြတ်သူက ဘုရားကြီးဘက်စုံ တည် ဆောက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်း လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် ဖောင်တော်ဦးမတ် ရပ်တော် ဘုရားကြီး ဩဝါဒါစရိယ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ က ဩဝါဒကထာမြွက်ကြားတော်မူပြီး တာဝန်ရှိသူများက ဆရာတော်သံဃာ တော် အရှင်သူမြတ်များအား လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြ သည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်များက ဖောင် တော်ဦးမတ်ရပ်တော်ဘုရားကြီးဘက်စုံ တည်ဆောက်ရေးအတွက် အလှူငွေ များကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံ တော် သံဃမဟာနာယကအဖွဲ့ဝင် ဘုရားကြီး၏ ဩဝါဒါစရိယ အင်းစိန် ရွာမ ပရိယတ္တိစာသင်တိုက် တိုက်အုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသက အလှူငွေ ကျပ်၁၀၀၀၀၀၊ ဘုရားကြီး၏ ဩဝါဒါ စရိယ ဆရာတော် ဘဒ္ဒန္တကုသလ (ဈေးကုန်း ပရိယတ္တိ စာသင်တိုက်)၊ သာယာဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း–ဒေါ်ခင်ဝင်းမြင့် မိသားစု၊ အင်းစိန် မြို့နယ်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်း လွင်–ဒေါ်ဥမ္မာထွန်းနွယ် မိသားစုနှင့် အင်းစိန်မြို့နယ် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြတ်သူ–ဒေါ်ကြူကြူမိသားစုတို့က ငွေကျပ် ၅၀၀၀၀စီ၊ အင်းစိန်မြို့နယ် အတွင်းရှိ ရပ်ကွက်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့များ ၏ လှူဒါန်းငွေကျပ် ၃၀၂၃၄၉၀၊ ဦးအောင်မြင့်– ဒေါ်အမာဆွေ (က/ ၄လမ်း)၊ ဦးဝင်းလှိုင်–ဒေါ်ခင်နီသန်း (က/၃လမ်း)၊ ဦးမျိုးသိန်း၊ ကိုဇော် ကိုကို(က/၃လမ်း)၊ ဦးမျိုးညီညီ– ဆရာမကြီးဒေါ်သန်းသန်း၊ ဦးစိန်အေး မိသားစု(က/၃လမ်း)၊ ဦးမောင်ဝင်း– ဒေါ်နွဲ့မိသားစု (ကြေးတိုင်စု –၁လမ်း)၊ ဦးမောင်မောင်မြင့်–ဒေါ်တင်မာမာ (က/၃လမ်း)နှင့်ဦးလှမြင့်–ဒေါ်တင် တင်ညွန့် သား မောင်မျိုးသန့်ဇင် (သီရိရတနာ–၁လမ်း)တို့က အလှူ ငွေကျပ် ၁၀၀၀၀၀စီ အပါအဝင် အလှူရှင် ၅၃ဦးတို့က အလှူငွေကျပ် ၅၆၄၉၁၃၀တို့ကို ပေးအပ်လှူဒါန်း ကြပြီး တာဝန်ရှိသူများက လက်ခံ ကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည် ပေးအပ်ကြသည်။

(သတင်းစဉ်)

ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီးလှိုင်းကြီးနိုင်

ရန်ကုန် ဩဂုတ် ၂၁

ယနေ့ နံနက်၉နာရီခွဲအထိမိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၌ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား ၊ရှမ်း ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့၌နေရာ ကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးရွာခဲ့ကာ တနင်္သာရီတိုင်း တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေအားကောင်း နေကြောင်းသိရသည်။

ဩဂုတ် ၂၂ရက်ညနေအထိ ခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအောက်ပိုင်း မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်တို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိတိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

■ *ကျောဖုံးမှ*

မြန်မာအသင်းသည် ပထမဂိုး (ပယ်နယ်တီ) မပေးရမီအချိန်အထိ ဗီယက်နမ်အသင်းကို အသာစီးမှ ကစားနိုင်ခဲ့ပြီး သေချာပေါက် ဂိုးသွင်းခွင့်များလည်း ရရှိခဲ့သည်။ ပွဲချိန် ၂၅ မိနစ်ခန့်တွင် မြန်မာအသင်း သေချာပေါက် ဂိုးသွင်းခွင့်ရရှိခဲ့ရာ ဗီယက်နမ် ဂိုးသမား လဲကျနေစဉ် ဂိုးပေါက်နှင့် အနီးကပ်ကန်သွင်းခွင့်ရသော်လည်း ဘောလုံးကို မိမိရရမကန်သွင်းနိုင်၍ တစ်ဂိုးနစ်နာခဲ့ရသည်။ မြန်မာအသင်း ပယ်နယ်တီပြစ်ဒဏ်ဘောပေးခံရပုံမှာလည်း ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ပြင်းထန်သည်ကို တွေ့ရသည်။

မြန်မာအသင်း၏ ပယ်နယ်တီဧရိယာအတွင်း ဘောလုံးမြောက်ကျလာစဉ် ဗီယက်နမ်တိုက်စစ်မှူးနှင့် အသင်းခေါင်းဆောင်စိုးမြတ်မင်းတို့ ဘောလုံးယှဉ်လုကြရာ စိုးမြတ်မင်းက ဘောလုံးကိုဖျက်ထုတ်စဉ် ဗီယက်နမ်တိုက်စစ်မှူးလဲကျသွားသည်ကို ဒိုင်လူကြီးက ပယ်နယ်တီဟု သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါအနေအထားမှာ ပယ်နယ်တီ မပေးသင့်သော အနေအထားဖြစ်သော်လည်း အိမ်ရှင်အသင်းဖြစ်၍ ဒိုင်လူကြီးက လိုရာဆွဲ၍ ဆုံးဖြတ်ခဲ့ဟန်တူသည်။

မြန်မာအသင်း အလယ်တန်းလူ စန်းမောင် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခြင်းရခံသည်မှာလည်း ဒိုင်လူကြီး၏ဆုံးဖြတ်ချက်အပေါ် နားမလည်နိုင်အောင်ဖြစ်ရသည်။ ဘောလုံးလေထဲမြောက်နေစဉ် စန်းမောင်နှင့် ဗီယက်နမ်ကစားသမားတို့ ပြိုင်တူခုန်၍ခေါင်းတိုက်ရင်း ပြန်ကျလာရာ တစ်ဦးပေါ်တစ်ဦး ဖိမိပြီးလဲကျသွားသည်။ စန်းမောင်က အောက်ဗီယက်နမ်ကစားသမားက အပေါ်မှ ထပ်လျက်သားဖြစ်နေသည်။ အဆိုပါအနေအထားကို ဒိုင်လူကြီးကချက်ချင်းဆိုသလိုအနီကတ်ပြ၍ ထုတ်ပယ်လိုက်ခြင်းမှာ မြန်မာအသင်းအတွက် အထူးနစ်နာခဲ့ရသည်။

နောက်တန်းအမှား

မြန်မာအသင်းသည် တစ်ဂိုးသွင်းခံရစဉ်က ကစားပုံပျက်မသွားဘဲ ခြေရည်တူကစားနေခဲ့ရာမှ တစ်ဦးအထုတ်ခံလိုက်ရသည်အခါ ပို၍အားစိုက်ထုတ်ရပြီး ဂိုးများ ထပ်မံပေးခဲ့ရသည်။ မြန်မာအသင်းပေးရသော ဒုတိယဂိုးမှာ နောက်တန်းလူများ လူကပ်ကစားမှု အားနည်းသောကြောင့် ပေးခဲ့ရခြင်းဖြစ်သည်။ ပထမပိုင်းအပြီးတွင် ဗီယက်နမ်အသင်းက နှစ်ဂိုးဖြင့်ဦးဆောင်ကစားခဲ့ရာ ဒုတိယဂိုးကို ပထမပိုင်းပြီးခါနီးတွင် သွင်းယူခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်အသင်းက ဒုတိယပိုင်း၌ သုံးဂိုးထပ်မံသွင်းယူခဲ့ရာ ပဉ္စမဂိုးကို ပွဲပြီးရန်စက္ကန့်အလို၌ သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပွဲချိန်စေ့ခါနီး အချိန်ပိုင်းများ၌ အာရုံစူးစိုက်မှုနည်းသည်ကို အဆိုပါဂိုးများက ပြသနေသည်။ ဗီယက်နမ်အသင်းရရှိသော ငါးဂိုးအနက် ကျန်လေးဂိုးမှာ နောက်တန်းနှင့်ဂိုးသမားတို့အားနည်းမှုကြောင့် ဟုဆိုနိုင်သည်။ ဗီယက်နမ်အသင်းအတွက် တတိယဂိုးကို မြန်မာဂိုးနှင့် ၂၅ကိုက်အကွာမှ တိုက်ရိုက်ကန်သွင်းယူခဲ့ရာ ဂိုးသမားအောင်အောင်ဦး အငိုက်မိပြီး ဂိုးဝင်ခံခဲ့ရခြင်းဖြစ်သည်။

ဗီယက်နမ်နှင့်ပွဲ၌ မြန်မာအသင်းတွင် **(ဂိုး)**အောင်အောင်ဦး၊ **(နောက်တန်း)**စိုးမြတ်မင်း၊ မိုးကျော်သူ၊ မင်းသူ၊ စိုးလင်းထွန်း၊ **(အလယ်တန်း)**အောင်ကျော်မိုး(မျိုးမင်းထွန်း)၊ ဇော်ဇော်၊ စန်းမောင်၊ မာလ(ဘိုဘိုအောင်)၊ **(ရှေ့တန်း)**ရန်ပိုင်(ဝင်းမင်းထွဋ်)နှင့် ထွန်းမင်းဦးတို့ ပါဝင်ကစားခဲ့ကြသည်။

အိန္ဒိယအသင်း

၂၀၀၃ ခုနှစ် အယ်လ်ဂျီဖလား ဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ်ကို သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိပြီး ဖိုလ်စွဲခဲ့သော လက်ရှိချန်ပီယံအိန္ဒိယအသင်းသည် ယခုနှစ်တွင်လည်း လူစုံတက်စုံပါဝင်လာ၍ ချန်ပီယံဘွဲ့ကို ကာကွယ်ရန်ရည်မှန်းထားပုံရသည်။ ယမန်နှစ်ပြိုင်ပွဲတွင် အိန္ဒိယအသင်း ဖိုလ်စွဲခဲ့ရာ လက်ရွေးစင်အသင်းကို စေလွှတ်ခဲ့ခြင်းမဟုတ်ဘဲ အသက်(၂၃)နှစ်အောက် လက်ရွေးစင်အသင်းကို စေလွှတ်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်အယ်လ်ဂျီဖလား ဘောလုံးပြိုင်ပွဲဝင်အိန္ဒိယအသင်းသည် လက်ရွေးစင်အသင်းကြီးဖြစ်ပြီး လာမည့် စက်တင်ဘာ ပထမပတ်အတွင်း အိန္ဒိယ၌ ကစားမည့် ကမ္ဘာ့ဖလားအာရှဇုန်ခြေစစ်ပွဲ ဂျပန်အသင်းနှင့်ပွဲစဉ်အတွက် ကြိုတင်ပြင်ဆင်နေခြင်းဖြစ်သည်။ ယခုနှစ်အိန္ဒိယအသင်းနာမည်ကြီး တိုက်စစ်မှူးဘိုင်ချန်ဘူတီယာဦးဆောင်ပြီး လူစုံပါဝင်လာမည်ဖြစ်သည်။ တိုက်စစ်မှူးဘိုင်ချန်ဘူတီယာသည် ယမန်နှစ်ပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ်အသင်းကို ဖိုလ်လုပွဲ၌ နှစ်ဂိုးသွင်းယူခဲ့သူဖြစ်သည်။

အိန္ဒိယအသင်းကို အင်္ဂလန်လူမျိုး နည်းပြစတီဖန်ကွန်စတိုင်းက တာဝန်ယူကိုင်တွယ်ပြီး ပဏာမလက်ရွေးစင် ၃၅ဦးကိုစခန်းသွင်းကာ အပြီးသတ်ဆန်ခါတင်၂၀ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါအားကစားသမား၂၀ အနက်မှ ဒဏ်ရာရရှိသူများရှိပါက အစားထိုးနိုင်ရန် အရန်ကစားသမားငါးဦးကို ရွေးချယ်ထားသည်။

အိန္ဒိယလက်ရွေးစင်အသင်းတွင် အားကစားသမားများအဖြစ် **(ဂိုး)** ဆန်ဂရမ်မူခါဂျီး (အရှေ့ဘင်ဂေါ)၊ နာဆမ်းအက်တာ(မာဟင်ဒရာ)၊ **(နောက်တန်း)**မာဟီရှ်ဂေါလီ(မာဟင်ဒရာ)၊ ဒီဘာဘရာတာရှိုင်း(မာဟင်ဒရာ)၊ ဒီပတ်ကူးမား(အရှေ့ဘင်ဂေါ)၊ ဒီဂျစ်ဂိုရှ်(အရှေ့ဘင်ဂေါ)၊ ဗီနုဂျို့စ်(မာစကို)၊ ရီမန်မွန်ဒယ်(မာဟင်ဒရာ)၊ **(အလယ်တန်း)**ဗန်ခါတီရှ်(မာဟင်ဒရာ)၊ ဂျတီဆင်း(မာဟင်ဒရာ)၊ စတီဗင်ဒီးယက်စ်(မာဟင်ဒရာ)၊ တွန်ဘာဆင်း(မိုဟမ်ဘာဂမ်)၊ ဂျာရီဇီဆန်ဒါ(မိုဟမ်ဘာဂမ်)၊ လောရင့်စီ(အရှေ့ဘင်ဂေါ)၊ ဆာဖီယာနေးစ် (ဒမ်ပို)၊ ရီနီဒီဆင်း(အဲဗားရယ်ဒီ)၊ **(ရှေ့တန်း)**ဘိုင်ချန်ဘူတီယာ၊ (အရှေ့ဘင်ဂေါ)၊ ယာဒက်(မာဟင်ဒရာ)၊ အာရှင်ဘစ်ဝါစ် (မိုဟမ်ဘာဂမ်)နှင့် ပါရာကီရှ်(ဒမ်ပို)တို့ ပါဝင်ကြသည်။

ဖောင်ဖျက်ကစားရမည်

မြန်မာ့လက်ရွေးစင်အသင်းနှင့် အိန္ဒိယလက်ရွေးစင်အသင်းတို့သည် ၁၉၈၆ခုနှစ်က မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခြေစမ်းပွဲကစားခဲ့ရာ မြန်မာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ ယခုနှစ်ဆန်းပိုင်းက ထိုင်းနိုင်ငံ၌ကျင်းပသည့် ဘင်းမ်စတက်လူငယ်ဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ်က အိန္ဒိယလူငယ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ ပြီးခဲ့သည့် ဩဂုတ်၃ရက်နှင့် ၇ရက်တို့တွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်ဂေါပြည်နယ်မှ မိုဟမ်ဘာဂမ်အသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲတွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းက လေးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဒုတိယပွဲတွင် တစ်ဂိုးစီသရေကျခဲ့သည်။

အနိုင်ရရေး

မြန်မာအသင်းသည်တစ်ပွဲရှုံးထားပြီးဖြစ်၍ အိန္ဒိယအသင်းကို အနိုင်ကစားမှသာ အကြိုဗိုလ်လုပွဲတက်ရောက်နိုင်မည်ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် အိန္ဒိယအသင်းကို သရေပင် အဖြစ်မခံနိုင်သည့်အနေအထားဖြစ်ရာ အနိုင်ရရှိရေးကိုသာ ဦးတည်၍ ဖောင်ဖျက်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲတွင်နှစ်သင်းစလုံးအတွက် အဝေးကွင်းဖြစ်၍ ခြေသာသူက အနိုင်ရမည်သာဖြစ်သည်။ မြန်မာအသင်းသည် ပထမပွဲမှ အမှားများကို ပြန်လည်သုံးသပ်ပြင်ဆင်ကာ အနိုင်ရရှိရေး တက်ကုန်ရှက်စုံဖွင့်၍ ကစားမည်ဖြစ်သည်။ မြန်မာနှင့်အိန္ဒိယတို့၏ ပွဲစဉ်၌ အနိုင်အရှုံးရလဒ် မည်သို့ရှိမည်ကို စောင့်စားကြည့်ကြရမည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၀-၈-၂၀၀၄

ကော့သောင်းမြို့

၃ ဒသမ ၈၂ လက်မ

ဖျာပုံမြို့

၂ ဒသမ ၃၆ လက်မ

ငါးသိုင်းချောင်းမြို့

၂ ဒသမ ၂၈ လက်မ

အငယ်တန်းစနူကာပြိုင်ပွဲ ကျော်မိုးတတိယရရှိ ခွန်ဇော်ထွေးနှင့်သန်းဌေးဗိုလ်လုပွဲ ယနေ့ဆင်နွှဲမည်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် စိန်ဝတ်မှုံကုမ္ပဏီက ပံ့ပိုးကျင်းပသည့် Rave Myanmar Snooker (Senior & Junior) Championship 2004 ပြိုင်ပွဲ အငယ်တန်း တတိယလုပွဲကို ယနေ့နံနက် ၁၀နာရီက Game City တွင် ကျင်းပရာ ကျော်မိုး(ရှမ်းပြည်နယ်)က စိုင်းထွေး(ရန်ကုန်)ကို နှစ်ပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိပြီး တတိယရရှိသွားသည်။ ဩဂုတ် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ်မှ ခွန်ဇော်ထွေးနှင့် မွန်ပြည်နယ်မှ သန်းဌေးတို့ ဗိုလ်လုပွဲ ဆင်နွှဲကြရမည်ဖြစ်သည်။

ရှမ်းပြည်နယ်မှ ခွန်ဇော်ထွေး

ခွန်ဇော်ထွေးသည် ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲတွင် တောင်ကြီးစင်တာမှ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အကြိုဗိုလ်လုပွဲတွင် ဇော်မင်းထိုက်ကို နှစ်ပွဲ-တစ်ပွဲဖြင့် ရှုံးပြီး တတိယလုပွဲတွင် မျိုးသက်နိုင်ကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိကာ တတိယဖြင့် ရန်ကုန်တွင် ကျင်းပသည့် ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ တက်ရောက်လာသူဖြစ်သည်။ ဒုတိယအဆင့်အုပ်စု ပတ်လည်ပြိုင်ပွဲတွင် ခွန်ဇော်ထွေး လက်တွေ့လာပြီး ဧရာဝတီတိုင်းမှ ကျော်ကျော်လင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းမှ နိုင်လင်းသူကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ယခုဗိုလ်လုပွဲတွင် သူနှင့်တွေ့မည့် မွန်ပြည်နယ်မှ သန်းဌေးကို နှစ်ပွဲ-တစ်ပွဲဖြင့် ရှုံးပွဲမရှိ ပထမရရှိကာ ကွာတားဖိုင်နယ်တက်လာသူဖြစ်သည်။

ကွာတားဖိုင်နယ်တွင် မန္တလေးတိုင်းမှ အေးမင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ အကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းမှ စိုင်းထွေးကို နှစ်ပွဲ- ပွဲမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာသူဖြစ်သည်။

မွန်ပြည်နယ်မှ သန်းဌေး

ဗိုလ်လုပွဲဆင်နွှဲမည့် သန်းဌေးသည် ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲတွင် မော်လမြိုင်စင်တာမှ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဝင်းထွန်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ စံလင်းကို နှစ်ပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိပြီး အုပ်စုပထမရကာ ကွာတားဖိုင်နယ်တွင် ပုံပုံကို နှစ်ပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ အကြိုဗိုလ်လုပွဲတွင် ရဲဝင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲတွင် သန်းစိုးနှင့် အကြိတ်အနယ်ယှဉ်ပြိုင် ကစားပြီး သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိကာ ပထမရရှိ၍ ဒုတိယအဆင့်အုပ်စု ပတ်လည်ပြိုင်ပွဲသို့ တက်ရောက်လာသူဖြစ်သည်။

သန်းဌေးသည် ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲတွင် ယခုဗိုလ်လုပွဲဆင်နွှဲမည့် ခွန်ဇော်ထွေးကို နှစ်ပွဲ-တစ်ပွဲဖြင့်ရှုံးပြီး ဧရာဝတီတိုင်းမှ ကျော်ကျော်လင်းကို နှစ်ပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းမှ နိုင်လင်းသူကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်းအနိုင်ရပြီး ဒုတိယဖြင့် ကွာတားဖိုင်နယ်ကို တက်ရောက်လာသူဖြစ်သည်။

ကွာတားဖိုင်နယ်တွင် သန်းဌေးသည် ရန်ကုန်မှ မိုးအောင်သူကို နှစ်ပွဲ-တစ်ပွဲဖြင့်အနိုင်ရပြီး အကြိုဗိုလ်လုပွဲတွင် နာမည်ကြီးရေပန်းစားနေသည့် ယခုပွဲစဉ်တွင် တတိယရရှိသွားသူ ကျော်မိုး(ရှမ်းပြည်နယ်)ကို နှစ်ပွဲ-ပွဲမရှိဖြင့်အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာသူဖြစ်သည်။

သူတို့နှစ်ဦးသည် ပထမနှင့် ဒုတိယ ကျပ်တစ်သိန်းကွာသည့် ပထမဆုကို သူနိုင် ကိုယ်နိုင်အပြိုင်နွှဲပြီး အမှားမခံပဲ ဗိုလ်လုပွဲဆင်နွှဲကြမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းမှ စိုင်းထွေးကို နှစ်ပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိသွားသော ခွန်ဇော်ထွေး (ရှမ်းပြည်နယ်) ယှဉ်ပြိုင်နေစဉ်။ (ခွန်ဇော်ထွေးသည် မွန်ပြည်နယ်မှ သန်းဌေးနှင့် ဗိုလ်လုပွဲ ဆင်နွှဲရမည်ဖြစ်သည်။) ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီခွဲက စိန်ဝတ်မှုံကုမ္ပဏီက ဆက်လက်ပံ့ပိုးကျင်းပမည့် Rave Myanmar Snooker အကြီးတန်း စနူကာပြိုင်ပွဲ အုပ်စုပွဲအတွက် မဲနှိုက်ကြရာ ပြိုင်ပွဲဝင် ၂၃ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုရှစ်စုခွဲကာ မဲနှိုက်ဆုံးဖြတ်ကြသည်။

(က)အုပ်စုတွင် ကျော်ဦး၊ စိုင်းမျိုးနိုင်နှင့် ခင်မောင်လေး၊ (ခ)အုပ်စုတွင် နေသွေးဦး၊ အာကာဟိန်းထက်နှင့် တင်ရ၊ (ဂ)အုပ်စုတွင် အောင်ဆန်းဦး၊ မင်းမင်းဦးနှင့် ခင်မောင်ထွေး၊ (ဃ)အုပ်စုတွင် ကျော်ငွေ၊ ခွန်ဇော်ထွေးနှင့် မိုးမိုးအောင်၊ (င)အုပ်စုတွင် ပေါက်စ၊ ဇော်သန်းထိုက်နှင့် အောင်ဌေး၊ (စ) အုပ်စုတွင် ကျော်နိုင်နှင့်မင်းမင်း၊ (ဆ) အုပ်စုတွင် ခင်မောင်ဦး၊ ဆန်းမြင့်နှင့် ဇော်ထွန်း၊ (ဇ)အုပ်စုတွင် ကိုကိုနိုင်၊ ဝင်းဌေးနှင့် သန်းဌေးတို့ပါဝင်ကြသည်။

ပြိုင်ပွဲကို ဩဂုတ်၂၃ရက်(တနင်္လာနေ့)တွင် သတ်မှတ်ထားသော နေရာများတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

ဩဂုတ် ၂၀ ရက်က ပန်းဘဲတန်းမြို့နယ် အမှတ်(၆)ရပ်ကွက်ရုံးတွင် ပညာအလင်းတန်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်နိုင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင်ပြန်/ဆက်)

ပူထရာဖလားဂေါက်သီးရိုက်ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက်အသင်း အင်ဒိုနီးရှားသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၁

၂၀၀၄ခုနှစ် ဩဂုတ်၂၄ရက်မှ ၂၇ ရက်အထိ အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပမည့် (၄၄)ကြိမ်မြောက် အရှေ့တောင်အာရှအသင်းလိုက်တံခွန်စိုက် ပူထရာဖလားဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အပျော်တမ်း ဂေါက်သီးရိုက်အသင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင် အပျော်တမ်းဂေါက်သီးရိုက်အသင်းအား မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးအောင်ကြည်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့လက်ရွေးစင် အပျော်တမ်းဂေါက်သီးရိုက်အသင်း၌ အုပ်ချုပ်သူအဖြစ် ဦးရေးထက်ဒိုးကဆောင်ရွက်ပြီး နည်းပြဆရာအဖြစ် Professional Golfer ဦးချမ်းဟန်က ဆောင်ရွက်၍ အပျော်တမ်းလက်ရွေးစင်များအဖြစ် မျိုးမင်းအောင်၊ ဇော်ဇင်ဝင်း၊ သိန်းဇော်မြင့်နှင့် အောင်အောင်ကျော်တို့ လိုက်ပါသွားကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

ဂျပန်မှ ကာဂျီရှုဆူကီသည် အမျိုးသားကီလို ၁၀၀ ဂရမ် ဂျူဒိုပြိုင်ပွဲတွင် အနိုင်ရမိုလ်စွဲသွားပြီး အောင်ပွဲခံနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အေသင်အိုလံပစ်အားကစားပြိုင်ပွဲများဆက်ယှဉ်ပြိုင်

အေသင် ဩဂုတ် ၁၉

တရုတ်နိုင်ငံမှ ရှီဇီရောင်သည် တရုတ်နိုင်ငံအတွက် အေသင်အိုလံပစ် အမျိုးသား ၆၂ ကီလိုတန်း အလေးမ ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးပေးလိုက်သည်။ ၎င်းသည် အမြန်မ ၁၅၂ ဒသမ ၅ ကီလိုနှင့် ၁၇၂ ဒသမ ၅ ကီလို စုစုပေါင်း ၃၂၅ ကီလိုဖြင့် ရွှေတံဆိပ် ဆွတ်ခူးသွားခြင်းဖြစ်သည်။

ဓားခုတ်ပြိုင်ပွဲ

ပြင်သစ်မှ ဘရိုက်စ်ဂူရတ်သည် အိုလံပစ်အမျိုးသား ဓားခုတ်ပြိုင်ပွဲတွင် အီတလီမှ ဆယ်ဗာတိုဆန်ဇိုအား ၁၅–၁၃ မှတ်ဖြင့် အနိုင်ရရှိကာ အိုလံပစ် ရွှေတံဆိပ်ကို ရယူသွားသည်။

ယင်းအောင်မြင်မှုအတွက် ပြင်သစ်သမ္မတ ဂျက်ရှီရက်က အလွန်ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာတစ်စောင်ပေးပို့ခဲ့သည်။

ကြက်တောင်ရိုက်

အမျိုးသမီးတစ်ဦးချင်း ကြက်တောင်ရိုက်တွင် အင်ဒိုနီးရှားနွယ်ဖွား ဒတ်ချ်အားကစားသမား မီယာအော်ဒီနာသည် တရုတ်ထိပ်တန်း ကြက်တောင်ရိုက်အားကစားသမား ကောင်ယူနာနှင့် ဗိုလ်လုမည်ဖြစ်သည်။

ပြိုင်ပွဲမှထွက်သွားရ

အမျိုးသားတစ်ဦးချင်း ကြက်တောင်ရိုက် ဆီမီးဖိုင်နယ်တွင် အာရှမှ ကြက်တောင်ရိုက် အားကစားသမားများသာ ဖြစ်ကြပြီး တရုတ်နှင့် ကမ္ဘာ့နံပါတ်တစ် လင်ဒန်သည် ပထမအကျော့တွင် ပြိုင်ပွဲမှထွက်သွားရပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဂျပန်အမျိုးသမီး ဂျူဒိုပြိုင်ပွဲတွင်ရွှေတံဆိပ်ဆွတ်ခူး ရိုမေးနီးယားအမျိုးသမီးမီတာ ၂၀၀ရေကူးစံချိန်တင်

အေသင် ဩဂုတ် ၂၁

ဂျပန်မှ အာယုမိ တာနီမိုတိုသည် အေသင်၌ ၆၃ ကီလိုဂရမ်အောက် အမျိုးသမီးဂျူဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ ၎င်းသည် ၂၀၀၁ ခုနှစ် ကမ္ဘာ့ဂျူဒို ချန်ပီယံ ပြိုင်ပွဲတွင် ကြေးတံဆိပ်ပိုင်ရှင်ဖြစ်ခဲ့သည်။

ဂရိမှ အီလက်စ်အီလီယာဒစ်သည် အင်္ဂါနေ့က ယှဉ်ပြိုင်သည့် အမျိုးသားအိုလံပစ် ဂျူဒိုပြိုင်ပွဲတွင် ဂရိနိုင်ငံအတွက် ဒုတိယ ရွှေတံဆိပ်ကို ဆွတ်ခူးပေးလိုက်ခြင်းဖြင့် အသက် အငယ်ဆုံး အိုလံပစ် ဂျူဒိုချန်ပီယံ ဖြစ်သွားခဲ့သည်။ ၎င်းသည် အသက် ၁၇ နှစ်သာရှိသည်။

ရေကူး

ရိုမေးနီးယားမှ ကာဗယ်လီယာပိုတက်သည် အိုလံပစ် အမျိုးသမီး မီတာ၂၀၀ အလွတ်တန်း ရေကူးပြိုင်ပွဲတွင် ကမ္ဘာ့စံချိန်ရှင် ဖရန်ဇီစကာဗန် အယ်လ်ဆစ်၏ အိပ်မက်များကို ချေဖျက်ကာ ရွှေတံဆိပ် ဆွတ်ခူးသွားခဲ့သည်။ ၎င်းသည် မေလက စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ပြုလုပ်သည့် ဥရောပရေကူးချန်ပီယံဆုကို ဆွတ်ခူးခဲ့သူလည်းဖြစ်သည်။

အမေရိကန်မှ မိုက်ကယ်ဖဲလ်ပ်သည် အမျိုးသား မီတာ ၂၀၀ လိပ်ပြာကူးတွင် ဒုတိယမြောက် ရွှေတံဆိပ် ဆွတ်ခူးခဲ့သည်။ ၎င်း၏ စံချိန်မှာ ၁ မိနစ် ၅၄ ဒသမ ၀၄ စက္ကန့်ဖြစ်သည်။ ဂျပန်မှ တာကာရိယာမာမိုတိုသည် ၁ မိနစ် ၅၄ ဒသမ ၅၆ စက္ကန့်ဖြင့် ဒုတိယ ငွေတံဆိပ် ဆွတ်ခူးပြီး ဗြိတိန်မှ စတီဖင်ပါရီက ၁ မိနစ် ၅၅ ဒသမ ၅၂ စက္ကန့်ဖြင့် တတိယကြေးတံဆိပ် ဆွတ်ခူးသွား ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အမျိုးသား ၆၉ကီလိုတန်း အမျိုးသား အလေးမတွင် (ဝဲမှယာ) ကိုရီးယားမှ ငွေတံဆိပ်ရှင် ဘေယောင်လီ၊ တရုတ်မှ ရွှေတံဆိပ်ရှင် ဂူချန်ဇန်နှင့် ခရိုအေးရှားမှ နီကိုလေပါချာလော့ဗ်တို့ ဆုယူအပြီး အောင်ပွဲခံနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘယ်လ်ဂျီယံမှ ဂျူစတင်ဟာနင်နှင့် ရုရှားမှ မိုင်ရီနာတို့ အမျိုးသမီးတင်းနစ် တစ်ဦးချင်း ပြိုင်ပွဲတွင် ဂျူစတင်ဟာနင်၏ ပြိုင်ပွဲဝင်ဟန်။

(ဓာတ်ပုံ–အင်တာနက်)

ဘယ်လ်ဂျီယံတင်းနစ်မယ် ပြင်သစ်တင်းနစ်မယ်နှင့်ရွှေလုမည်

အေသင် ဩဂုတ် ၂၁

အေသင်အိုလံပစ်အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ဘယ်လ်ဂျီယံမှ ဂျူစတင်ဟာနင်က ပြင်သစ်အိုးပင်းချန်ပီယံ အနာစတာစီယာမိုင်ရှိနားကို အနိုင်ရရှိသွားသည်။

ဂျူစတင်ဟာနင်သည် ၇–၅၊ ၅–၇၊ ၈–၆ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

သူမသည် နောက်ဆုံးဖိုင်နယ်ပွဲအဖြစ် ပြင်သစ်မှ အမယ်လီမောရက်စ်မိုးနှင့်ရွှေတံဆိပ်လုမည်ဖြစ်သည်။ ပြင်သစ်မှမောရက်စ်မိုးသည် ဩစတြေးလျမှ အလီစီယာမိုလစ်ခ်ကို၇–၆၊ ၆–၃ဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

နယူးကာဆယ်မှဝုဒ်ဂိတ် ရီးယဲမက်ဒရစ်သို့ရောက်

မက်ဒရစ် ဩဂုတ် ၂၁

အင်္ဂလိပ်ပရီမီယာလိဂ်အသင်းဖြစ်သော နယူးကာဆယ်ယူနိုက်တက် နောက်ခံကစားသမား ဂျိုနသန်ဝုဒ်ဂိတ်သည် ဆေးစစ်မှုများအောင်မြင်ပြီးပါက ရီးယဲမက်ဒရစ်သို့ပြောင်းရွှေ့ကစားရန် စာချုပ်ချုပ်ဆိုတော့မည်ဖြစ်ကြောင်းသိရသည်။

ဂျိုနသန်ဝုဒ်ဂိတ်ကို ရီးယဲမက်ဒရစ်က လေးနှစ်စာချုပ်ချုပ်ဆိုမည်ဖြစ်ရာ နယူးကာဆယ်သို့ပေါင်သန်း ၂၀(အမေရိကန်ဒေါ်လာ၂၄ဒသမ၇၄သန်း)ပေးရမည်ဖြစ်သည်။

ဆေးစစ်မှုများ အောင်မြင်ပြီးစီးပါက လာမည့် ဘောလုံးရာသီလေးရာသီအတွက် ဝုဒ်ဂိတ်နှင့် စာချုပ်ချုပ်ဆိုတော့မည်ဖြစ်ကြောင်း ရီးယဲမက်ဒရစ်၏ တရားဝင်ကြေညာချက်တစ်ရပ်၌ ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

အေသင်အိုလံပစ် အမျိုးသမီး ဓားခုတ်ပြိုင်ပွဲတွင် ရုရှားမှ တာတီယာနာလိုဂိုနီဗာနှင့် ဂျာမနီမှ ဘရစ်တာဟိန်ဒီမန်တို့ ယှဉ်ပြိုင်ကစားစဉ်။

(ယင်းပြိုင်ပွဲတွင် ရုရှားမှ တာတီ ယာနာလိုဂိုနီဗာက အနိုင်ရရှိကာ ရွှေတံဆိပ်ဆွတ်ခူးသွားသည်။) **(ဓာတ်ပုံ–အင်တာနက်)**

မန်ယူမှဒီဂိုဖော်လန် ဗီလာရီးယဲသို့ပြောင်းပြီ

မက်ဒရစ် ဩဂုတ် ၂၁

မန်ချက်စတာယူနိုက်တက်မှ ဥရုဂွေးတိုက်စစ်မှူး ဒီဂိုဖော်လန်သည် ဗီလာရီးယဲအသင်းနှင့် ငါးနှစ်စာချုပ် ချုပ်ဆိုတော့မည်ဖြစ်ကြောင်းသိရသည်။

ဒီဂိုဖော်လန်သည် ဗီလာရီးယဲ၌ ကစားရန်အတွက် စပိန်နိုင်ငံသို့ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း အဆိုပါကလပ်အသင်းမှ ပြောရေးဆိုခွင့်ရှိသူ လူတစ်ဦးကပြောကြားသည်။

အသက် ၂၅နှစ်အရွယ်ရှိ မန်ယူ တိုက်စစ်မှူး ဒီဂိုဖော်လန်သည် ဗီလာရီးယဲသို့ ငါးနှစ်စာချုပ်ဖြင့်သွားရောက် ကစားရန် မိမိတို့သဘောတူညီမှုရရှိပြီး ဖြစ်ကြောင်းလည်း မန်ချက်စတာ ယူနိုက်တက်ဝက်ဘ်ဆိုက်က တရားဝင်ဖော်ပြသည်။ ဒီဂိုဖော်လန်သည် ပြီးခဲ့သည့် ၂၀၀၂ခုနှစ်က မန်ချက်စတာယူနိုက်တက်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ပြီး ယခုအခါ စပိန်ကလပ်အသင်း ဗီလာရီးယဲသို့ ပြောင်းရွှေ့ကစားတော့မည်ဖြစ်ရာ ဒီဂိုဖော်လန်သည် အားကစားသမားကောင်းတစ်ဦးဖြစ်ကြောင်း မန်ယူမန်နေဂျာ ဖာဂူဆန်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မရမ်းကုန်းမြို့နယ်အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမ အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့်ဒါရိုက်တာအဖွဲ့ရွေးချယ်

ရန်ကုန် ဩဂုတ် ၂၁

မရမ်းကုန်းမြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းစုလီမိတက်၏ ၂၀၀၃–၂၀၀၄ခုနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက ရန်ကုန်အင်းစိန်လမ်းမ သမိုင်းလမ်းဆုံရှိ မရမ်းမြေ အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယ မအသင်းလီမိတက်ခန်းမတွင်ကျင်းပသည်။

သဘာပတိ

သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးဘမြင့်က ဆောင်ရွက်ကာ အခမ်းအနားတွင်အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်း (**အပေါ်ပုံ**) နှင့် ရန်ကုန်တိုင်းသမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ရဲအောင်တို့က အမှာစကား ပြောကြားကြသည်။

တင်ပြဖတ်ကြား

ဆက်လက်၍ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာရှေ့လုပ်ငန်းစဉ်များကို အဖွဲ့ဝင်ဦးမောင်မောင်သန်း၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အကျိုးအမြတ်ခွဲဝေမှုစာရင်းကို အဖွဲ့ဝင် ဦးဇော်ဝင်းနှင့် စာရင်းစစ်အစီရင်ခံစာကို စာရင်းစစ်ဦးထွန်းမြင့်တို့ကလည်းကောင်း ရှင်းလင်းတင်ပြဖတ်ကြားသည်။

အမှာစကား

ဒုတိယပိုင်းတွင် ရွေးချယ်တင်မြှောက်အခမ်းအနားကို ဆက်လက်ကျင်းပရာ အသင်းဥက္ကဋ္ဌအသစ်က မိတ်ဆက် အမှာစကားပြောကြားပြီး ဖွဲ့စည်းရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ် စကားပြောကြားသည်။ **(က–ပ)**

လှိုင်သာယာမြို့နယ်ရေဥက္ကံကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရေဥက္ကံကျေးရွာအုပ်စုတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ရွှေဥက္ကံ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၇ရက် နံနက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်နှင့် ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးက ကျေးလက်ဒေသများ ပညာရည်မြင့်မားရေးအတွက် စာကြည့်တိုက်များ၏ အခန်းကဏ္ဍအကြောင်းကို ဟောပြောပြီး စာအုပ် မဂ္ဂဇင်းအုပ်ရေ ၅၀နှင့် ဂျာနယ်များကို လှူဒါန်းရာ ကျေးရွာအုပ်စုဥက္ကဋ္ဌက လက်ခံရယူသည်။

အလားတူပင် ရေဥက္ကံကျေးရွာအုပ်စု သောင်ကြီးလေး ကျေးရွာတွင်လည်း အဆိုပါနေ့ရက်ကပင် သောင်ကြီးလေး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ခဲ့ပြီး စာကြည့်တိုက်အတွက် စာအုပ် အုပ်ရေ ၅၀ နှင့် ဂျာနယ်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးက လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။

တက်ရောက်

အဆိုပါ ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲသို့ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာကော်မတီဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(က–ပ)**

သန်လျင်နာရေးကူညီမှုအသင်းနှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၂၁

သန်လျင် မြို့နယ် နာရေးကူညီမှုအသင်း၏ နှစ်နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် ဇေယျာမင်္ဂလာ သာမဏေကျော် စာသင်တိုက်ရှိ အသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ သန်လျင်မြို့နယ် နာရေးကူညီမှုအသင်း ပဓာန နာယက ဆရာတော် ဇေယျာမင်္ဂလာသာမဏေကျော် စာသင်တိုက်မှ ဘဒ္ဒန္တပုညာနန္ဒာလင်္ကာရက ဩဝါဒစကား မြွက်ကြားသည်။ ဆက်လက်၍ သန်လျင်မြို့နယ် နာရေးကူညီမှုအသင်း နာယက အရှေ့ပိုင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဦးဝင်းက သန်လျင်မြို့နယ် နာရေးကူညီမှုအသင်းဖြစ်ပေါ်လာပုံနှင့် အသင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှေ့လုပ်ငန်းစဉ်များနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားအတည်ပြုသည်။ **(က–ပ)**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ညွှန်ကြားလွှာအမှတ်(၈၂)ရှင်းလင်း

ရန်ကုန် ဩဂုတ် ၂၁

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာအမှတ်(၈၂) ရှင်းလင်းပွဲနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး အလုပ်အမှုဆောင်အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း အခမ်းအနားကိုယနေ့မွန်းလွဲ ၂နာရီက စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက်ခန်းမတွင် ကျင်းပသည်။

တာဝန်ပေးအပ်

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားရှိခိုး၍ အခမ်းအနားကိုဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဝင်အေးစေတီကျောင်းဆရာတော်ဘဒ္ဒန္တဉာဏလင်္ကာရက ညွှန်ကြားလွှာ(၈၂)ကို ဖတ်ကြားလျှောက်ထားသည်။ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်းကိုယ်စား အတွင်းရေးမှူးဦးကျော်မင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍မြို့နယ်သံဃ နာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဇနကက ညွှန်ကြားလွှာ(၈၂)ပါအချက်အလက်များကို ရှင်းလင်းလျှောက်ထားပြီး လုပ်ထုံးလုပ်နည်းနှင့်အညီညွှန်ကြားလွှာ အကောင်အထည်ဖော်ဆောင်ရွက်ရေး အလုပ်အမှုဆောင်အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ကြသည်။

ညွှန်ကြားလွှာအမှတ်(၈၂)ရှင်းလင်းပွဲနှင့် ဖွဲ့စည်းတာဝန်ပေးအပ်ပွဲသို့ စမ်းချောင်းမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့်အဖွဲ့ဝင်ဆရာတော်များ၊ဂိုဏ်းအသီးသီးမှဥက္ကဋ္ဌဆရာတော်နှင့်အဖွဲ့ဝင်ဆရာတော်များ၊ကျောင်းတိုက်များမှ ပဓာန နာယက ဆရာတော်များ၊ တိုက်အုပ်ဆရာတော်ကြီးများ၊ရပ်ကွက်အသီးသီးမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက် ကြကြောင်းသိရသည်။

(၁၂၉)

စည်ပင်သာယာရေးလုပ်ငန်းများ စုပေါင်းညှိနှိုင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၁

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့က ညွှန်ကြားရေးမှူး ဦးတင်ချိုသည် ဩဂုတ်၅ရက်က တနိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်စည်ပင်သာယာရေးကြီးကြပ်မှုအဖွဲ့နှင့်တွေ့ဆုံ၍ စည်ပင်သာယာရေးလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သည်။

တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း စည်ပင်သာယာရေး ဦးစီးဌာနရုံးချုပ် အစီအမံဖြင့် လမ်းကြိတ်စက် တစ်စီးဝယ်ယူ၍ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကို ငွေကျပ် ၇၆၅၀၀၀၀အကုန်အကျခံဆောင်ရွက်သွားမည်ဟုသိရသည်။

(ပြည်နယ်စည်ပင်)

သနပ်ပင်၌ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၂၁

သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများ ပုံမှန်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာမြို့နယ်ဥက္ကဋ္ဌဦးအောင်ကြည်နှင့် အဖွဲ့ဝင်များက အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများမှ မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ရှေ့လုပ်ဆောင်မည့် လုပ်ငန်းလျာထားချက်များ တင်ပြကြပြီး မြို့နယ်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ဦးစိန်ထွန်းတို့က ဌာနများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

(အောက်ပုံ)(က-ပ)

တရားစီရင်ရေးဆိုင်ရာလမ်းညွှန်ဩဝါဒများ တနင်္သာရီတိုင်း၌ ထပ်ဆင့်ရှင်းလင်း

ရန်ကုန် ဩဂုတ် ၂၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရားစီရင်ရေးဆိုင်ရာလမ်းညွှန်ဩဝါဒနှင့် ပြည်နယ်/တိုင်း ဥပဒေအရာရှိများ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ရှေ့နေချုပ်၏မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းသည့်အခမ်းအနားကို ဩဂုတ်၁၃ရက် နံနက်၉နာရီက မြိတ်မြို့ တနင်္သာရီတိုင်းဥပဒေရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်း ဥပဒေအရာရှိ ဦးတင်သိန်းမောင်၊ တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ်ဥပဒေအရာရှိများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်း ဥပဒေအရာရှိဦးတင်သိန်းမောင်က နိုင်ငံတော်ဝန်ကြီးချုပ်၏ တရားစီရင်ရေးဆိုင်ရာ လမ်းညွှန်ဩဝါဒနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို ဥပဒေအရာရှိအားလုံးက တက်ကြွစွာ ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ရန် လည်းကောင်း၊ ပြည်နယ်/တိုင်း ဥပဒေအရာရှိများ၏(၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ရှေ့နေချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၏ မှာကြားချက်ဖြစ်သော ဥပဒေအရာရှိအားလုံး ဗဟုသုတကြွယ်ဝရေး၊ ကိုယ်ကျင့်သိက္ခာကောင်းမွန်ရေး၊ ကျရာကဏ္ဍမှ တရားစီရင်ရေးမဏ္ဍိုင်ကို ကာကွယ်စောင့်ရှောက်ရေးတို့ကို လည်းကောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးကြသည်။ **(က-ပ)**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့နယ်ဝေလလန် စံပြကျေးရွာ ကျေးလက်ရေပေးရေးလုပ်ငန်းအတွက် ရေတားတမံပြုလုပ်ခြင်းနှင့် ရေပိုက်လိုင်း သွယ်တန်းမှု အခြေအနေအား ဩဂုတ် ၇ ရက်က တာချီလိတ်မြို့နယ် စည်ပင်အဖွဲ့ အမှုဆောင် အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးစိုးလင်းမြင့်တို့ ကွင်းဆင်းကြည့်ရှုကြစဉ်။

(မြို့နယ်စည်ပင်)

စာပေဂုဏ်ပြုပွဲ တောင်တွင်းကြီးမြို့၌ကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

တောင်တွင်းကြီးမြို့နယ် အသင်း(ရန်ကုန်)က ကြီးမှူးထုတ်ဝေသော တောင်တွင်းရွှေပြည် မဂ္ဂဇင်းတွင် ပါဝင်ကူညီခဲ့ကြသော စာရေးဆရာများ ၊ အလှူရှင်များအား မှတ်တမ်းတင် ဂုဏ်ပြုလွှာပေးအပ်ပွဲကို ဇူလိုင် ၂၈ရက်က တောင်တွင်းကြီးမြို့ မြို့လယ် သာသနာ့ဗိမာန်ဓမ္မာရုံတွင် ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် (၂) ဦးကံကြီးမောင်က အဖွင့်အမှာ စကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုး (မောင်ကျေးဇူး)၊ ဌာနေအဖွဲ့ ခေါင်းဆောင် ဦးမောင်မောင်ကြည်၊အတွင်းရေးမှူး ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ)နှင့် မြို့မိမြို့ဖ ဆရာကြီး ဦးလှတို့က ကျေးဇူးတင်ဂုဏ်ပြုစကားများ ပြောကြားကြပြီး စာမူရှင်များ၊ ကြော်ငြာအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် မဂ္ဂဇင်းစာအုပ်များ ပေးအပ်သည်။ **(က-ပ)**

အင်းစိန် အမက(၄၉) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ်၂၁ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူခင်ကဘက်စုံထူးချွန်ပထမ၊ ပညာရည်ချွန်ပထမဆုရ သူငယ်တန်းမှ မောင်ယုနိုင်အား ဆုချီးမြှင့်စဉ်။ (၀၄၆)

သံလွင်မြစ်ရေဆက်လက်ကျဆင်း

ရန်ကုန် ဩဂုတ် ၂၁

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် စင်တီမီတာ ၄၀ (တစ်ပေခွဲခန့်) စိုးရိမ်ရေမှတ်အထက်တွင် ရှိနေပြီး အဆိုပါမြစ်ရေသည် ဆက်လက်ကျဆင်းနေကာ ယနေ့မွန်းတည့်မှ နောက် ငါးရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ ထုတ်ပြန်ထားသည်။

အထက(၁) ကွမ်းခြံကုန်းမြို့၏ ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအဖြစ် အာဟာရတိုက်ကျွေးရေးကို ဩဂုတ် ၁၃ ရက်က ပြုလုပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးရွှေသိန်း၊ ကျောင်းကျန်းမာရေးအဖွဲ့နှင့် အလှူရှင်ဒေါ်တင်တင်အေး (ဒုသမတန်း-ခ)တို့က ကျောင်းသား ကျောင်းသူများအား အာဟာရတိုက်ကျွေးစဉ်။(က-ပ)

အမည်ပြောင်း

ဦးသန်းထွန်း၏ သမီး အထက(၃)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ နဝမတန်း(B)မှ မပိုးကြည်သာထွန်းအား ယနေ့မှစ၍ မပိုးကြည်သာဟု ခေါ်ဆိုပါရန်။

မပိုးကြည်သာ။

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်း၊ အမှတ် ၇၀၉ နေ ဒေါ်မြမြသန်း (MMN-၅၀၇၀၁၇)၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

TG

အထက်ဖော်ပြပါ တံဆိပ်အမည် အမှတ်အသားကို ဒေါ်မြမြသန်းက စက်မှုလက်မှုလုပ်ငန်းသုံး ဘက်ထရီအိုးအမျိုးမျိုး၊ မော်တော်ယာဉ်၊ လယ်ယာသုံးယာဉ်စသည့် စက်တပ်ယာဉ်များတွင် တပ်ဆင်အသုံးပြုနိုင်သော ဘက်ထရီအိုးအမျိုးမျိုး၊ အိမ်သုံး ဘက်ထရီအိုးအမျိုးမျိုး၊ ခဲတံခဲအမျိုးမျိုး၊ဘက်ထရီပလိတ်ပြားအမျိုးမျိုးနှင့်ယင်းဘက်ထရီအိုးများ၊ခဲတံခဲများ၊ ဘက်ထရီပလိတ်ပြားများကို ထုပ်ပိုးမည့် ထုပ်ပိုးခွံများတွင် ကပ်နှိပ်/ဖိနှိပ်/ရိုက်နှိပ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင်သာမက၊ ပြည်ပနိုင်ငံများသို့ ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ ၁၅ ရက်အတွင်း ကျွန်မထံသို့ဖြစ်စေ၊ ကျွန်မ၏ အမှုသည်ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်အေးမာ (LL.B)တရားရုံးချုပ်ရှေ့နေ (စဉ်-၂၈၇၁)
အခန်း၅/၁၀၄၊ ၅၆၃၊ ကုန်သည်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း၊ ဖုန်း-၃၇၃၀၈၂။

ကွက်ကျားမိုး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင်ကျင်းပမည့် ခြောက်နိုင်ငံ ဟော်ကီပြိုင်ပွဲဝင်

ပဏာမမြန်မာ့လူငယ်လက်ရွေးစင်ဟော်ကီအသင်း ရည်မှန်းချက်အပြည့်ဖြင့် ပြင်းပြင်းထန်ထန်လေ့ကျင့်

သတင်းဆောင်းပါး

မောင်မောင်ထွေး (သတင်းစဉ်)

ဓာတ်ပုံ – ရွှေထူး (သတင်းစဉ်)

နယ်ခရီးစဉ်များသို့ တာဝန်အရ မကြာမကြာ သွားရောက်နေရ၍ မိမိချစ်မြတ်နိုးသော အားကစားလောကနှင့် ခေတ္တဝေးကွာခဲ့ရာမှ ယခုရက်ပိုင်းအတွင်းက သိမ်ဖြူ ဟော်ကီကွင်းဘက်ဆီသို့ ရောက်ခဲ့သည်။ ဟော်ကီပြိုင်ပွဲများ မရှိသော်လည်း စိမ်းမြမြမြက်ခင်းပြင်မှာ အရှင်သခင်မဲ့ ဖြစ်မနေချေ။ ဟော်ကီရိုက်တံ ကိုယ်စီဖြင့် လူငယ်လက်ရွေးစင် များသည် ဟိုမှသည်ထံ လူးလာတုံ့ခေါက် ပြေးလွှား၍ ဂိုးသွင်းကျင့်နေကြသည်ကို တွေ့ရသည်။

ပွဲကြည့်စင်ထက်ဆီမှ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(ပြည်ပရေးရာတာဝန်ခံ၊ အာရှဟော်ကီအဖွဲ့ ချုပ်နှင့် အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်(FIH) ဖွံ့ဖြိုး တိုးတက်ရေးကော်မတီဝင်) ဦးကျော်နိုင် ဦးဆောင်သော မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ကော်မတီဝင်များကိုလည်း တွေ့ရသည်။

မြန်မာ့အားကစားလောကနှင့် နဖူးတွေ့ ဒူးတွေ့ ခေတ္တဝေးခဲ့ရ၍ သတင်းသမားပီပီ“သူတို့ ဘာအတွက် ပြင်းပြင်းထန်ထန်လေ့ကျင့်နေကြသည်၊ ဘယ်ပြိုင်ပွဲအတွက် ရည်မှန်းထားကြသည်” တို့ကို မေးမြန်းကြည့်မိရာ အသက် (၂၁)နှစ်အောက် ပဏာမ မြန်မာလူငယ် လက်ရွေးစင်

ဒေ့ရှ် လူငယ်အသင်းမှာ အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများအဖြစ် ဟောင်ကောင်၊ဂျပန်၊ ပါကစ္စတန်တို့တွင် ကမ္ဘာ့ထိပ်တန်း အဆင့်ရှိအသင်းများနှင့် ယှဉ်ပြိုင်ခဲ့၍ အတွေ့အကြုံများပြီး တောင့်တင်းခိုင်မာသော အသင်းတစ်သင်းဖြစ်ကြောင်း၊ ဂျပန်၊ တောင်ကိုရီးယား၊ ပါကစ္စတန်၊ အိန္ဒိယအသင်းများ ကဲ့သို့ အဆင့်မီအသင်းဖြစ်ကြောင်း၊ အိုမန်နှင့်အီရန်လူငယ် အသင်းတို့မှာ အရှေ့အလယ်ပိုင်းတွင် ဟော်ကီအားကစား နှင့် စပ်လျဉ်း၍ လက်ရှိရေပန်းစား တိုးတက်နေသောနိုင်ငံ များဖြစ်ကြောင်း၊ ဒေသတွင်းရှိ စင်ကာပူမှာမူ မလေးရှား ပြီးလျှင် ဒုတိယနေရာတွင်ရှိသောနိုင်ငံဖြစ်ကြောင်း၊ အာဖဂန် နစ္စတန်အသင်းမှာမူ အသင်းသစ်ဖြစ်ကြောင်း” ရှင်းပြသည်။

တစ်ဆက်တည်းမှာပင် မြန်မာလူငယ်လက်ရွေးစင်

မောင်မောင်တင်၊ အာရှလက်ဖွေ့ချန်ပီယံ ဝင်းမောင်၊ အာရှ အပြေးချန်ပီယံ ဂျင်မီခရမ်တန်တို့ နာမည်ကျော်ခဲ့သည်။

သို့သော် နောက်ပိုင်းခေတ်တွင် လပြည့်ဝန်းကြီးနှင့် တူသော ဘောလုံးအားကစားနှင့်အတူ အခြားအားကစား နည်းများဖြစ်သည့် ကြယ်တာရာတို့မှာလည်း အကြောင်း အမျိုးမျိုးကြောင့် မှေးမှိန်ခဲ့ရရှာသည်။

ယခု နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီခေတ်တွင် မြန်မာ့အားကစားကို အဘက်ဘက် က ပြန်လည်အားပေးချီးမြှောက်ခဲ့ရာ ဟော်ကီအားကစား သည်လည်း မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ တပ်မတော်

အနောက်တောင်တိုင်း စစ်ဌာနချုပ်၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ) တပ်မ (၁၁)၊ တပ်မ(၄၄)၊ တပ်မ(၈၈)၊ တပ်မတော်မှတ်တမ်းရုံးလူငယ်၊ ရှိုင်းနှင့် ပေလီကလပ် အသင်းများမှ လူငယ်အားကစားသမားများဖြင့် ပဏာမ အဆင့်၃၀ ရွေးချယ်ဖွဲ့စည်းထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ နံနက် ၆ နာရီခွဲမှ ၁၀ နာရီခွဲ၊ ညနေ ၃ နာရီခွဲမှ ၅နာရီခွဲအထိ တစ်နေ့နှစ်ကြိမ် ပြင်းပြင်းထန်ထန်လေ့ကျင့် ပေးလျက်ရှိကြောင်းသိရသည်။ ပြင်းပြင်းထန်ထန် လေ့ကျင့် နေကြသော မြန်မာလူငယ် ဟော်ကီကစားသမားများကို ကြည့်ရသည်မှာ လေ့ကျင့်မှုတွင် စိတ်ပါလက်ပါ ကြိုးစားမှု

ယနေ့မျက်မှောက်ခေတ် အားကစားပြိုင်ပွဲများသည် အားကစား နည်းတစ်ခုတည်း၊ အားကစားအဖွဲ့တစ်ဖွဲ့တည်းအတွက် ကိုယ်စား ပြုခြင်းမဟုတ်တော့။ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ နိုင်ငံဂုဏ်နှင့်ပါ ဆက်စပ် ယှက်နွယ်လာသည့် ခေတ်ဆီသို့ ကူးပြောင်းလျက် ရှိသည်။

ဟော်ကီအသင်းသားများ ပြင်းပြင်း ထန်ထန် လေ့ကျင့်နေ ကြခြင်းမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာ မြို့တွင် စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၅ ရက်အထိ ကျင်းပမည့် ခြောက်နိုင်ငံ ဟော်ကီပြိုင်ပွဲ (Six Nations Challenge Under (21) Cup 2004 Bangaladesh) ပြိုင်ပွဲ၌

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ကျင်းပမည့် ခြောက်နိုင်ငံဟော်ကီပြိုင်ပွဲဝင် အသက်(၂၁)နှစ်အောက် ပဏာမ မြန်မာ့လက်ရွေးစင် ဟော်ကီအသင်းသားများ အား အမှုဆောင်များ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြ များနှင့်အတူ တွေ့ရစဉ်။

ဟော်ကီအသင်းနှင့် စပ်လျဉ်း၍ “ကမ္ဘာ့ပြိုင်ပွဲ၊ အာရှ ဟော်ကီပြိုင်ပွဲများကို ကြည့်ရှုခဲ့ရသည့် အတွေ့အကြုံအရ ဘင်္ဂလားဒေ့ရှ်နှင့် အီရန်အသင်းကို မိမိတို့မြန်မာလူငယ် ဟော်ကီအသင်း အကြိတ်အနယ် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ အိုမန်နှင့်တန်းတူအဆင့်ရှိပြီး စင်ကာပူနှင့် အာဖဂန်နစ္စတန် ကို ကျော်လွှားနိုင်မည်ဟု ခန့်မှန်းမျှော်လင့်ထားကြောင်း၊ ယခုပြိုင်ပွဲမှာ ကျော်ဖြတ်ထိုးဖောက်နိုင်မည်ဆိုလျှင် အရှေ့ တောင်အာရှ ပြိုင်ပွဲတွင် မလေးရှားကိုသာ အကြိတ်အနယ် ယှဉ်ပြိုင်ပြီး ကျော်လွှားနိုင်မည် ဖြစ်ကြောင်း၊ မိမိတို့မြန်မာ လူငယ် ဟော်ကီအသင်းအနေဖြင့် ယခင်က မလေးရှား ပီရက်စ်ပြည်နယ်အသင်း၊ မဏိပူရပြည်နယ်အသင်းတို့ကို

မှတ်တမ်းရုံး တပ်မှူး အမှတ်(၂)စစ်ဒေသမှူးနှင့် ရန်ကုန် တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်၏ ဦးဆောင်မှုဖြင့် မြန်မာ့ ဟော်ကီ တစ်ခေတ်ဆန်းလာရေးအတွက် မျိုးဆက်သစ် လူငယ်များကို ပြန်လည်မွေးထုတ်ပေးလျက်ရှိသည်။

ယခုလက်ရှိ ယူ(၁၆)၊ ယူ(၁၂) လူငယ်လက်ရွေးစင် ဟော်ကီအသင်းကို ဖွဲ့စည်းပြီး ပွင့်လင်းရာသီတွင် ပြည်တွင်း ပြိုင်ပွဲများကျင်းပကာ ပြည်ပပြိုင်ပွဲများ စေလွှတ်ယှဉ်ပြိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် ယခုနှစ် ဒီဇင်

ပဏာမ မြန်မာ့လက်ရွေးစင် ဟော်ကီအသင်း သားများ တစ်နေ့နှစ်ကြိမ် ပြင်းပြင်းထန်ထန်လေ့ကျင့် ပေးရင်း အဖွဲ့ချုပ်အမှုဆောင်များ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့်လည်း ပြိုင်ပွဲအတွေ့အကြုံများကို ဤသို့ ဆွေးနွေးဖလှယ်ပြောကြားကြသည်။

ရှိနေကြောင်း တဒင်္ဂအကဲခတ်မိသည်။

“မျိုးဆက်သစ်တို့ အားကစားတွင်သာမက အဘက် ဘက်က တိုးတက်ရစ်ဖို့”လိုကြသည်။ **ယနေ့မျက်မှောက် ခေတ် အားကစားပြိုင်ပွဲများသည် အားကစားနည်းတစ်ခု တည်း၊ အားကစားအဖွဲ့တစ်ဖွဲ့တည်းအတွက် ကိုယ်စား ပြုခြင်းမဟုတ်တော့၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ နိုင်ငံဂုဏ်နှင့် ပါ ဆက်စပ်ယှက်နွယ်လာသည့် ခေတ်ဆီသို့ ကူးပြောင်း လျက် ရှိသည်။**

ပြီးခဲ့သည့် ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲတွင် ဥရောပ၌ သာမန်အဆင့်သာရှိသော ဂရိဘောလုံးအသင်းက အိမ်ရှင် ပေါ်တူဂီနှင့် လက်ရှိချန်ပီယံပြင်သစ်တို့ အပါအဝင် ထိတ်ထိတ်ကြဲအသင်းများကို တစ်သင်းပြီး တစ်သင်း အလဲ ထိုးဖြင့် အနိုင်ယူဗိုလ်စွဲသွားခဲ့ရာ တစ်ကမ္ဘာလုံးမှ ပြည်သူ များ နှုတ်ဖျားတွင် ဂရိနှင့် ယူရိုဖလား ပူးတွဲရေပန်းစားသွား ခဲ့သည်။ တစ်နည်းအားဖြင့် ဂရိဘောလုံးသမားများက သန်းပေါင်းများစွာသော ပြည်သူတို့ရှေ့မှောက်တွင် ဂရိ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးခြင်း မည်ပေသည်။

နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန်သာဖြစ်ကြောင်း သိရသည်။

ယခုပြိုင်ပွဲမှာ အရှေ့အလယ်အပိုင်း၊ တောင်အာရှနှင့် အရှေ့တောင်အာရှတို့၏ ဒေသတွင်း ပထမဦးဆုံးအကြိမ် ကျင်းပသော ပြိုင်ပွဲဖြစ်ပြီး အီရန်၊အိုမန်၊ အိမ်ရှင် ဘင်္ဂလား ဒေ့ရှ်၊အာဖဂန်နစ္စတန်၊စင်ကာပူနှင့်မြန်မာတို့ပါဝင်ယှဉ်ပြိုင် ကြမည်ဖြစ်သည်။

ပြိုင်ဘက်အသင်းများ၏အနေအထား၊ မြန်မာလူငယ် လက်ရွေးစင် ဟော်ကီအသင်း၏ အခြေအနေတို့နှင့် စပ် လျဉ်း၍ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (ပြည်ပရေးရာတာဝန်ခံ) ဦးကျော်နိုင်က“အိမ်ရှင်ဘင်္ဂလား

အနိုင်ရပြီး မလေးရှား အသက်(၂၁)နှစ်အောက် အသင်းနှင့် သရေရလဒ်များပေါ်ထွက်ခဲ့သည့် အစဉ်အလာရှိကြောင်း၊ ယခုဆိုလျှင် လက်ရည်၊လေ့ကျင့်မှုတို့မှာ ပိုမိုတိုးတက်မှု ရှိကြောင်း” ရှင်းပြသည်။

အမှန်စင်စစ် ဟော်ကီနှင့်မြန်မာ၊မြန်မာနှင့်ဟော်ကီ သည် လူစိမ်း၊သူစိမ်း အစိမ်းသက်သက်တော့ မဟုတ်၊ ၁၉၆၀ ကျော်လွန်နှစ်က ဟော်ကီအားကစားနှင့် ပတ်သက်၍ တပ်မတော်ရေတပ်မှ ချင်းအမျိုးသားကြီး ဦးဒိုင်လိုဗာ၊ တပ်မတော်မှတ်တမ်းရုံးမှ အရာခံဗိုလ်ဦးဟာကီမူလာ၊နိုင်ငံ့ ဂုဏ်ဆောင်ရွှေခေတ်ဘောလုံးလက်ရွေးစင် ဗိုလ်မှူးဗဟာဒူး၊

ဘာလတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ကျင်းပမည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊လေ) ဟော်ကီပြိုင်ပွဲမှ လက်ရွေးစင်များကို ထပ်မံရွေးချယ် ပေါင်းစပ်၍ ၂၀၀၄–၂၀၀၅ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ယူနန်ပြည်နယ်တွင် ကျင်းပမည့် ဖိတ်ခေါ်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက် ရှိသည်။

ယခု ခြောက်နိုင်ငံ ဟော်ကီပြိုင်ပွဲဝင် မြန်မာလူငယ် လက်ရွေးစင် ဟော်ကီ အားကစားသမားများမှာလည်း ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊

သို့မို့ကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်တွင် မြန်မာနိုင်ငံအမျိုးသားအိုလံပစ် ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဦးဆောင်လမ်းညွှန်မှု၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် **“အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်”** ဟူသည့်ခံယူချက်ဖြင့် မြန်မာ့အားကစား အောင်နိုင်ရေး အတွက် နိုင်ငံတော်က အဘက်ဘက်က အားပေးချီးမြှောက် နေခြင်းဖြစ်ပေသည်။

ခေတ်ကောင်း၊အခွင့်ကောင်းကို အရယူပြီး မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးရန် မှာမူ မြန်မာအားကစားတို့၏ သမိုင်းပေးတာဝန်တစ်ရပ်သာ ဖြစ်ပေသည်။ ။

ရွှေတောင်အဆင့်မြင့်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ ဝိဇယ–မင်္ဂလာဓမ္မာရုံရေစက်ချ၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရွှေတောင် ဩဂုတ် ၁၀

ပြည်ခရိုင် ရွှေတောင်မြို့နယ်အဆင့်မြင့်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ စက်ရုံမှူး အမှူးပြု၍ စက်ရုံဝန်ထမ်းမိသားစုများနှင့် ရပ်ဝေး၊ရပ်နီးအလှူရှင်များ စုပေါင်းလှူဒါန်းတည်ဆောက်ခဲ့သည့် ဝိဇယ–မင်္ဂလာဓမ္မာရုံ တည်ဆောက်ပြီး၍ ရေစက်သွန်းချအလှူတော်မင်္ဂလာနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင်၃၁ရက် နံနက် ၆နာရီက အဆိုပါဓမ္မာရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကရေ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာအကျော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဝံသထံမှ စက်ရုံမှူး အမှူးပြုသော စက်ရုံဝန်ထမ်းမိသားစုများနှင့်ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ဝိဇယ–မင်္ဂလာဓမ္မာရုံတွင် ကိန်းဝပ်စံပယ်တော်မူမည့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား အနေကဇာတင်လှူပူဇော်ပြီး စက်ရုံမှူး ဦးဇော်ဝင်းမောင် ဇနီးဒေါ်မြင့်မြင့်အေးနှင့် စက်ရုံဝန်ထမ်းမိသားစုများ၊ အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းများနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(ဝဲပုံ)**

အမျှပေးဝေ

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကရေရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာအကျော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဝံသအရှင်သူမြတ်က အနုမောဒနာတရားနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(၁၁၆)**

ကျောင်းကုန်းမြို့နယ် ဆရာတော်များအားဝါဆိုသင်္ကန်းဆက်ကပ်

ကျောင်းကုန်း ဩဂုတ် ၁၉

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် အလှူရှင်များ စုပေါင်း၍ မြို့နယ်အတွင်းရှိ စာသင်တိုက်အပါအဝင် ကျောင်းပေါင်း၄၂ကျောင်းမှ ဆရာတော်များ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် နွယ်သီဂီသီလရှင်စာသင်တိုက်တို့အတွက် ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ထီး၊ဖိနပ်၊ဝတ္ထုငွေများနှင့်စာရေးကိရိယာများ လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၁၈ရက်က ကျောင်းကုန်းမြို့ အမှတ် (၁)ရပ်ကွက် မိုးကောင်း ပရိယတ္တိစာသင်တိုက် ထေရာဝါသ ကျောင်းဆောင်သစ်တွင် ပြုလုပ်သည်။

အခမ်းအနားကိုနမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဦးအာစိဏ္ဏထံမှ ငါးပါးသီလခံယူပြီး လှူဖွယ်ဝတ္ထုများ ဆက်လက်လှူဒါန်းရာ စာသင်တိုက်အပါအဝင် ကျောင်းပေါင်း ၄၂ကျောင်း၊သီလရှင်စာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့အား စုပေါင်းလှူဒါန်းသည့် ဝါဆိုသင်္ကန်း ၄၂စုံ၊ ဆွမ်းဆန် အိတ်၁၀၀၊ပဲဆီ၁၀၃ပိဿာ၊ ဆား၁၀၅ပိဿာ၊ ထီး ၄၂လက်၊ ဖိနပ် ၄၂ရန်၊ ယပ်၄၂လက်၊ ခဲတံ၊ဗလာစာအုပ် ၁၂၄ဒါဇင်နှင့် ဝတ္ထုအလှူငွေများ အပါအဝင် စုစုပေါင်းငွေ ၁၃၈၁၄၀၅ကျပ် လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးကြည်စန်းက ဆရာတော်များထံ ဆက်ကပ်ကြသည်။ **(ယာပုံ) (၂၆၅)**

ပေးအပ်ချီးမြှင့်

သန်လျင်အထက(၁)မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ်၁၄ရက်က ပတ္တမြားခန်းမ၌ကျင်းပရာ ၂၀၀၃–၂၀၀၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာဂုဏ်ထူးရှင် မမေသူဇာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ကြိုင်က ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

(ခရိုင် ပြန်/ဆက်)

ကျေးလက်သတင်းနှင့် မြင်ကွင်း

ဖျာပုံခရိုင်ဥက္ကဋ္ဌ ရေစီးရေလာကောင်းမွန်ရေးကွင်းဆင်းစစ်ဆေး

ဖျာပုံ ဩဂုတ် ၁၈

ဖျာပုံခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်၊ ဖျာပုံမြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးမြတ်စိုးနှင့် တာဝန်ရှိသူများ ဩဂုတ်၆ရက်က ဖျာပုံမြို့ (၄)ရပ်ကွက်နှင့် (၅)ရပ်ကွက်အတွင်းရှိ ပထမလမ်း၊ ဒုတိယလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းဘေးဝဲယာရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ကြည့်ရှုစစ်ဆေးကြသည်။

မှာကြား

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌက ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက်လမ်းဘေးရေဆင်းပေါက်များဖောက်လုပ်ရေးတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်ဥက္ကဋ္ဌတို့အား မှာကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပထမလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းဆုံတွင် ရေစီးရေလာ ပိုမို ကောင်းမွန်ရေးအတွက်ရေဖြတ်အုတ်မြောင်းတစ်ခုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဦးဆောင်၍ ရပ်ကွက်တာဝန်ရှိသူများနှင့် ညှိနှိုင်း ဆောင်ရွက်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၅၈)**

ကြည့်ရှုစစ်ဆေး

ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ပျိုးဥယျာဉ်ကို ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးရင်စိန် ဩဂုတ်၇ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းသန်းနှင့် တာဝန်ခံ အင်ဂျင်နီယာဦးကောင်းမြတ်ထွန်းတို့ ပြသရှင်းလင်းစဉ်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်နေ ပြည်သူများလူနေမှုဘဝတိုးတက်မြင့်မားရေးအတွက် ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်သော ငွေတောင်ကျေးရွာရှိ ကျေးလက်နေအိမ် ဆောက်လုပ်မှုကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် အမှုဆောင်အရာရှိ ဦးမောင်ဝင်းတို့ ဇူလိုင်၂ ရက်က ကွင်းဆင်းကြည့်ရှုကြစဉ်။

(မြို့နယ်စည်ပင်)

လပွတ္တာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်ထောက်ပံ့ငွေပေး၊ ထူးချွန်သူများဂုဏ်ပြု

လပွတ္တာ ဩဂုတ် ၁၀

ဧရာဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၀၄–၂၀၀၅ ခုပညာသင်နှစ်အတွက် စစ်မှုထမ်းဟောင်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေနှင့် သင်တန်းတွင် စီမံထူးချွန်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ဩဂုတ် ၈ရက်က ရွှေနဒီခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဟန်နှင့်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌဗိုလ်ကြီး တင့်လွင်ဦး(ငြိမ်း)တို့က အမှာစကား ပြောကြားကြပြီး ကျောင်းသားကျောင်းသူ၈ဦးအတွက်ထောက်ပံ့ငွေကျပ်၁၆၀၇၀၀ကို စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်ဦး(ငြိမ်း)ကလည်းကောင်း၊ သင်တန်းအသီးသီးတွင် စံပြထူးချွန်ဆုရရှိသူ စစ်မှုထမ်းဟောင်း ငါးဦးတို့အား ဗိုလ်မှူးသိုက်ထွန်းကလည်းကောင်း၊ ၂၀၀၂ ခုနှစ် နိုင်ငံတော်က ချီးမြှင့်သည့် စီမံထူးချွန်(တတိယဆင့်) ရရှိသူတစ်ဦးအား မြို့နယ်ဥက္ကဋ္ဌဦးမျိုးဟန်ကလည်းကောင်း ဂုဏ်ပြုဆုပေးအပ် ချီးမြှင့်ကြကြောင်းသိရသည်။ **(ဝဲပုံ) (၁၇၆)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာသင်တန်းဌာနတွင်
ကွန်ပျူတာပြုပြင်ထိန်းသိမ်းတပ်ဆင်ရေးဒီပလိုမာသင်တန်းအတွက်

လျှောက်လွှာခေါ်ယူခြင်း

(Diploma in Computer Maintenance)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာ သင်တန်းဌာနတွင် ကွန်ပျူတာပြုပြင်ထိန်းသိမ်းတပ်ဆင်ရေး ဒီပလိုမာသင်တန်း (Diploma in Computer Maintenance) (၁)နှစ်သင်တန်းအတွက် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်။

(က) သိပ္ပံ(ရူပဗေဒ)ဂုဏ်ထူးဘွဲ့ B.Sc (Phy;)(Hons) သို့မဟုတ် M.Sc(Physic),သို့မဟုတ် အစိုးရကွန်ပျူတာကောလိပ်များမှ B.C.Sc/ B.C.Tech (ရိုးရိုး)ဘွဲ့ ရရှိသူဖြစ်ရမည်။

(ခ) ၁–၁၀–၂၀၀၄ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ဝန်ထမ်းသင်တန်းသားအဖြစ် အချိန်ပြည့်တက်ရောက်နိုင်ရမည်။

(ဃ) သင်တန်းပြီးဆုံးသောအခါ မည်သည့်ဒေသမဆို တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၂။ အထက် မြန်မာနိုင်ငံအတွက် မန္တလေး ကွန်ပျူတာတက္ကသိုလ် (ဒဟတ်တော) နှင့် အောက်မြန်မာနိုင်ငံအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာသင်တန်းဌာနတို့တွင် ၁–၁၀–၂၀၀၄ ရက်နေ့မှစ၍ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းဝင်ခွင့် လျှောက်လွှာများကို ၃၀–၈–၂၀၀၄ ရက်နေ့မှစတင်၍ မိမိသက်ဆိုင်ရာဒေသရှိ ကွန်ပျူတာတက္ကသိုလ်များနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် ရယူနိုင်ပါသည်။ လျှောက်လွှာများကို ၁၇–၉–၂၀၀၄ ရက်နေ့ နောက်ဆုံးထား၍ အဆိုပါကွန်ပျူတာတက္ကသိုလ်များနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သက်ဆိုင်ရာကွန်ပျူတာတက္ကသိုလ်များနှင့် အစိုးရကွန်ပျူတာကောလိပ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မော်ကွန်းထိန်း
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်။

CHEON Foreign Language Academy

ကိုရီးယားဘာသာသင်တန်း

ကိုရီးယားဆရာမှဦးစီး၍ သင်ကြားပို့ချပေးပါမည်။
စက်တင်ဘာ ၃ရက်နေ့တွင် သင်တန်းစမည်။
လဆန်း ၃ရက်နေ့တိုင်း အခြေခံတန်းခွဲသစ်များကို လက်ခံပါမည်။
အသေးစိတ်သိလိုပါက ဆက်သွယ်ရန်
No.112, Room No. 30, 4th Floor, 8 Mile, Mayangone TSP,Yangon.
Tel: 660-287, 661-524
E-mail: cgh 1214 @ korea.com

အမည်ပြောင်း

ဦးခင်မောင်လှ၏သမီး မြစ်ကြီးနားမြို့ အထက (၁)ဒသမတန်း (A/7)မှ မမေဇင်ယု ၁/မကန (နိုင်) ၁၃၉၁၃၂ အား ယနေ့မှစ၍ မဆုဝတ်ရည်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

မဆုဝတ်ရည်ဖြိုး။

အမည်မှန်

အထက(၂)တာမွေ နဝမတန်း (A)မှ အဖ ဦးမြင့်သူ၏ သမီး အမည်မှန်မှာ မပိုးဇာခြည်မြင့်သူ ဖြစ်ပါကြောင်း။

မပိုးဇာခြည်မြင့်သူ။

[illegible]

အမည်ပြောင်း

ဦးစိုင်းဝါရိန်၏သမီး အထက (၁) တောင်ကြီး Grade XI (F) မှ နန်းညွန့်ယမင်းသူဇာအောင် ၁၃/ဟပန(နိုင်)၀၅၄၅၆၆ အား နန်းမွေငင်းအွန်ဟု ပြောင်းလဲခေါ်ပါရန်။

မနန်းမွေငင်းအွန်။

အမည်ပြောင်း

ဦးစိုင်းဝါရိန်၏သမီး အထက(၁) တောင်ကြီး Grade XI (F)မှ နန်းရွှေအိမ် ၁၃/ဟပန(နိုင်)၀၅၄၅၁၇ အား နန်းမွေလင်းအွန်ဟု ပြောင်းလဲခေါ်ပါရန်။

မနန်းမွေလင်းအွန်။

THREE STAR

Air -Con ၊ ရေခဲသေတ္တာ ပြုပြင်၊ တပ်ဆင်၊ ရောင်းဝယ်ရေး၊ (Good Second Air-Con) များ
ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေပါသည်။
ဖုန်း–၇၀၅၇၈၄

သားအဖြစ်မှစွန့်လွှတ်ခြင်း

ဒီပဲယင်းမြို့နယ် စိုင်ပြင်ကြီးရွာနေ ဦးပြေကျော်၏သား မောင်အောင်သူ ၅/ဒပယ(နိုင်)၀၆၁၆၅၄ သည် မိဘများ၏ ဆိုဆုံးမခြင်းကို မနာခံဘဲ မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်မယူပါ။

ဖခင်–ဦးပြေကျော်
၅/ဒပယ(နိုင်)၀၀၅၃၃၂။

အမှားပြင်ဆင်ချက်

မြန်မာ့အလင်းသတင်းစာ (၄–၈–၂၀၀၄ နေ့ စာမျက်နှာ–၁၈)တွင် ဖော်ပြပါရှိသည့် စစ်တွေခရိုင် တရားရုံးမှ ရောင်းချရန်ကြော်ငြာမှ လေလံတင်ရောင်းချမည့် ၂၀၀၄ ခုနှစ် စက်တင်ဘာလ(၃)ရက်၊ ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း (၁)ရက်နေ့အစား ဝါခေါင်လပြည့်ကျော် (၄) ရက်နေ့ဟူ၍လည်းကောင်း၊ ပစ္စည်းတည်ရှိရာနေရာအား မင်းသားကြီးလမ်း(အစား) မင်းဘကြီးလမ်းဟု ပြောင်းလဲပြင်ဆင်လိုက်ပါသည်။

ကိုအောင်မျိုးဦး

အသက်(၃၅)နှစ်

လှိုင်မြို့နယ်၊စက်မှုရိပ်သာ၊ တိုက် ၁၆၊ အခန်း(၉)နေ ဦးမျိုးဆင့်ဦး၏ သားသည် ၁၇–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

နှိပ်ပိတ်တင်ဒါ(Sealed Tender)များ ခေါ်ယူခြင်း

၁။ [illegible] (Kyats) [illegible] (US Dollars) [illegible] (Sealed Tender) [illegible]

[illegible]	[illegible]	[illegible]	[illegible]
1.	12(T)24/MR(ML) 2004-2005	Spare Parts for Garrett Turbocharger	1 -Lot (13-Items)

[illegible]

၂။ [illegible]

[illegible]

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ပုံမှန်)
နှိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ [illegible]

စဉ်	[illegible]	[illegible]	[illegible]
၁။	Lot No. 1,2,3,4,5,6	[illegible]	[illegible]
၂။	Lot No. 7,8,9,10,11,12	[illegible]	[illegible]
၃။	Lot No. 13	[illegible]	[illegible]
၄။	Lot No. 14	[illegible]	[illegible]
၅။	Lot No. 15	[illegible]	[illegible]
၆။	Lot No. 16	[illegible]	[illegible]
၇။	Lot No. 17,18	[illegible]	[illegible]
၈။	Lot No. 19	[illegible]	[illegible]
၉။	Lot No. 20	[illegible]	[illegible]
၁၀။	Lot No. 21	[illegible]	[illegible]
၁၁။	Lot No. 22,23,24,25,26	[illegible]	[illegible]
၁၂။	Lot No. 27,28	[illegible]	[illegible]
၁၃။	Lot No. 29	[illegible]	[illegible]
၁၄။	Lot No. 30	[illegible]	[illegible]

၂။ [illegible]

၃။ [illegible]

[illegible]
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ပုံမှန်)
[illegible]

ချစ်သမီးလေး ဆည်းဆာလှကြည်
(I.L.B.C Pre II)
အတွက်
မွေးနေ့ဆုတောင်း

ချစ်သမီးလေး ဆည်းဆာလှကြည် (ခ) သည်းသည်း (ခ) ဂျမီလာ၏ ၂၂–၈–၂၀၀၄ ရက်တွင် ကျရောက်သော (၅)နှစ်မြောက် မွေးနေ့မှသည် သက်ဆုံးတိုင် ကျန်းမာပျော်ရွှင်ခြင်းများနှင့်အတူ မိဘမေတ္တာကို သိနားလည်ပြီး လိမ္မာယဉ်ကျေး၍ ထူးချွန်ထက်မြက်စွာ ပြီးပြည့်စုံသည့်ဘဝကို ပိုင်ဆိုင်နိုင်သော သမီးရတနာလေးအဖြစ် ဆုမွန်ပေးကာ အသက်ရာကျော် ရှည်ပါစေသော်။

ချစ်ပါပါ – ကိုလှကြည်
ချစ်အမာ – မပိုးသူဇာ။

မန္တလေး တူးတူး
မြန်မာထမင်းဆိုင်

မြန်မာထမင်း ဟင်းကောင်းကောင်း သုံးဆောင်လိုသော မိတ်ဟောင်း မိတ်သစ်များအတွက် မန္တလေး တူးတူး မြန်မာထမင်းဆိုင်ကို ရန်ကုန်ဘူတာကြီးရှိ (စခန်းသာ) တွင် (၂၂.၈.၂၀၀၄) ရက် တနင်္ဂနွေနေ့မှစ၍ ဖွင့်လှစ်လိုက်ပါပြီ။

ရန်ကုန်ဘူတာကြီး (စခန်းသာ)
ဖုန်း – ၂၄၉၅၁၈၊ ၂၄၉၅၁၉၊ ၂၅၃၀၁၁

ဒေါ်ဇင်မာလတ်နှင့်အများသိစေရန်

ဒေါ်ဇင်မာလတ် ၁၂/သကတ(နိုင်)၁၃၄၂၄၂ သည် ကျွန်ုပ်၏ ခွင့်ပြုချက်မရဘဲ တန်ဖိုးရှိပစ္စည်းများနှင့် အရေးကြီးစာရွက်စာတမ်းများ ယူဆောင်၍ နေအိမ်မှဆင်းသွားပါသောကြောင့် ယနေ့မှစ၍ ကျွန်ုပ်နှင့် လုံးဝမပတ်သက်တော့ကြောင်း အသိပေးအပ်သည်။ ယင်းနှင့်ပတ်သက်သော ကိစ္စများအားလုံး လုံးဝဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးဝင်းနိုင်ထွေး ၁၂/သကတ(နိုင်)၀၀၃၀၅၄။

ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ် ၁ယ/၄၀၇၀၉ လက်ဝယ်ရှိသူက မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရွှေ့တန်းရုံး(မှူဆယ်)။

ဝမ်းနည်းကြေကွဲခြင်း

ဦးသာဒင်
ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာကြီး
ညွှန်ကြားရေးမှူး(ငြိမ်း) ရပ်ရှင်လုပ်ငန်းကော်ပိုရေးရှင်း
အသက်(၇၆)နှစ်

ပါမောက္ခ ဒေါက်တာဦးအောင်ကြီး (ဒုတိယပါမောက္ခချုပ် ဆေးတက္ကသိုလ်–၂)–ဒေါ်မြင့်မြင့်သန်းတို့၏ ချစ်လှစွာသော ဖခင်သည် ၁၉–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခချုပ်နှင့်ဆရာ၊ဆရာမများ၊
ဝန်ထမ်းများ၊ ကျောင်းသား၊ကျောင်းသူများ
ဆေးတက္ကသိုလ်(၂)ရန်ကုန်။

မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းကိစ္စ

ယာဉ်အမှတ် န/၃၉၄၆ အမျိုးအမည်၊ ဒတ်ဆန်းဆန်နီ၊ အမျိုးအစားပစ်ကပ်၊ ယာဉ်အား ယာဉ်လက်ဝယ်ရှိသူ ဦးကိုကို မှတ်ပုံတင်အမှတ် ၁၂/ဥကတ(နိုင်) ၀၈၈၁၉၃က မှတ်ပုံတင်ခွင့်လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများ သတင်းစာကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး(အင်းစိန်)သို့ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန
ရန်ကုန်(မြောက်ပိုင်း)ခရိုင်ရုံး၊အင်းစိန်။

Tape & CD
ထွက်ပြီ။
SAIL
KENOSIS
ချောစုခင် << ခြေလှမ်းလေးတွေ >>



SSi EDUCATION
LCCI Certificate & Diploma Courses.
LEVEL: I, II, III
Diploma in IT Foundation
Hons Diploma in Web Programming
Adv Diploma in Solution Architect
Masters Diploma in Software Expertise
Foundation & Business English Courses
Now @ SSi
Centre-I Tel: 241208,248192,512693
Centre-II Tel: 246832,383475
ssi_ygn@myanmar.com.mm
Fax:248193

အများသိစေရန် ကြေညာချက်

အမည်ပြောင်း

အဖ ဦးသောင်းဆွေ၏သား မင်္ဂလာဒုံ အောင်ဆန်းသူရိယလှသောင်းကျောင်း အဌမတန်း(C)မှ မောင်ထက်မြတ်မောင်အား မောင်ထူးမြတ်နိုင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

အမည်ပြောင်း

ဦးအောင်မြိုင်–ဒေါ်တင်တင်မူတို့၏သား မောင်ဇင်မင်းထွန်း IC(တာဝ) မှတ်ပုံတင်အမှတ် ၁၃/ကမန (နိုင်) ၀၈၃၀၀၈အား စိုင်းဇေယျာဇော် ဟု ပြောင်းလဲခေါ်ပါရန်။ **စိုင်းဇေယျာဇော်။**

မိဘအမည်မှန်

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ် မြို့တော်၊ အထက(၂)၊ ဒသမတန်း(C')မှ မောင်ဇော်ဗလ၏ မိဘအမည်မှန်မှာ ဦးတင်ရှိန်–ဒေါ်ဥမ္မာရီ ဖြစ်ပါသည်။

လွမ်းဆွတ်တသခြင်း
ဦးမောင်မောင်ခဆွေ (ခ) Carl
Managing Director,Integrated Marketing Ltd.
Vice President, Focus Energy Ltd.
အသက်(၄၅)နှစ်

စိတ်ထားဖြူစင် ရိုးသားဖြောင့်မတ်၊ သနားကြင်နာ၊ မေတ္တာကြီးမား၍ စေတနာရက်ရောပြီး လူတိုင်းအပေါ် ကူညီစောင့်ရှောက်တတ်သော ခင်ပွန်းကောင်း၊ ဖခင်ကောင်း၊ မိတ်ဆွေကောင်း "ချစ်ခင်ပွန်း"ကို ဆုံးရှုံးခြင်းအတွက် လွမ်းဆွတ်တသ ဖြစ်ရပါသည်။

ချစ်ဇနီး
သီရိသုဓမ္မသီဂီဒေါ်အေးအေးစိုး
Director YIEC

လွမ်းဆွတ်တသခြင်း
ဦးမောင်မောင်ခဆွေ (ခ) Carl
Managing Director,Integrated Marketing Ltd.
Vice President, Focus Energy Ltd.
အသက်(၄၅)နှစ်

မြင်းမိုရ်တောင်ဦးမကကြီးမားသောမေတ္တာ၊ စေတနာ၊ အကြင်နာများစွာဖြင့် ဘဝတစ်လျှောက်လုံး လိုလေသေးမရှိ ကျွေးမွေးစောင့်ရှောက်ပျိုးထောင်ပေးနေသော ဖေကြီး ခွဲခွာပျောက်ဆုံးသွားသည့်အတွက် လွမ်းဆွတ်တသ ဖြစ်ရပါသည်။

ချစ်သမီးလေး ကေခိုင်ခ (ခ) Olivia Kha
ချစ်သားလေး–အာကာခ (ခ) Raymond Kha

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
(ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)
နိုင်ငံခြားဘာသာစကားသင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)တွင် တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း ဘာသာစကား၊ ပြင်သစ်(ဘာသာပြန်/စကားပြန်)နှင့် မြန်မာဘာသာစကား(နိုင်ငံခြားကျောင်းသားအတွက်) ညနေသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းစတင်ဖွင့်လှစ်မည့်ရက်မှာ (၂၀–၉–၂၀၀၄) ရက်နေ့ဖြစ်ပြီး သင်တန်းဝင်ခွင့် လျှောက်လွှာများကို (၁–၉–၂၀၀၄) ရက်နေ့မှ စတင်လက်ခံပါမည်။ သင်တန်းဝင်ခွင့်နှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက ရုံးချိန်အတွင်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် လာရောက် စုံစမ်းမေးမြန်းနိုင်ပါသည်။ ဖုန်း–၅၁၄၃၇၁ (လိုင်းခွဲ–၁၂၃)

အမည်ပြောင်း

အထက(၁) အင်းစိန် XI.M မှ နော်ဝင်းသန္တာပေါ(လ်) ၁၂/အစန(နိုင်) ၂၀၁၂၁၃ အား နော်ဝင်းသန္တာဖောဟု ပြောင်းလဲခေါ်ပါရန်။

နော်ဝင်းသန္တာဖော။

ရေကူးသင်တန်း
တက္ကသိုလ်များ ရေကူးကန်
သထုံလမ်း။
–513109

PANDA
ELECTRONIC SERVICE CENTRE
TV/VCD/DVD/MONITOR, FAX MACHINE
COMPUTER POWER SUPPLIES
WASHING MACHINE
UPS, TRANSFORMER
AIRCON , REFRIGERATOR

FORWARD English Language Centre
B.A (English), M.Phil, M.A
General English
IELTS
INTERMEDIATE / UPPER INTERMEDIATE
Speaking, Listening, Reading, Writing & Grammar
227082

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း
အကြောင်းကြားစာ
အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ–၃၇၃
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ ခုနှစ် တရားမအထွေထွေမှုအမှတ်–၁၆၅

ကွယ်လွန်သူ ဒေါ်ခင်စန်း၏ အမွေကိစ္စ အမွေဆက်ခံခွင့် လက်မှတ်ထုတ်ပေးပါရန် အကြောင်း။

ဦးထွန်းညွန့်
၁၄/ပသန(နိုင်)၀၀၈၃၈၀
အမှတ် ၃၈၅၊ လယ်တီ ၂ လမ်း၊
ရှမ်းစုရပ်ကွက်၊ တိုက်ကြီးမြို့နယ်။

လျှောက်ထားသူ

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ရှမ်းစုရပ်ကွက်၊ လယ်တီ ၂ လမ်း၊ အမှတ် ၃၈၅ နေ ဦးထွန်းညွန့်က ကွယ်လွန်သူ ဒေါ်ခင်စန်းနှင့် ခင်ပွန်းတော်စပ်သူဖြစ်သည်ဟူ၍ မြန်မာ့စီးပွားရေးဘဏ်၊ တိုက်ကြီးမြို့မှ ငွေစုဘဏ်စာရင်းအမှတ်(အက်စ်အက်စ်–၆၄၅)ရှိ လက်ကျန်ငွေပေါင်း ၅၂၅၀၈၇၁ ကျပ်၊ ၅၈ ပြား(ကျပ်ငါးဆယ်နှစ်သိန်းငါးသောင်းရှစ်ရာခုနစ်ဆယ့်တစ်နှင့် ငါးဆယ်ရှစ်ပြားတိတိ)ကို ထုတ်ယူနိုင်ရန်အတွက် အမွေဆက်ခံရေး အက်ဥပဒေအရ အမွေဆက်ခံခွင့် လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့ လျှောက်ထားကြောင်းကို အများလူတို့ သိကြစေခြင်းငှာ ကြေညာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်ခင်စန်းမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၉ ရက် (၁၃၆၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၀ ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဦးထွန်းညွန့်၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည့် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်ဝင်း
တွဲဖက်တိုင်းတရားသူကြီး(၃)
ရန်ကုန်တိုင်းတရားရုံး။

(၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
(၂၂–၈–၂၀၀၂၊ ၂၂–၈–၂၀၀၄)

ဒေါ်ခင်စိန် ၂၂၆ ဘီရုံ သိမ်ကြီးဈေး (ဇမ္ဗူအေးဇာဘော်လီ) မေမေ့မေတ္တာ၊ စမ်းရေပမာ၊ ထာဝရအေးချမ်းနေဆဲပါ။ မေမေ့ စေတနာ၊ လရောင်ပမာ၊ ထာဝရအလင်းပြနေဆဲပါ။ မေမေ့ ကရုဏာ၊ နေခြည်ပမာ၊ ထာဝရနွေးထွေးနေဆဲပါ။ မေမေ့ မုဒိတာ၊ လေပြည်ပမာ၊ ထာဝရ ချမ်းမြေ့နေဆဲပါ။ မေမေ့ ရုပ်လွှာ၊ ပျောက်ကွယ်ပါလည်း၊ ထာဝရ လွမ်းဆွတ်နေဆဲပါ။

လှူဒါန်းသမျှ၊ ကုသိုလ်စုကို၊ မေမေ ရရှိနိုင်ပါစေ။

ကျန်ရစ်သူမိသားစု၊
၁၁၁/၁၁၃ မြန်မာ့ဂုဏ်ရည်လမ်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ **(Sealed Tender)** များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါအမှတ် ၂၄/မမ/ပြည်တွင်း/အထွေထွေပစ္စည်းများ (**CME**)

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Waste Cotton	(20000)-Lb
2.	Painting Materials	(1)-Lot
3.	Co_2 Wire	(1)-Lot
4.	GI Pipe & Accessories	(1)-Lot
5.	Bolt & Nut	(1)-Lot
6.	Foam Rubber	(1)-Lot
7.	Basin & Camode	(1)-Lot
8.	Emery Cloth & Saw Blade	(1)-Lot
9.	Battery 12V, 200 & 150 Ah	(24)-Nos
10.	Bearing Spring 11D	(400)-Nos
11.	Perspex Sheet 8 x 4 x 3t	(1000)-Sht

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်– ၁–၉–၂၀၀၄ (ဗုဒ္ဓဟူးနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၉–၈–၂၀၀၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅၊ လိုင်းခွဲ–၆၀၂၊၆၁၃။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ(Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါအမှတ်– ၂၆/မမ/ဆက်သွယ်ရေးပစ္စည်း(CTM)

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Solar Module/Charge Controller/Cable	1- Lot.
2.	12V. Lead Acid Battery 120/200 AH	95- Nos.
3.	Inverter 24Vdc 230 Vac	15- Nos.
4.	PVC3/029 Twin Wire (300/Coil)	15- Coils.
5.	Angle 2 x 2 x 1/4"(20'L)	135- Nos.
6.	Bolt & Nut No.10(2"L)	90- Doz.

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၂၀–၉–၂၀၀၄ ရက်(တနင်္လာနေ့) ၁၂:၀၀ နာရီ။

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၃–၈–၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် ၅၁ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅၊ လိုင်းခွဲ–၆၀၂၊၆၁၃။

အမွေပြတ်သွားနုတ္တသားအဖြစ် အများသိရန်ကြေညာခြင်း

ကျွန်မပိုင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးအနောက်ရပ်ကွက်၊ အထက်ပန်းဆိုးတန်းလမ်း အမှတ်(၉၀)တွင် ကျွန်မက မေတ္တာဖြင့် နေထိုင်ခွင့်ပြုထားသူ သားဖြစ်သူ မောင်ဇော်ဝင်း (ခ) နန္ဒအောင် (ကေ/အာရ်ဂျီအင်န်–၀၂၆၈၈၄)သည် မိခင်ရင်းဖြစ်သူ ကျွန်မအား ကိုယ်ထိလက်ရောက်ပြုမူခဲ့ပြီး ခွင့်မလွှတ်နိုင်သည့် ပြုလုပ်မှုများကြောင့် ၎င်းအား အမွေပြတ်သွားနုတ္တသားအဖြစ် သတ်မှတ်၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပြီး ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မြင့်
၁၂/မဂတ(နိုင်) ၀၂၂၃၁၁။

ဦးပီတူး(ခ)ဦးအောင်ဝင်း
(မြို့နယ်စာရင်းရုံး၊ မင်္ဂလာတောင်ညွန့်မြို့နယ်)
အသက်(၄၆)နှစ်

ရန်ကုန်တိုင်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ ၎/က ရပ်ကွက်၊ ဇာဝေယာလမ်း၊ အမှတ် ၃၄၄ နေ (ဦးမောင်လှိုင်–ဒေါ်ခင်ကြည်)တို့၏ဒုတိယသား၊ ဦးတင်ဝင်း–ဒေါ်မြဝင်းတို့၏ညီ၊ ဦးတင်မြ–ဒေါ်အေးကျင်၊ ဦးမြရွှေ–ဒေါ်မြင့်မြင့်စန်း၊ ဦးထိန်ဝင်း–ဒေါ်ရင်မြ၊ ဦးရဲမြင့်–ဒေါ်ရင်လှ တို့၏ အစ်ကိုသည် ၉–၈–၂၀၀၄ ရက်တွင် သဃ်ာန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁–၈–၂၀၀၄ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ကြောင်း ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဦးပီတူး(ခ)ဦးအောင်ဝင်း
(မြို့နယ်စာရင်းရုံး၊ မင်္ဂလာတောင်ညွန့်မြို့နယ်)
အသက်(၄၆)နှစ်

၉–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားသော ဦးပီတူး(ခ)ဦးအောင်ဝင်းအား ပြုစုကုသပေးခဲ့ကြသော သဃ်ာန်းကျွန်း စံပြဆေးရုံကြီးမှ တာဝန်ကျဆရာဝန်နှင့် သူနာပြု ဆရာမများ၊ ကွယ်လွန်သည့်အချိန်တွင် အဘက်ဘက်မှ အစစအရာရာ အကူအညီပေးခဲ့ကြသော စာရင်းစစ်ချုပ်ရုံး ရန်ကုန်တိုင်း၊ စာရင်းရုံး၊ အရှေ့ပိုင်းခရိုင် စာရင်းရုံး၊ အနောက်ပိုင်းခရိုင် စာရင်းရုံး၊ မင်္ဂလာတောင်ညွန့်မြို့နယ် စာရင်းရုံး၊ စံပြဆေးရုံကြီး (သဃ်ာန်းကျွန်း)၊ သဃ်ာန်းကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနရုံးတို့မှ ဝန်ထမ်းများနှင့် မော်တော်ယာဉ်များဖြင့် အကူအညီပေးခဲ့ကြသူများ၊ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဒေါ်ငြိမ်း (တောင်သာ)
အသက်(၉၄)နှစ်

မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ တောင်သာမြို့နေ (ဦးကံနု–ဒေါ်အိမ်ကြွယ်)တို့၏သမီး၊ (ဦးသာမြိုင်)၏ဇနီး၊ (ဒေါ်ဖွားခင်)၊ ဒေါ်လှမြိုင်၊ ဒေါ်ခင်လှတို့၏အစ်မ၊ အမှတ် ၁၄၁၃၊ ဇော်ဂျီလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဦးစံ–ဒေါ်ခင်ရီတို့၏မိခင်၊ မြေးသုံးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၀–၈–၂၀၀၄ရက် (သောကြာနေ့) ည ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၈– ၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးရဲနိုင်(ခ)George Ohn
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ငြိမ်း)
အသက်(၆၃)နှစ်

စစ်ကိုင်းမြို့နေ (ဦးဘရှင်–ဒေါ်စောလှိုင်)တို့၏သားသမက်၊ ကမာရွတ်မြို့နယ်၊ မဟာဆိုရှယ်လမ်း၊ အိမ်အမှတ် ၃၄ နေ ဒေါ်လှလှ၏ခင်ပွန်း၊ ဦးသိန်းတန်–ဒေါ်ကြည်ဌေး၊ ဦးသန်းကြွယ်–ဒေါ်စန်းရီ၊ ဦးမောင်လှ–ဒေါ်မိမိတို့၏ညီ/မောင်၊ ရန်ကုန်မြို့နေ (ဦးတင်ထွဋ်)–ဒေါ်ကြည်ကြည်၊ ဗိုလ်မှူးချုပ်တင်နိုင်သိန်း–ဒေါ်အေးအေးတို့၏အစ်ကို၊ မောင်ဆန်းမင်း (Eastwind Shipmanagement Pte., Ltd.)၊ မောင်ဖြိုးမင်းနိုင်(MTM Shipmanagement Pte., Ltd.)–မငြိမ်းငြိမ်းဇင်၊ မောင်ရဲမင်းနိုင်(Final Part II, IM 2)တို့၏ဖခင်၊ တူ တူမ ၁၄ယောက်တို့၏ဘကြီး၊ မောင်ကောင်းခန့်နိုင်၏အဘိုးဖြစ်သူ ဦးရဲနိုင်သည် ၂၀–၈–၂၀၀၄ရက် (သောကြာနေ့) ညနေ ၄:၅၃ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးရဲနိုင်(ခ)George Ohn
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ငြိမ်း)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိလမ်း၊ ပါမောက္ခလမ်းသွယ်နေ (ဦးစံအုန်း)–ဒေါ်မြင့်သန်းတို့၏သားကြီး၊ ကမာရွတ်မြို့နယ်၊ မဟာဆိုရှယ်လမ်း၊ အိမ်အမှတ် ၃၄ နေ ဒေါ်လှလှ၏ခင်ပွန်း၊ (ဦးအောင်ဟိန်း)–ဒေါ်စန်းစန်းကြွယ်၊ ဦးလှတင့်(ခရိုင်ဥပဒေရုံး၊ မကွေး)–ပါမောက္ခ ဒေါ်သီဂီ(သတ္တဗေဒဌာန၊ မကွေးတက္ကသိုလ်)၊ ဦးမော်လင်း၊ Capt.ကျော်မင်း(MTM Shipmanagement Pte., Ltd.)–Dr.ကေခိုင်ထွန်း၊ (ဦးမြတ်မင်း)၊ ဦးဆွေမင်း–ဒေါ်ပပခင်တို့၏အစ်ကိုကြီး၊ မောင်ဆန်းမင်း(Eastwind Shipmanagement Pte., Ltd.)၊ မောင်ဖြိုးမင်းနိုင်(MTM Shipmanagement Pte., Ltd.)–မငြိမ်းငြိမ်းဇင်၊ မောင်ရဲမင်းနိုင် (Final Part II, IM2)တို့၏ဖခင်၊ တူ တူမ ကိုးယောက်တို့၏ဘကြီး၊ မောင်ကောင်းခန့်နိုင်၏အဘိုးဖြစ်သူ ဦးရဲနိုင်သည် ၂၀–၈–၂၀၀၄ရက် (သောကြာနေ့) ညနေ ၄:၅၃ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂–၈–၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၁၈–၈–၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားသော UG Hirjee (မန္တလေး)အား မကျန်းမာစဉ်ပြုစုပေးသည့် ရွှေဂုံတိုင်အထူးကုဆေးခန်း ICU မှ ဆရာဝန်များ၊ သူနာပြုများ၊ တာမွေစိန်ဖရန့်စစ်ဘုရားကျောင်းမှ ဘုန်းတော်ကြီးများနှင့် သီလရှင်များအားလည်းကောင်း၊ စစ်ဘက်နယ်ဘက်နှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ အဘက်ဘက်မှ အားပေးကူညီဆောင်ရွက်ပေးကြသည့် ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ ဘာသာရေးအဖွဲ့ဝင်များ၊ ပန်းခြင်းပေးပို့ကြသူများ၊ ဖုန်းဖြင့်နှစ်သိမ့်အားပေး ကူညီကြသူများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ခင်စိန်(ခ)ဇိုက်နက်ဘီ
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးချစ်မောင်–ဒေါ်ဓိ)တို့၏ သမီး၊ (ဦးချို)၊ ဒေါ်အုန်းကြည်တို့၏ ညီမ၊ ဦးထွန်းစိန်၊ ဦးစိန်မြင့်တို့၏ အစ်မ၊ အမှတ် ၆၅၊ ၁၂၄ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်မြရီ၊ ဦးမြသန်း–ဒေါ်ချိုချိုမြင့်၊ ဦးတင်ကြည်၊ မလေးလေး၊ ဦးမောင်မောင်–ဒေါ်နီနီတို့၏မိခင်၊မြေးငါးယောက်တို့၏အဘွားသည် ၂၀–၈–၂၀၀၄ရက် ည ၆:၄၀ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၂၁–၈–၂၀၀၄ရက် ဇဟိုရ်ဂျွန်မာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးအောင်ဝင်း(ခ)ဦးအောင်မြင့်
CDC-40366
A/B M.V Gui Tai No.8
C.T.M Trading˚˚Co.,Ltd.
Jupaing Shipping Line
အသက်(၄၈)နှစ်

ပေါင်းတည်မြို့နေ ဦးသန်းမောင်–ဒေါ်တင်ထွေးတို့၏သားကြီး၊ ရန်ကုန်တိုင်း၊ ဒလမြို့နယ်၊ မြို့မ(၃)ရပ်ကွက်၊ မင်းတန်းလမ်းနေ (ဦးမြသန်း)–ဒေါ်ခင်ကြည်တို့၏သားသမက်၊ဒေါ်ဌေးဌေးတင့်(သ/မဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ်ရုံး)၏ခင်ပွန်း၊ မောင်ညီညီမျိုး (အလုံ/ကျင်း)–မယဉ်မျိုးစုမွန်(MFTB)တို့၏ဖခင်၊ ဦးသိန်းစိုး(MPE)–ဒေါ်မြင့်မြင့်အေး၊ ဦးညီညီစိုး–ဒေါက်တာဌေးဌေးမြင့်(ကျွန်းချောင်းဓာတ်မြေဩဇာစက်ရုံ)၊ (ကိုသိန်းဝင်း)–မကျော့ကျော့ဆွေ၊ ဦးချစ်သန်း၊ ကိုတင်အောင်ကျော်(MPE)–မလေးလေးမြင့်တို့၏ညီ/အစ်ကိုသည် ၁၆–၈–၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၉:၃၀ နာရီတွင် Kaohsiung မြို့အနီး သင်္ဘောပေါ်၌ တာဝန် ထမ်းဆောင်ရင်း ကွယ်လွန်သွားပါ ကြောင်း။ (သင်္ဂြိုဟ်မည့် ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးပါမန်း
လူမှု(၃)၊ လူမှုဝန်ထမ်း
အတတ်သင်သိပ္ပံကျောင်း
လူမှုဝန်ထမ်းဦးစီးဌာန
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊အမှတ်(၆)ရပ်ကွက်၊ လူမှုဝန်ထမ်းတိုက်အမှတ် ၁၁ နေ ဦးထီးယား–(ဒေါ်ရှီယုမ်း)တို့၏ သားကြီး၊ ဒေါ်ရီ၏ခင်ပွန်း၊ဒေါ်ဇောလ်သဲ၏မောင်၊ဦးမောင်ထန်းနှင့်ဦးမောင်သန်းတို့၏အစ်ကိုကြီး၊ မန်းကျော်နိုင်ဦး၊ မခင်လေးရီ(မသန်စွမ်း သက်ငယ်သင်တန်း)၊ မခင်မာရီ(လူမှုဝန်ထမ်းရုံးချုပ်)၊ မန်းကျော်နိုင်ထွေး (ဒသမတန်း၊ အထက–၁၊ မရမ်းကုန်း)တို့၏ဖခင်သည် ၂၁–၈–၂၀၀၄ရက် ညနေ ၄ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(သင်္ဂြိုဟ်မည့်နေ့ရက်နှင့်အချိန်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

တပ်ကြပ်ကြီးစာရေး နိုင်လင်း
အသက်(၃၄)နှစ်

ပဲခူးတိုင်း၊ အုတ်ဖိုမြို့၊ ဘိုကုန်းတန်းရပ်နေ(ဦးလွန်းမောင်–ဒေါ်ခင်မေ)တို့၏သား၊ တကက/စရ စန်းဝေ (သထုံတာယာစက်ရုံ)–မခင်ပြုံးဝင်း၊ ကိုကျော်နိုင်–မအေးအေးမြင့်၊ မစန်းစန်းညို လှည်းဆိပ်ရွာ၊ မော်ဘီမြို့နယ်တို့၏ညီ/မောင်သည် ၂၀–၈–၂၀၀၄ရက် မွန်းလွဲ ၁၂:၄၅ နာရီတွင် တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ)၌ကွယ်လွန်သွားပါ၍ ၂၂–၈–၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင်တပ်မတော်ဆေးရုံကြီးမင်္ဂလာဒုံမှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးအောင်မြင့်
(အင်ဂျင်နီယာ၊ ဆောက်လုပ်ရေး၊ ငြိမ်း)
အသက်(၈၄)နှစ်

အမှတ် ၃၁၊ ၁၅၃ လမ်း၊ တာမွေမြို့နယ်နေ (ဝဏ္ဏကျော်ထင် ဦးခင်–ဒေါ်ရင်နု)တို့၏သားကြီး၊ (ဦးချစ်ဆွေ–ဒေါ်ငွေရုံ)တို့၏သားသမက်၊ ဒေါ်ခင်ခင်မြ (စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း)၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်(ဥက္ကဋ္ဌ၊ ကလေးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)–ဒေါ်မြင့်မြင့်ဦး၊ ဗိုလ်မှူးဉာဏ်လင်းမြင့် (ဒု–ညွှန်မှူး၊ နတလ)–ဒေါ်အေးအေးဝင်း၊ ဒေါ်နီလာအောင်(ကျောင်းအုပ်ဆရာမကြီး၊ အလက–၄၊ ရန်ကင်း)၊ ဦးထင်လင်း–ဒေါ်စုလင်းအောင် (လဝကမှူး၊ ရုံးချုပ်)၊ ဒေါ်စမ်းဝေအောင်(ကထိက၊ ရက္ခဗေဒဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ဖခင်၊မရည်မွန်လင်းမြင့်(စီးပွားရေးတက္ကသိုလ်)၊ မဇင်မာမိုးမြင့်(အင်္ဂလိပ်စာ၊ ဒဂုံတက္ကသိုလ်)၊ မအိမာမိုးမြင့် (ကွန်ပျူတာတက္ကသိုလ်)၊ မကြည်လဲ့လင်းမြင့် (ကွန်ပျူတာတက္ကသိုလ်)၊ မောင်ပြည့်စုံကျော် (TTC၊ ပြည်လမ်း)၊ မခင်ရွှန်းလဲ့လင်း(လ–၄၊ ရန်ကင်း)တို့၏ဘိုးဘိုး၊ ဦးစံလှ–ဒေါ်စိန်နု (ဒေါ်ဉာဏစာရီ)တို့၏ညီ/မောင်သည် ၂၀–၈–၂၀၀၄ရက်(သောကြာနေ့)နံနက် ၃:၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၂၂–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစောမောင်ထွန်း
ဒုတိယအင်ဂျင်နီယာ(ငြိမ်း)၊ မြန်မာ့ရေနံ၊ သန်လျင်မြို့
အသက်(၇၂)နှစ်

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်နေ (ဦးပန်းခင်–ဒေါ်စောရှင်)တို့၏သား၊ သန်လျင်မြို့၊ အမှတ် ၃၊ ပဲခူးစုလမ်း၊ ပဲခူးစုရပ်ကွက်နေ ဒေါ်သိန်းကြည်၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးဦးဟန်–ဒေါ်ခင်နှောင်း၊ ဦးကျော်မင်း(အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ သန်လျင်မြို့နယ်)–ဒေါ်မဋ္ဌုခင်၊ ဦးထွန်းနိုင်–ဒေါ်နီလာခင်၊ ဒေါ်ချိုရီခင်၊ (မောင်ဉာဏ်မင်းထွန်း)တို့၏ဖခင်၊ စိုင်းလင်းသူဟန်၊ နန်းပွင့်ပွင့်ကြော့ဟန်၊ စိုင်းမြတ်မျိုးမင်းဟန်၊ မခွာညိုလွင်၊ မောင်မြတ်မင်းမောင်၊ မောင်ဇေယျာထွန်းနိုင်၊ မောင်မြင့်မြတ်ထွန်းနိုင်တို့၏အဘိုးသည် ၂၀–၈–၂၀၀၄ရက်တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၂–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (သန်လျင်မြို့ နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်အောင် (ရွှေသစ္စာတာယာဆိုင်၊မန္တလေးမြို့)

မန္တလေးမြို့၊ ၈၁ လမ်း ၂၇ x ၂၈ လမ်းကြား (ရွှေသစ္စာတာယာဆိုင်) ပိုင်ရှင် ဦးမြင့်အောင် အသက်(၄၆)နှစ်သည် ၁၃–၈–၂၀၀၄ရက် ည ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိရောက်ပါစေ။
ဦးမြင့်–ဒေါ်ဦး(တာယာဆိုင်)ရွှေဘိုမြို့။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးသာဒင်
ညွှန်/မှူး(ငြိမ်း)၊ရပ်ရှင်လုပ်ငန်း
အသက်(၇၆)နှစ်

ရန်ကုန်တိုင်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊အမှတ် ၈၊ ၃ လမ်းနေ(ဦးဆင့်–ဒေါ်သန့်)တို့၏သား၊(ဦးကျီးညွှန့်–ဒေါ်ငွေညှာ)တို့၏ သားသမက်၊ ပါမောက္ခ ဒေါက်တာဦးအောင်ကြီး (ဒုတိယပါမောက္ခချုပ်၊ဆေးတက္ကသိုလ်–၂)–ဒေါ်မြင့်မြင့်သန်း၊ (ဦးမောင်မောင်ကြီး)၊ ဒေါက်တာဦးပြုံးချို–ဒေါက်တာဒေါ်စန်းစန်းနွယ်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၉–၈–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၃–၈–၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးအေးသွင် (မြိတ်မြို့)
ယုဇနပလာဇာ(အုပ်ချုပ်ရေးမှူး)
မြိတ်အသင်းအမှုဆောင်
အသက်(၆၄)နှစ်

မြိတ်မြို့၊သန်းဖိုရပ်နေ(ဦးတင်မောင်)–ဒေါ်ဖူးကျင်တို့၏သားငယ်၊(ဦးထွန်းစိန်–ဒေါ်ကြွယ်)တို့၏သားသမက်၊ ဦးထွန်းရှိန်–ဒေါ်သိန်းရီတို့၏ညီ/မောင်၊ အမှတ် ၅၅၊ ၉၄ လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ကြည်မြင့်၏ခင်ပွန်း၊ ကိုသန့်ဇင်–မယုယုသွင်၊ ကိုကိုလွင်–မခင်မျိုးစု၊ မောင်ညီညီလွင်၊ ကိုဝင်းနိုင်ထွန်း–မအိအိသွင်၊မောင်မောင်လွင်တို့၏ဖခင်၊ မယွန်းမြတ်ကိုကို၊ မအိဖြူဖြူဖွေးတို့၏အဘိုးသည် ၂၁–၈–၂၀၀၄ရက် (စနေနေ့)နံနက် ၈ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၃–၈–၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်မျိုးအောင်ထွန်း (အင်းစိန်)
အသက်(၃၄)နှစ်

ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀အဖွဲ့(အင်းစိန်) အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁) ဦးခင်မောင်ဝင်း၏သားဖြစ်သူသည် ၂၁–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၃–၈–၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့ ဗုဒ္ဓပူဇနိယဆီမီး၉၉၀၀အဖွဲ့(အင်းစိန်)။

ဒေါ်သိန်းစီ(ခ)ဒေါ်စီစီ
(ကလော)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊မေတ္တာညွှန့်၊သီရိလမ်းနေ ဦးစိုးသိန်း၏ဇနီး၊ ဦးကြူလိုင်–ဒေါ်စပါယ်စိုး၊ ဦးတင်ဦး–ဒေါ်ဆွေဆွေဝင်း၊ ဦးမင်းသူ–ဒေါ်မြင့်မြင့်စန်း၊ ဦးအောင်ကျော်စိုး–ဒေါ်ချိုချိုနွယ်၊ ဦးသက်ခိုင်–ဒေါ်ခင်သန်းဦးတို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၀–၈–၂၀၀၄ရက် (သောကြာနေ့) နံနက် ၅:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂–၈–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(မေတ္တာညွှန့်နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်တင်
(လားရှိုး)
အသက်(၇၀)

ရန်ကုန်မြို့၊ တိုက် ၉၊ အခန်း ၃၀ ဘီ(တတိယထွာ)၊ ယောမင်းကြီးလမ်း၊ ဒဂုံ မြို့နယ် ဒေါ်လှလှ(ခ)လီစင်လှ၏ခင်ပွန်း၊ ဦးတင်လတ်–ဒေါ်တင်တင်မိုး၊ ဦးသန်းဌေး–ဒေါ်လီလီ၊ ဦးတင်ထွန်း–ဒေါ်ကောင်းကျင်းဗု၊ ဦးတင်စိန်–ဒေါ်ရီ၊ ဦးရုံးရွှေ–ဒေါ်ရင်ရင်တို့၏ဖခင်၊ မြေး ၁၄ ယောက်တို့၏အဘိုးသည် ၂၀–၈–၂၀၀၄ရက် (သောကြာနေ့) ည ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၈–၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁၁ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Bambina Gertrude
ဆရာမဒေါ်ဥမ္မာနိုင်(ခ)မီးမီး
(အလက–၃၊ ပုဇွန်တောင်)
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ရေကျော်ရပ်၊အမှတ် ၁၂/D၊ ဇီဇဝါလမ်းနေ (U.C Sherman-Daw Gertie Sherman)တို့၏မြေး၊ ဦးစိုးမြင့်–(Marinaလှလှရီ)တို့၏သမီး၊ Babsie လှလှမြင့်၊ (Cyril အောင်ကြည်)–ဒေါ်စောတင်၊ Cliffy ကျော်ဟိန်၊ Bridget ခင်ခင်စန်း၊ Colin လှကြည်–ဒေါ်နီနီခင်တို့၏တူမ၊ မောင်လင်းမင်းအောင်၊မစုသက်နိုင်တို့၏မိခင်၊ ဦးတင်မောင်ဆွေ၏ဇနီးသည် ၁၉–၈–၂၀၀၄ရက် ည ၁၁:၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၁–၈–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ဗိုလ်အောင်ကျော်လမ်း စိန်မေရီဘုရားရှိခိုးကျောင်း၌ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့်
အင်ဂျင်နီယာဆောက်လုပ်ရေး(ငြိမ်း)
အသက်(၈၄)နှစ်

အမှတ် ၃၁၊ ၁၅၃ လမ်း၊ တာမွေမြို့နယ်နေ(ဝဏ္ဏကျော်ထင် ဦးခင်–ဒေါ်ရင်နု)တို့၏သားကြီး၊ ဦးတင်ဝင်း(သစ်လုပ်ငန်း၊ ငြိမ်း) – (ဒေါ်မြမြကြည်)၊ သံအမတ်ကြီး ဦးသန်းလွင်(ငြိမ်း)–ဒေါ်မြမြခင်၊ (ဒေါက်တာကျော်ဇင်)–ဒေါ်တင်တင်ခင်(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)၊ (ဦးမောင်မောင်သန်း၊ နိုင်ငံခြားရေးဌာန) – ဒေါ်သိန်းသိန်းခင်(J.A.T ငြိမ်း)တို့၏အစ်ကိုကြီးသည် ၂၀–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၈–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမောင်နှမများ။

ဦးထွန်းကျော်(ခ)ဦးကျော်ဦး
သာသနာရေးဦးစီးဌာန(ငြိမ်း)
အသက်(၈၀)

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ ပြားကြီးရွာနေ(ဦးပု–ဒေါ်ငွေခိုင်)တို့၏သား၊ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ ၈ လမ်း၊ အိမ်အမှတ် ၂၆၇နေ ဒေါ်ခင်ညွန့်၏ခင်ပွန်းဦးလွင်ဦး (ဦးစီးအရာရှိ၊ လူမှုဝန်ထမ်းဦးစီးဌာန)–ဒေါ်အေးအေးမော် (ဌာနစိတ်မှူး၊ လူမှုဝန်ထမ်းဦးစီးဌာန)တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၁–၈–၂၀၀၄ရက် နံနက် ၃:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃–၈–၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာကြီး ဦးစောစနိုးဘောလုံးလီ
(တောင်ငူ)
(တောင်ငူနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ နည်းလှည့်ဓမ္မအမှုတော်ဆောင်)
အသက်(၇၈)နှစ်

တောင်ငူမြို့၊ အင်းဝိုင်းကျေးရွာနေ (သိက္ခာတော်ရ ဆရာစောလုံးလီ–နော်စိမ်းမြ)တို့၏သား၊ (ဗိုလ်မှူးနော်မော်လီလုံးလီ၊ ငြိမ်း)၏မောင်၊ ဆရာစောအဲဖရက်–(စစ္စတာနော်ထရီးလေ)၊ သိက္ခာတော်ရ ဆရာ စောစင်းမစင်လုံးလီ–စစ္စတာနော်မူကြည်၊ စစ္စတာ နော်ဂလိုရီယာ–(ဦးတင်ဝင်း)၊ဆရာမကြီး နော်ဖရင့်ရှီစ်လုံးလီ၊သိက္ခာတော်ရဆရာ စောအယ်ဒီလုံးလီ၊ဆရာမနော်အဲလစ်တို့၏အစ်ကို (ဆရာမကြီးနော်ဗျူရာ)၏ခင်ပွန်း၊(ဆရာမနော်ကက်သရင်း) – ဦးစောပေါလ်၊ စောခဲလ်လဗင်–နော်ဂရေ့စ် (လဝက၊ ရန်ကုန်)၊ စောကလိုထူး–နော်ရှားဖော၊ စောချာလီ–စစ္စတာနော်ဖဲထူး၊ နော်အယ်လီနာ၊ နော်ဂျူးဝဲလ်–ဦးတင်စိုး၊ နော်ပိစ်–ဦးမျိုးနောင်၊ (စောမြင့်သိန်း)တို့၏ဖခင်၊ မြေး ၂၇ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၁–၈–၂၀၀၄ရက် (စနေနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃–၈–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် တောင်ငူမြို့ တြိနတီနှစ်ခြင်းခရစ်ယာန်အသင်းတော်၌ဈာပနဝတ်ပြုဆုတောင်းခြင်းပြုလုပ်ပြီး တောင်ငူမြို့အနောက်ခရစ်ယာန်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဇရပ်၊ ရေကန်ဒါယိကာမကြီး
ဒေါ်ကြည်ကြည်တင်
(မန္တလေးမြို့)
လှည်းယဉ်ဆီးတော်ဖီလုပ်ငန်း
အသက်(၆၀)

(ဦးသက်တင်–ဒေါ်လှရီ)တို့၏သမီးကြီး၊ ဒေါ်စိုးစိုးသိန်း၊ ဦးမောင်မောင်အုန်း–ဒေါ်မြမြဝင်း၊ ဦးအုန်းကျော်–ဒေါ်ညွှန့်ညွှန့်တင်၊ ဦးသက်ဝင်း–ဒေါ်စန္ဒာဝင်း၊ ဦးစိုးမင်း–ဒေါ်စုစုတင်၊ ဦးကျော်နိုင်–ဒေါ်ချိုချိုနွဲ့၊ ဦးသောင်းလင်း– ဒေါ်တင်တင်ဝင်းတို့၏အစ်မကြီး၊ တူ တူမ ၂၄ ယောက်တို့၏ကြီးတော်၊ မြေးခြောက်ယောက်တို့၏အဘွား၊ မန္တလေးမြို့၊ လမ်း ၂၀၊ ၈၂ x ၈၃ လမ်းကြား၊ အမှတ် ၁၀၉နေ ဦးပြန့်ကြည်(လှည်းယဉ်ဆီးတော်ဖီလုပ်ငန်း)၏ဇနီးသည် ၂၀–၈–၂၀၀၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တဥတ္တမ
သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄)ဝါ

ပဲခူးမြို့၊ ဗိုလ်ကုန်း(၁၈)ရပ်ကွက်၊ ဥတ္တမသီရိကျောင်းတိုက် ပဓာနနာယက အရညဝါသီ ရွှေကျင်နိကာယရတ္တညူနာယက ဆရာတော် ဘဒ္ဒန္တဥတ္တမသည် ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၄ ရက် ညနေ ၃ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၁၀ ရက် (၂၅–၈–၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ မွန်းတည့် ၁၂ နာရီတွင် ဆင်ဖြူကွင်းသုသာန်၌ အန္တိမအဂ္ဂိစျာပန ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများအား သိစေအပ်ပါသည်။ တပည့်ဒါယကာ၊ဒါယိကာမများ၊ဥတ္တမသီရိကျောင်းတိုက်။

သီလရှင်ဆရာကြီး
ဒေါ်ပညာဝတီ(ခ)ဒေါ်ပြုံး
(မလှိုင်မြို့၊ မုံပင်လေးရွာ)
မင်းကွန်းတောရကျောင်းတိုက်
ဇရပ်အမှတ်(၅၆)
အင်းလျားမြိုင်လမ်း၊ဗဟန်း
အသက်(၈၆)နှစ်

၂၀–၈–၂၀၀၄ရက် ည ၈ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၂–၈–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ဒါယကာ၊ဒါယိကာမများ။

ဒေါ်ခင်ကြည်
အထပြ(ငြိမ်း)၊(အထက–၂၊ လှိုင်)
အသက်(၇၉)နှစ်

ရန်ကုန်မြို့နေ (ဦးကြင်ပို–ဒေါ်မြသိန်း)၊ (ဦးကြင်ပု–ဒေါ်လှတင်)တို့၏သမီး၊ (ဦးစွေ့ဟန်)၏ဇနီး၊ (ဦးတင်မောင်–ဒေါ်ခင်ညွန့်)၊ ဒေါ်ညွန့်တင်၊ (ဦးညွန့်မောင်)တို့၏ညီမ၊(ဦးသိန်းဟန်–ဒေါ်ခင်ညို)၊ (ဦးခင်မောင်)–ဒေါ်ခင်အေး၊ ဦးသန်းတင်–ဒေါ်ခင်မာကြည်၊ (ဗိုလ်မှူးခင်သိန်း၊ငြိမ်း)–ဒေါ်သန်းသန်း၊ ဒေါ်ခင်စန်းအေး၊ ဦးအောင်ခင်–ဒေါ်ခင်ထွေးရီ၊ ဦးသက်လွင်–ဒေါ်ခင်မေလွင်တို့၏အစ်မသည် ၂၀–၈–၂၀၀၄ရက် (သောကြာနေ့) ည ၈:၄၅ နာရီတွင် တိုက်အမှတ် အေ–၁၊ အခန်း ၇၀၇၊ ရွှေဂုဏ်သူအိမ်ရာ၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးကျော်စိန်(ခ)အမဲ
(ပြည်နယ်တရားရုံး၊စစ်တွေမြို့)
အသက်(၅၉)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ တရားရုံးဝင်းနေ (ဦးကျော်ဖဲ–ဒေါ်ယိုင်စိန်)တို့၏သား၊ (ဦးချစ်ထွန်း)–ဒေါ်ဦးခိုင်တို့၏ သားသမက်၊ (ဦးစံလှမောင်)–ဒေါ်လှကြည်၊ ဒေါ်စိန်ခိုင်၊ ဦးဘူမောင်၊ ဒေါ်ညွန့်စိန်တို့၏အစ်ကို၊ ဒေါ်အောင်မေ၏ခင်ပွန်း၊ ဦးစိန်ထွန်းဦး၊မပေါက်စ၊ မစိန်မြသာ၊ စိန်ထွန်းလှိုင်(ခ)ထွန်းလှိုင်၊မတင်လှိုင်၊မောင်မောင်လှိုင်၊ မရွှေမြသာ၊ မောင်ဖြူလှိုင်တို့၏ဖခင်ကြီး၊ ဇော်လွင်ဦး၊ ဇော်သိန်းထွန်းတို့၏ဦးလေး၊ မခိုင်ခိုင်ဦးတို့၏အဘိုးရှင်သည် ၁၉–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၀–၈–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်း၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

မောင်မျိုးအောင်ထွန်း
(အင်းစိန်)
အသက်(၃၄)နှစ်

အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ၃ လမ်း/မြောက်၊ အမှတ် ၄၀၇နေ ဦးခင်မောင်ဝင်း(အထပြ၊ ငြိမ်း၊ အထက–၃၊ အင်းစိန်) – ဒေါ်လှအေး (အလပြ၊ အလက–၄၊ အင်းစိန်)တို့၏သား၊ တပ်ကြပ်ကြီးအောင်မြင့်ဦး(ရေ)–မခိုင်မိုးဝေ၊ မောင်ကျော်မျိုးနိုင်–မယဉ်ယဉ်မြတ်တို့၏မောင်၊ မောင်ယဉ်မင်းထွန်း၊ မဆုမြတ်မြတ်ထွေးတို့၏အစ်ကို၊ တူ တူမ လေးယောက်တို့၏ဦးလေးသည် ၂၁–၈–၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃–၈–၂၀၀၄ရက် (တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သိန်းညွန့်
အသက်(၉၁)နှစ်

ဧရာဝတီတိုင်း၊ လေးမျက်နှာမြို့နယ်နေ (ဦးစိုး–ဒေါ်ငြိမ်းထွေး)တို့၏သမီး၊ ဦးသောင်းရွှေ၊ ဒေါ်ခင်ကြည်တို့၏အစ်မ၊ ဦးခင်မြင့်–ဒေါ်တင်ရွှေ၊ (ဦးကြွေ–ဒေါ်တင်နု)၊ (ဦးတင်မြင့်–ဒေါ်ခင်ကြွေ)၊ ဒေါ်တင်ဥ၊ ဦးသန်းမြင့်–ဒေါ်ခင်ဝင်း၊ ဦးရဲညွန့်(မိုးဇလ)–ဒေါ်တင်လှိုင်တို့၏မိခင်၊ မရင်စန်း၏အဒေါ်၊ မြေး ၂၅ ယောက်၊ မြစ်၄၃ယောက်၊ တီ၃ယောက်တို့၏အဘွားသည် ၂၀–၈–၂၀၀၄ရက် ည ၁၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၈–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သန်း
လပွတ္တာ(ဗဟိုစည်)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တိုက် ၁၀/၆၄၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ (၆) ရပ်ကွက်နေ (ဦးဖိုးချစ်–ဒေါ်ဖွားရှိန်) တို့၏သမီး၊ (ဦးထွန်းညွန့်)၏ဇနီး၊ ဒေါ်နွဲ့နွဲ့ဝင်း၊ ဒေါ်နွဲ့နွဲ့ရီ(အလက–၁၊ လမ်းမတော်)၊ (မောင်ကိုကို)တို့၏မိခင်၊ ဦးတင်ဝင်း(နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေး)–ဒေါ်ရင်မေခင်၊ ဒေါ်တင်တင်ဝင်း(ပပဝင်းစာပေ၊ လပွတ္တာ)၊ ဒေါ်တင်တင်မြ(တွဲဖက်ပါမောက္ခကျောက်ဆည်)၊ ဦးကန့်စိန် – ဒေါ်သင်းသင်းဌေးတို့၏အဒေါ်၊ မောင်ဝင်းနိုင်ထွန်း၊ မနီလာဝင်း၊ ကောင်းဝေယံ၊ မောင်ထက်အောင်လှိုင်တို့၏ဘွားဘွားကြီးသည် ပြည်ရိပ်မွန်နေအိမ်၌ ၂၁–၈–၂၀၀၄ရက် (စနေနေ့) နံနက် ၇:၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃–၈–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ကြည် (ဝါးခယ်မ)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ဝေဠုဝန်အိမ်ရာစခန်း၊ တိုက် ၁၁၊ အခန်း ၂ နေ (ဦးသန်းလွင်၊ နိုင်ငံခြားရေးဌာန)၏ဇနီး၊ ဦးညီညီ – ဒေါ်ကြည်ကြည်လွင် (သမရုံးချုပ်)၊ ဦးထွန်းမြင့်အောင်–ဒေါ်ခင်ဝင်းလွင်၊ ဦးခင်မောင်ထွေး–ဒေါ်ခင်နှင်းလွင်၊ (ကိုမောင်မောင်လွင်)တို့၏မိခင်၊ မစုစုလွင်(မဟာမြိုင်အထူးကုဆေးခန်း)၊မမြတ်နှင်းဆု၊ မဖြူနှင်းထွေး၊ မဝင်းဟန်နီထွန်းတို့၏အဘွားသည် ၂၀–၈–၂၀၀၄ရက် (သောကြာနေ့) ည ၉:၅၀ နာရီတွင် မဟာမြိုင်ဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၄–၈–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်စိုး (အောင်အောင်)
အသက်(၅၁)နှစ်

သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာရပ်ကွက်၊ ဣစ္ဆာသယလမ်း၊ အမှတ် ၆၅ နေ ဦးမြင့်သိန်း–ဒေါ်ကြည်ကြည်စိန်တို့၏သားကြီး၊ ရွှေပြည်သာမြို့နယ်၊ ဆင်ဖြူပန်းခြံလမ်း၊ အမှတ် ၉/၃ နေ ဦးမောင်မောင်ရင်–ဒေါ်မြင့်သိန်းတို့၏သားသမက်၊ ဒေါ်အေးအေးသိန်း၏ခင်ပွန်း၊ မြစ်ကြီးနားမြို့နေ ဦးအောင်ခိုင်၊ ဒေါ်ငြိမ်းငြိမ်းမြင့်၊ ဦးငြိမ်းချမ်း၊ ဒေါ်သီတာအောင်တို့၏အစ်ကို၊ ကိုသုခ၊ ကိုသုတ၊ ကိုအေးအောင်–မမိမိအောင်တို့၏ဖခင်သည် ၂၁–၈–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁၂:၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃–၈–၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြား သိစေအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488



ကန်တော်ကြီးဥယျာဉ် အဆင့်မြင့် ဘက်စုံတည်ဆောက်ရေးလုပ်ငန်းတွင် တစ်ခုအပါအဝင်ဖြစ်သော ရေပေါ်ရှုခင်းသာပေါ်မှ အပန်းဖြေသူများ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုနိုင်ရန် တည်ဆောက်ထားသည့် ရေပေါ်ရှုခင်းသာအလှကို ရှုမငြီးဖွယ် ဤသို့တွေ့ရသည်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ပြည်သူများအပန်းဖြေနားနေနိုင်ရေး ကန်တော်ကြီးဥယျာဉ်ဘက်စုံစီမံကိန်းလုပ်ငန်း နိုင်ငံတကာအဆင့်မီတည်ဆောက်နေ

ရန်ကုန် ဩဂုတ် ၂၁

မြို့တော်ရန်ကုန်ကို နိုင်ငံတကာမြို့တော်အင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ဘက်စုံထောင့်စုံမှ အဆင့်မြင့်တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❍

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နှစ်၂၅၀၀က ရွှေမျက်နှာဖုံးခွပ်

ဘူဂေးရီးယား ရှေးဟောင်း သုတေသနပညာရှင် ဂျော်ဂျီကီတော့ပ်သည် လွန်ခဲ့သောနှစ် ၂၅၀၀(ဘီစီ၄၀၀-၅၀၀)က ရွှေသားအတိဖြင့် ပြုလုပ်ခဲ့သည့် မျက်နှာဖုံးစွပ်ကို ဘူဂေးရီးယားနိုင်ငံ၌ ရှာဖွေတွေ့ရှိခဲ့ရာ ဘူဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့အရှေ့ဘက်ကီလိုမီတာ၂၀၀ရှိ ရှစ်ပ်ကာမြို့တွင် ထုတ်ဖော်ပြသခဲ့သည်။**(အပေါ်ပုံ) (ဓာတ်ပုံ-အင်တာနက်)**



မြွေလမ္ဘာယ်ကစားပြသော ခြောက်နှစ်သားလေး

အိန္ဒိယနိုင်ငံ အာလာဟာဘက်မြို့၏ တောင်ဘက် ၂၅မိုင်အကွာရှိ ကာပါဒီကျေးရွာတွင် အာဗင်နာ့သ်ဆိုသူ အသက်ခြောက်နှစ်အရွယ် ကလေးတစ်ဦးသည် အဆိပ်ပြင်းသော မြွေဟောက်တစ်ကောင်နှင့် ဩဂုတ်၂၀ရက်က မြွေလမ္ဘာယ်ကစားပြခဲ့သည်။ **(ဝဲပုံ)**

(ဓာတ်ပုံ-အင်တာနက်)

အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲ အုပ်စု(က)ဒုတိယပွဲစဉ် မြန်မာနှင့်အိန္ဒိယအသင်းတို့ ယနေ့ယှဉ်ပြိုင်ကစားမည်

သတင်းဆောင်းပါး - ကိုဇွေး

ရန်ကုန် ဩဂုတ် ၂၁

၂၀၀၄ ခုနှစ် အယ်လ်ဂျီဖလား (LG Cup)ဘောလုံးပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပလျက်ရှိရာ ဩဂုတ် ၂၂ ရက်**(ယနေ့)** မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် အုပ်စု(က)ဒုတိယပွဲစဉ်အဖြစ် မြန်မာနှင့် အိန္ဒိယတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဩဂုတ် ၂၀ ရက်က အုပ်စု(က) ပထမပွဲစဉ်အဖြစ် မြန်မာနှင့် အိမ်ရှင်ဗီယက်နမ်တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အိမ်ရှင်ဗီယက်နမ်က ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု(က)၌ အိမ်ရှင်ဗီယက်နမ်က တစ်ပွဲနိုင် (၃)မှတ်ရရှိထား၍ အုပ်စုတက်ရန် အလားအလာကောင်းနေပြီး မြန်မာအသင်းက တစ်ပွဲရှုံး အမှတ်မရသေး၍ ယနေ့ပွဲစဉ်၌ အနိုင်ကစားမှသာ အုပ်စုတက်ရန် မျှော်လင့်ချက်ရှိမည်ဖြစ်သည်။

မြန်မာအသင်း

မြန်မာအသင်းသည် အုပ်စုပထမပွဲစဉ်၌ အိမ်ရှင်ဗီယက်နမ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရာ ပထမပိုင်း၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဆင့် တစ်ဂိုးပေးခဲ့ရသလို အလယ်တန်းလူစန်းမောင် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံရပြီး ပွဲချိန် ၃၇ မိနစ်နောက်ပိုင်းတွင် ၁၀ ဦးတည်းဖြင့် ကစားခဲ့ရသည်။အိမ်ရှင်ဗီယက်နမ်အသင်းသည် မိမိကွင်း၊ မိမိပရိသတ်ရှေ့မှောက် ကစားရခြင်းဖြစ်၍ အားသာချက်ရှိနေသလို ကွင်းလယ်ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်များကလည်း အိမ်ရှင်အသင်းအတွက် အခွင့်သာမှု ရစေခဲ့သည်။ စာမျက်နှာ ၁၂ ကော်လံ ၁ ■

ဂေါက်သီးရိုက်အဖွဲ့ အင်ဒိုနီးရှားထွက်ခွာ

ဩဂုတ် ၂၁ ရက်က (၄၄) ကြိမ်မြောက် အရှေ့တောင်အာရှအသင်းလိုက် တံခွန်စိုက်ပူထရာဖလားဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အပျော်တမ်း ဂေါက်သီးရိုက်အသင်း အင်ဒိုနီးရှားနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

(သတင်း-၁၂)

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

စက်သုံးဆီ ချွေတာရေး

- ✻ ကားတစ်စီး တစ်လစက်သုံးဆီတစ်ဂါလန် ချွေတာလျှင် နိုင်ငံခြားငွေတစ်ဒေါ်လာ သက်သာမည်။
- ✻ မြန်မာနိုင်ငံတွင် ကားစီးရေ ၄၅၅၈၂၂စီး ရှိသဖြင့် တစ်နှစ်လျှင် နိုင်ငံခြားငွေ ၅.၅ သန်း သက်သာမည်။
- ✻ ထိုငွေဖြင့် ရောဝတီမြစ်ကူးတံတားကြီး တစ်စင်း တည်ဆောက်နိုင်ပါသည်။

အီရတ်ပြောက်ကျားနှင့် ကန်တပ်ဖွဲ့ဝင်များ နာဂျက်ဖ်မြို့၌တိုက်ပွဲများဖြစ်ပွား ၂၄နာရီအတွင်း လူ၇၇ဦး သေဆုံးပြီး ၇၀ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဩဂုတ် ၂၁

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ပြီးခဲ့သည့် ၂၄နာရီအတွင်း အီရတ်ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များတိုက်ပွဲဖြစ်ပွားမှုကြောင့် အနည်းဆုံးအီရတ် ၇၇ ဦး သေဆုံးခဲ့ရပြီး ၇၀ ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ကျန်းမာရေးဝန်ကြီးဌာနက သောကြာနေ့၌ ပြောကြားသည်။ အဆိုပါအချိန်ကာလအတွင်း ဘာဆာရာမြို့တွင် အီရတ်ပြည်သူတစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဘဂ္ဂဒက်မြို့တွင်လည်း အီရတ်ပြည်သူ ၁၃ဦးသေဆုံးခဲ့ပြီး ၁၀၇ ဦးဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ စာမျက်နှာ ၁၁ ကော်လံ ၁ ●